ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 9 November 2017 ၉၁၀၃


# UNFC အဆိုပြုထားသည့် အချက်များမှ သဘောတူရန် ကျန်ရှိသည့်အချက်များကို ဆက်လက်ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၈

**ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ သတ္တမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ငြိမ်းချမ်းရေးဖြစ်စဉ်များသည် တိုးတက်မှုရှိလာကြောင်း၊ ယင်းသို့တိုးတက်လာသည့် ဖြစ်စဉ်များအပေါ် ယနေ့ တက်ရောက်လာကြသော နှစ်ဖက်ခေါင်းဆောင်များက ကဏ္ဍအလိုက် ဝိုင်းဝန်းပံ့ပိုးကာ နိုင်ငံတော်တိုးတက်ရေးနှင့် နိုင်ငံတစ်ဝန်း မီးတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ လိုအပ်နေသော ငြိမ်းချမ်းရေးကို ပူးပေါင်းလုပ်ဆောင်ပေးစေလိုကြောင်း၊ အားလုံးစည်းစည်းလုံးလုံးဖြင့် ငြိမ်းချမ်းရေးပန်းတိုင်ခရီးအတွက် ယခုအစည်းအဝေးမှ နှစ်ဖက်ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးအဖြေရှာကာ ငြိမ်းချမ်းရေးပန်းတိုင်ဖြစ်သော NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ရေးကို ကြိုးစားပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)တို့အကြား NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးလာသည်မှာ ၁၅ လအတွင်း ရှစ်ကြိမ်ခန့် ရှိလာပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် တွေ့ဆုံဆွေးနွေးမှုတွင် မပြီးပြတ်ခဲ့ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် တပ်ပိုင်းဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ တပ်နေရာချထားမှုများ၊ ကြားကာလ ဆောင်ရွက်ချက်ကိစ္စများ၊ နိုင်ငံခြားသားပါဝင်မှု အခန်းကဏ္ဍ ကိစ္စများနှင့် ပတ်သက်သည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒီဇင်ဘာလတွင် ကျင်းပမည်



(၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား ကျောက်မျက်ကုန်သည်များ ကြည့်ရှုနေကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီမှ ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်စိမ်း တူးဖော်ရေးဌာန (လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနား၊ ခန္တီး၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**


လျှပ်စစ်သုံးစွဲခများ အကြွေးတင် ကျန်ရှိနေရခြင်း၊ မီတာခ ခန့်မှန်းကောက်ယူခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး
စာမျက်နှာ - ၅

မြောက်ဦးမြို့ကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး ၂၀၁၈ ခုနှစ်အတွင်း စာရင်းတင်သွင်းရန် ဆောင်ရွက်လျက်ရှိ
စာမျက်နှာ - ၅

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ
စာမျက်နှာ - ၈

စည်းကမ်းပျက် YBS ယာဉ်လိုင်းများအား လိုင်းပိတ်သိမ်းကာ ယာဉ်အသစ်များဖြင့် အစားထိုးပြေးဆွဲမည်
စာမျက်နှာ - ၇

ပြင်ဦးလွင် ပန်းပွဲတော် ပန်းမျိုးစုံနှင့် ရုပ်လုံးရုပ်ကြွများဖြင့် ပြသမည်
စာမျက်နှာ - ၁၆





ကြေးမုံ

# ခိုင်မြဲသော သန္နိဋ္ဌာန်ဖြင့် ရင်ဆိုင်ကျော်လွှား

နိုဝင်ဘာလ ၆ ရက်နေ့က ပြုလုပ်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတွင် လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်အပေါ် မြန်မာအစိုးရအနေဖြင့် လက်ခံကျေနပ်ခြင်းမရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက နိုဝင်ဘာလ ၇ ရက်နေ့က သတင်းထုတ်ပြန်ချက် ထုတ်ပြန်ကာ တုံ့ပြန်လိုက်သည်။

လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်သည် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ရင်ဆိုင်နေရသော ပြဿနာများအား အပြန်အလှန် ဆွေးနွေးကာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုဖြင့် ဖြေရှင်းမှသာ အောင်မြင်မှုရနိုင်သည်ဟူသောအချက်ကို လျစ်လျူရှုထားပြီး အဆိုပါထုတ်ပြန်ချက်ကြောင့် နှစ်နိုင်ငံအကြား ချောမွေ့စွာသွားနေသည့် စေ့စပ်ဆွေးနွေးမှုများအား ထိခိုက်စေမည့် အန္တရာယ်ရှိနေပါသည်။

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအား လုံခြုံရေးကောင်စီဥက္ကဋ္ဌအနေဖြင့် မျက်ကွယ်ပြုထားပြီး တစ်ဖက်သတ်အမြင်ဖြင့် ၎င်းတို့လိုလားသည့်အချက်များကိုသာ ဦးစားပေး၊ တွန်းအားပေးနေသဖြင့် အဆိုပါထုတ်ပြန်ချက်အား ကန့်ကွက်ရှုတ်ချသင့်ပေသည်။ ထိုနေ့ကပြုလုပ်သော လုံခြုံရေးကောင်စီ တံခါးဖွင့်အစည်းအဝေးတွင် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ရန် ကြိုးပမ်းခဲ့သော်လည်း သဘောတူညီမှုမရခဲ့သဖြင့် ဥက္ကဋ္ဌ၏ထုတ်ပြန်ချက်ကိုသာ အတည်ပြုချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါထုတ်ပြန်ချက်သည် ပြဿနာဖြေရှင်းရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေမှုများအား အထောက်အကူမဖြစ်ဘဲ မတူကွဲပြားသော ဘာသာရေးအသိုက်အဝန်းများအကြား ပိုမိုကွဲပြားမှုများ၊ တင်းမာမှုများ မြင့်မားစေနိုင်သည်။ မြန်မာနိုင်ငံအပေါ်တွင် နိုင်ငံတကာ၏ဖိအားများ မလိုလားအပ်ဘဲ တိုးပွားလာနိုင်သည့်အပြင် ကုလသမဂ္ဂနှင့်အခြားသောအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများကိုပါ ထိခိုက်စေနိုင်သည်ကို သတိမမူဘဲ ဖိအားပေးပြောဆိုမှုများမှာ စိတ်ပျက်ဖွယ် ဖြစ်ပါသည်။

လက်တွေ့တွင်လည်း ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ထပ်တလဲလဲဖြစ်နေမှုနှင့် ဘဏ္ဍာငွေအလွန်အကျွံသုံးစွဲမှုတို့ကို ရှောင်ရှားကြရန် ၎င်းတို့၏အဖွဲ့ဝင်များအပါအဝင် ကိုယ်စားလှယ်များက ဝေဖန်ထောက်ပြ ပြောဆိုနေချိန်တွင် မြန်မာနိုင်ငံအရေးကိုသာ ပုံကြီးချဲ့၍ အကြိမ်ကြိမ်ပြောဆိုနေသည်မှာ လျော်ကန်သင့်မြတ်ခြင်းမရှိချေ။

လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအပေါ် တရားမျှတမှုမရှိသော ဖိအားပေးပြောဆိုမှုများကိုသာ ထပ်တလဲလဲ ပြောဆိုနေခဲ့ပြီး ပြဿနာ၏မူလဇာစ်မြစ်ဖြစ်သည့် အစွန်းရောက်အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုမူ စိုးစဉ်းမျှပြောခြင်း၊ ဆိုခြင်းမရှိသည်မှာ သမာသမတ်မကျသည့် သဘောဆောင်ပေသည်။ ယခုတစ်ဖန် ပြောဆိုမှုများသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် သဘောဆောင်နေပြီး ပြဿနာဖြေရှင်းရေးကို ရှေးရှုခြင်းမရှိသဖြင့် လုံခြုံရေးကောင်စီ၏ အခြေခံမူများနှင့် လွဲချော်နေပါသည်။

မြန်မာနိုင်ငံအနေဖြင့် တရားမျှတမှုမရှိသော ပြောဆိုပြစ်တင်မှုများအား ကန့်ကွက်သွားမည်ဖြစ်သလို မိမိတို့၏ လုပ်ငန်းစဉ်များ အောင်မြင်အောင်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ထိခိုက်စေမည့် မည်သည့် ထိပါးမှုမျိုးကိုမဆို လက်မခံဖယ်ရှားသွားမည်သာဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအပေါ် အကျိုးထက် အဆိုးကိုသာဖြစ်စေနိုင်သော ပြောဆိုမှုများ၊ ဖိအားပေးမှုများ၊ နှောင့်ယှက်ဟန့်တားမှုများ မည်သို့ပင်ရှိနေစေကာမူ မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားပြည်သူများအားလုံး တလုံးတစည်းတည်း လက်တွဲကာ ရခိုင်ပြည်နယ်သာမက ပြည်ထောင်စုကြီးတစ်ခုလုံး ရေရှည် တည်တံ့မည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာအောင် ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဟု သန္နိဋ္ဌာန်ပြုထားပါသည်။ ။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၈**

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပရာ အခမ်းအနားတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌနှင့်အတူ ဗဟိုကော်မတီဝင်များ၊ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ယင်းအစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ မြေခွန်တော်ကောက်ခံသူ အရာရှိများ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းသတ်မှတ်ခြင်း၊ လက်ရှိအစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများနှင့်ပတ်သက်၍လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏(၃/၂၀၁၆)အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် အမှုတွဲများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယခင်ဗဟိုအဖွဲ့က ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများအား ပြန်လည် အပ်နှံခွင့်ပြုပါရန် တင်ပြလျှောက်ထားလာခြင်း၊ ကန့်ကွက်လွှာ တင်သွင်းလာခြင်း၊ သတ်မှတ်ကာလ (၄)နှစ် ပြည့်မြောက်ချိန်အထိ မြေပြင်၌ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော လုပ်ကိုင်ခွင့် ပြန်လည်ရုပ်သိမ်းရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တင်ပြလာသည့် အမှုတွဲများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆင်ပေါင်ဝဲမြို့နယ် မြစိမ်းရောင်ကော်မတီအဖွဲ့ အသင်းသားများသို့ ပြန်လည်ထုတ်ချေး



**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၂၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကျေးရွာများအနက် လယ်ကျိုးကျေးရွာအုပ်စု ရွာသစ်ကျေးရွာသည် မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ၁၀ လပိုင်းတွင် တတိယစက်ဝန်းပြည့်ပြီးဖြစ်၍ အတိုးရငွေ စုစုပေါင်း ငွေကျပ် ၁၀၆ သိန်း ရရှိခဲ့ပြီး ဖြစ်သည်။

မြစိမ်းရောင် အကောင်အထည်ဖော်ရေးလက်စွဲစာစောင်တွင် အတိုးရငွေ စုစုပေါင်းငွေကျပ်သိန်း ၁၀၀ ရရှိပါက အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းအား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည်ဟု ညွှန်ကြားထားသော်လည်း ကျေးရွာသူ ကျေးရွာသား၊ အသင်းသူ အသင်းသားများ၊ ကျေးရွာမြစိမ်းရောင်ကော်မတီအဖွဲ့များ၏ သဘောတူညီချက်အရ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်လိုခြင်းမရှိဘဲ အတိုးရငွေကျပ် ၁၀၆ သိန်းနှင့် မတည်ငွေကျပ်သိန်း ၃၀၀ စုစုပေါင်းငွေကျပ် ၄၀၆ သိန်းအား အသင်းသားဦးရေ ၁၀၈ ဦးသို့ နိုဝင်ဘာ ၇ ရက်တွင် ပြန်လည်ထုတ်ချေးခဲ့ရာ မြို့နယ်မြစိမ်းရောင်ကော်မတီအဖွဲ့က စာရင်းဇယားများ မှန်ကန်ရေး၊ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

### မြစိမ်းရောင် အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**သန်လျင် နိုဝင်ဘာ ၈ ။** ။သန်လျင်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ငပကျေးရွာ၊ ညောင်လေးပင်ကျေးရွာ၊ ဖားကူးအရှေ့ကျေးရွာတို့တွင် မြစိမ်းရောင် အတိုးရငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ Slab Culvert တည်ဆောက်ခြင်းလုပ်ငန်း စသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀ မန္တလေး(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၄၅/၇၅၅ ကျပ်၊ | ၇၇၅/၇၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၉၅/၈၀၀ ကျပ်၊ | ၈၉၅/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၇၆၀ ကျပ်၊ | ၈၀၅/၈၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၆၅/၇၇၅ ကျပ်၊ | ၇၉၅/၈၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၁၅/၇၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၂၅/၇၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၃၀ ကျပ်

**နိုင်ငံခြားငွေ လဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၁.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅.၈၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁.၂၃၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၉၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၁၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၆.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၈၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

☆ **ရှေ့ဖုံးမှ**

JMC လုပ်ငန်းကိစ္စများကို ပြေပြေလည်လည်ဖြစ်စေရန် ညှိနှိုင်းသွားမည်ဖြစ်ကြောင်း။

ယနေ့ ဆွေးနွေးပွဲတွင် JMC ကော်မတီမှ အဖွဲ့ဝင်များပါဝင်တက်ရောက်သည့်အတွက် JMC လုပ်ငန်းဆိုင်ရာနှင့် ပတ်သက်သော မကျေလည်မှုများ၊ မရှင်းလင်းသည့် မေးခွန်းများအား EAOs များဘက်မှ မေးမြန်းခဲ့လျှင်လည်း ကျေလည်သည်အထိ ပြန်လည်ရှင်းလင်းဖြေကြားသွားမည် ဖြစ်ကြောင်း၊ အချို့သောလုပ်ငန်းများသည် NCA လက်မှတ်ရေးထိုးပြီးသော အဖွဲ့များနှင့် ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ကြားကာလအစီအစဉ် လုပ်ငန်းများတွင်လည်း NCA လက်မှတ်ရေးထိုးပြီးသောအဖွဲ့များနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်နေရာချထားရေးအစီအစဉ်မှာလည်း ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ယင်းအခြေအနေများကို ရှေ့ဆက်၍ မည်သို့မည်ပုံ ဆောင်ရွက်သွားမည်ဆိုသည်ကို နှစ်ဖက်ချမှတ်ထားသည့် မူဝါဒများရှိသည့်အတွက် ပြေပြေလည်လည် ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တပ်ပိုင်းဆိုင်ရာ JMC လုပ်ငန်းများတွင် မသိသေးသောအချက်များကို ရှင်းလင်းသွားမည်ဖြစ်ပြီး နိုင်ငံတော်၏ ငြိမ်းချမ်းရေးမဟာဗျူဟာဖြစ်သော NCA စာချုပ်အား အတူတကွ လက်မှတ်ထိုးနိုင်ရေးဆန္ဒပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) အဖွဲ့ခေါင်းဆောင် ခူဦးရယ်က အဆိုပြုချက် အချက်ကိုးချက်တွင် ဆွေးနွေးရန်အဓိကကျန်ရှိနေသေးသော အဆိုပြုချက်အချက် နံပါတ် ၅ ပါ စစ်ဘက်ဆိုင်ရာကိစ္စရပ်များအား အကျယ်ချဲ့ကာ အသေးစိတ်ဆွေးနွေးနိုင်ရန် ယနေ့ ဆွေးနွေးပွဲတွင် DPN အဖွဲ့အနေဖြင့် တာဝန်ရှိသူများပါဝင်ပါကြောင်း၊ အဆိုပြုချက် အချက်ရှစ်ချက်၏ အချက်နံပါတ် ၅ တွင်ပါဝင်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စများနှင့် နီးနွယ်သော အကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ PC နှင့် DPN တို့ တွေ့ဆုံဆွေးနွေးလာကြသည်မှာ ယခုအကြိမ်တွင် ခုနစ်ကြိမ်ထက်မနည်း ရှိလာပြီဖြစ်သောကြောင့် တစ်ဖက်နှင့်တစ်ဖက် သဘောထားအမြင်များကို နားလည်မှုရှိနေကြပြီဟု ယူဆရကြောင်း၊ နားမလည်နိုင်သေးသည့်အချက်များ မရှိနိုင်တော့ဟု မှတ်ယူမိကြောင်း၊ သို့သော် နားလည်ရုံဖြင့် မဟုတ်ဘဲ အခြေခံအားဖြင့် မည်သို့သဘောတူညီချက်ရရှိနိုင်မည်ဆိုသည်ကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ၁၅ လဆိုသောအချိန်သည် အလွန်ကြာညောင်းလှသည့်ကာလဖြစ်ပြီး ဆွေးနွေးနေသောအချက်သည် ရှစ်ချက်သာလျှင်ရှိကြောင်း၊ ယခုသဘောတူညှိနှိုင်းမှုရရှိရေးဆွေးနွေးပွဲအား နောက်ဆုံးအကြိမ်ဆွေးနွေးသည့် အစည်းအဝေးဖြစ်ရန်မှာ နှစ်ဖက်တွေ့ဆုံဆွေးနွေးကြသော ခေါင်းဆောင်များ၏ လက်ထဲတွင်သာရှိကြောင်း၊ အဖြေရှာဆွေးနွေးသည့်အခါတွင်လည်း တူညီသောသဘောထားများအား တက်လှမ်းကာ ဆုံးဖြတ်ချက်ချ၍ အဖြေရှာနိုင်စေလိုကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ(UNFC)က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA ) လက်မှတ်ရေးထိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည့် အချက်ကိုးချက်အနက် သဘောတူရန်ကျန်ရှိနေသည့် အချက်များနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ NCA လက်မှတ်ရေးထိုးနိုင်ရေးကိစ္စများနှင့် အထွေထွေကိစ္စရပ်များကို ခေါင်းစဉ်အလိုက် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ဦးနိုင်ငံလင်းနှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)မှ အရပ်သားကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ Re.v စောမက်သရူးအေးနှင့်အဖွဲ့ဝင်များ၊ DPN မှ အဖွဲ့ခေါင်းဆောင် ခူဦးရယ်၊ ဒုတိယအဖွဲ့ခေါင်းဆောင် နိုင်အောင်မငေးနှင့် အဖွဲ့ဝင်များ၊ လေ့လာသူများအဖြစ် NCA လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ ပဒိုစောကွယ်ထူးဝင်း၊ ရဲဘော်သံခဲတို့ အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၊ အကျိုးဆောင်အဖွဲ့များနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးမှ ဆွေးနွေးရန်ကျန်ရှိနေသော အချက်များအား နိုဝင်ဘာ ၉ ရက် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# မန္တလေးမြို့တွင် ငြိမ်းချမ်းရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ငြိမ်းချမ်းရေးမီးထွန်းပွဲတော်နှင့် လမ်းလျှောက်စာအုပ်ဈေးပွဲတော်ဖွင့်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးမြို့ ကျုံးအရှေ့ဘက် ၆၆ လမ်းပေါ်တွင် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီက ကြီးမှူး၍ ငြိမ်းချမ်းရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်ထိ ကျင်းပမည်ဖြစ်ရာ ငြိမ်းချမ်းရေးမီးထွန်းပွဲတော်နှင့် လမ်းလျှောက်စာအုပ်ဈေးပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၈ ရက် ညနေ ၅ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။



ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာ ယုယုမေ၊ အစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီအဖွဲ့ဝင်များ၊ စာပေချစ်မြတ်နိုးသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါဖွင့်ပွဲတွင် ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က"ငြိမ်းချမ်းရေးအတွက် အဓိကလုပ်တာပါ၊ ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ရွာမှာ လုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးစကားဝိုင်းကို တစ်နိုင်ငံလုံးက နှစ်သက်လက်ခံကြတယ်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လုပ်တာကြောင့် ထောက်ခံကြတာဖြစ်သလို နိုင်ငံရဲ့ အဓိကလိုအပ်နေတဲ့ ငြိမ်းချမ်းရေးဆိုတာဘာလဲဆိုတဲ့အခြေခံကို နှစ်နှစ်ကာကာသိအောင်ပြုလုပ်တာဖြစ်လို့ နှစ်သက်ကြတာပါ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးရှိဖို့ပါ၊ တည်ငြိမ်အေးချမ်းမှုမရှိဘူးဆိုရင် ငြိမ်းချမ်းရေးပျက်သုဉ်းတာပဲ၊ ငြိမ်းချမ်းရေးမရှိဘဲ ဒီမိုကရေစီနိုင်ငံထူထောင်လို့မရဘူး။ ဒါကြောင့် ကျွန်တော်တို့ ငြိမ်းချမ်းရေးကို အဓိကထား လုပ်ဆောင်နေပါတယ်၊ နောက်မျိုးဆက်သစ်တွေအတွက် ဖွံ့ဖြိုးတိုးတက်အောင် ပညာရေးမြင့်မားအောင် ငြိမ်းချမ်းရေးကို ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြပါ"ဟု အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီဝင်များနှင့် တက်ရောက်လာသူများက ပွဲတော်အတွင်းရှိ စာအုပ်ဆိုင်များ၊ အမှတ်တရ အရောင်းဆိုင်များ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုများနှင့် ငြိမ်းချမ်းရေးအထိမ်းအမှတ်မီးထွန်းညှိမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ငြိမ်းချမ်းရေးအထိမ်းအမှတ်ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အဆိုပါကျုံးအရှေ့ဘက်တစ်လျှောက်တွင် နိုဝင်ဘာ ၈ ရက်မှ၁၀ ရက်ထိ အပြာရောင်ချိုင့်ကွက်မီးပုံးအလုံး ၃၀၀ ကို ချိတ်ဆွဲထွန်းညှိကြပြီး ရန်ကုန်နှင့် မန္တလေးမြို့မှ စာအုပ်ဆိုင်ပေါင်း ၁၀၄ ဆိုင်မှ စာအုပ်များအထူးလျှော့ဈေးဖြင့် ရောင်းချနေသည့်အပြင် အောင်သမာဓိရွှေဆိုင်နှင့် ဆွေမျိုးများက စာအုပ်စတုဒိသာအဖြစ် တစ်ဦးလျှင် စာအုပ်တစ်အုပ်နှုန်းဖြင့် တစ်ရက်လျှင် စာအုပ် ၂၀၀၀ ကို အခမဲ့ဖြန့်ဝေခြင်းနှင့် အလှူရှင်များ၏ မြန်မာ့ရိုးရာအစားအစာများဖြင့် စတုဒိသာကျွေးမွေးမှုများလည်း ပါဝင်ကြောင်း သိရသည်။

ထို့အပြင် အခြေခံပညာကျောင်းများမှ အလယ်တန်း၊ အထက်တန်းများအဆင့် ငြိမ်းချမ်းရေးစာစီစာကုံးပြိုင်ပွဲနှင့် ကျောင်းများတွင် ရွှေ့လျားနံရံကပ်စာစောင်အဖြစ် ကာတွန်းနှင့် ဆောင်းပါးများကို ဗီနိုင်းရေးဆွဲပြီး ၂၈ မြို့နယ်မှ ကျောင်းများတွင် နှစ်ရက်စီပြသ၍ ငြိမ်းချမ်းရေးအသိများပေးခဲ့ကြောင်း၊ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲတွင် ကိုလေး(အင်းဝဂုဏ်ရည်)၊ မသီတာ(စမ်းချောင်း)၊ ဦးသိန်းသန်းဦး၊ ဦးမင်းကိုနိုင်၊ အမျိုးသမီးလူ့အခွင့်အရေးမှ ဒေါ်ခင်မမမျိုးတို့က ဟောပြောမည်ဖြစ်ပြီး ငြိမ်းချမ်းရေးပဒေသာကပွဲပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မျက်မမြင်လက်စမ်းစာပေ နှစ် (၁၀၀) ပြည့်အခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံရှိ မျက်မမြင်များအတွက် မျက်မမြင်လက်စမ်းစာပေထွန်းကားပေါ်ပေါက်ခြင်းနှင့် အဖေကြီး(ခေါ်) Father JackSon နှစ် (၁၀၀) ပြည့်အခမ်းအနားကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

"လွန်ခဲ့တဲ့နှစ် ၁၀၀ က မြန်မာနိုင်ငံကို အင်္ဂလိပ်လူမျိုး မျက်မမြင်တစ်ယောက်ဖြစ်တဲ့ Father JackSon ရောက်လာတယ်၊ ကျွန်တော်တို့က အဖေကြီးလို့ ခေါ်ကြတယ်၊ သူကမြန်မာလိုပဲနေတယ်၊ ကျွန်တော်တို့အားလုံးအတွက် ပညာအလင်းစဖွင့်ပေးခဲ့တယ်။ Jack Sonမူကို တီထွင်ပေးခဲ့တယ်၊ ဒီနေ့အထိအသုံးဝင်တယ်၊ နောင်လည်း အသုံးဝင်ဦးမှာပဲ၊ ရေးရဖတ်ရတာလည်း လွယ်တယ်၊ အဖေကြီးရဲ့ကျေးဇူးက ကျွန်တော်တို့ မျက်မမြင်တွေအတွက် ကြီးမားလှပါတယ်"ဟု မြန်မာနိုင်ငံမျက်မမြင်အသင်းဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က ပြောသည်။

ယနေ့အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ မြန်မာနိုင်ငံခရစ်ယာန် မျက်မမြင်များမိတ်သဟာယ မြန်မာနိုင်ငံခရစ်ယာန်အသင်းတက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများတက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံမျက်မမြင်အသင်းဥက္ကဋ္ဌက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံပေးအပ်မည့် မျက်မမြင်လက်စမ်းစာပေလက်စွဲစာအုပ်အား ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ကို ပေးအပ်ခဲ့သည်။

**ဇာနည်မောင်**




## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာလ ၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃ ပါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေးညှိနှိုင်းအစည်းအဝေးသတင်း ကော်လံ ၃ ဒုတိယအပိုဒ် စာကြောင်းရေ ၇ နှင့် ၉ ပါ Traditional Challenge အစား Non - Traditional Challenges ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ်**

# တရုတ်နိုင်ငံသို့ လာရောက်သည့် သမ္မတထရန့်၏ခရီးစဉ် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ပုံဖော်ထုဆစ်ပေးနိုင်မည်ဆို

**ပေကျင်း နိုဝင်ဘာ ၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သုံးရက်ကြာမည့် တရုတ်ခရီးစဉ်ကို နိုဝင်ဘာ ၈ ရက်တွင် စတင်လိုက်ကြောင်း၊ သမ္မတထရန့်၏ ခရီးစဉ်သည် ကမ္ဘာကြီးငြိမ်းချမ်းသာယာရေးအတွက် ပုံဖော်ထုဆစ်ပေးနိုင်မည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြင့်မားတိုးတက်စေရန် အရေးပါသော အခွင့်အလမ်းတစ်ရပ်ကို ဖြစ်ပေါ်စေကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒေါ်နယ်ထရန့်သည် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးချိန်နောက်ပိုင်း တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သကဲ့သို့ သမ္မတရှီကျင့်ဖျင်အနေဖြင့် တရုတ်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရပြီးချိန်နောက်ပိုင်း အမေရိကန်ခေါင်းဆောင်တစ်ဦးကို လက်ခံကြိုဆိုခြင်းဖြစ်သည်။

မကြာသေးမီက ကျင်းပပြီးစီးခဲ့သော (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားညီလာခံ၌ တရုတ်နိုင်ငံအား အလယ်အလတ်ကြွယ်ဝချမ်းသာသောလူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်မည့် အစီအစဉ်တစ်ရပ်ကို ရေးဆွဲချမှတ်ခဲ့သည်။ တရုတ်နိုင်ငံသည် စီးပွားရေးအရ လျင်မြန်စွာ တိုးတက်သောအဆင့်မှ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှု အဆင့်သို့ တက်လှမ်းနိုင်ရန် အသွင်ကူးပြောင်းမှု ပြုလုပ်လျက်ရှိကြောင်း ဆင်ဟွာက ရေးသားဖော်ပြသည်။



အမေရိကန်ပြည်ထောင်စုတွင် သမ္မတထရန့်၏ အစိုးရအဖွဲ့မှာ စီးပွားရေးအရ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အမေရိကန်၌ ကုန်ထုတ်လုပ်မှုဆိုင်ရာ စက်မှုလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးနှင့် အလုပ်အကိုင်နေရာများ ဖန်တီးပေးနိုင်ရန် အစိုးရအဖွဲ့က ကြိုးပမ်းနေကြောင်း ဆင်ဟွာက ရေးသားသည်။

သမ္မတထရန့်နှင့် သမ္မတကတော် မီလာနီယာထရန့်တို့သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် သမ္မတကတော် ပန်းလီယွမ်တို့နှင့်အတူ နိုဝင်ဘာ ၈ ရက်တွင် မြို့တော်ပေကျင်းရှိ တားမြစ်မြို့တော်(ခေါ်)နန်းတော်ပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။ တားမြစ်မြို့တော်သည် ရှေးဟောင်းတရုတ်ဧကရာဇ်ဘုရင်တို့၏ နန်းတော်ဖြစ်ပြီး မင်မင်းဆက်မှ ချင်မင်းဆက် (မန်ချူးခေတ်)အထိ အသုံးပြုခဲ့သည်။ နန်းတော်အဆောက်အအုံမှာ ပေကျင်းမြို့လယ်တွင်တည်ရှိပြီး ယခုအခါတွင် နန်းတော်ပြတိုက်အဖြစ် သတ်မှတ်ထားသည်။ ဧကရာဇ်များနှင့်တော်ဝင်မိသားစုများသည် နှစ် ၅၀၀ တိုင် ယင်းနန်းတော်၌ စံမြန်းနေထိုင်ခဲ့ကြပြီး တရုတ်မင်းဆက်များ၏ အရေးပါသည့် ပွဲလမ်းသဘင်များ ကျင်းပရာနေရာ၊ နိုင်ငံရေးဆိုင်ရာ အချက်အချာဌာနအဖြစ် တည်ရှိခဲ့သည်။

ယင်းနန်းတော်ကို ၁၄၀၆ ခုနှစ်မှ ၁၄၂၀ ပြည့်နှစ်အတွင်း တည်ဆောက်ခဲ့ကာ စတုရန်းမီတာ ၇၂၀၀၀၀ ကျယ်ဝန်းပြီး အဆောင်ပေါင်း ၉၈၀ ပါဝင်သည်။ **ဆင်ဟွာ**

# အမေရိကန်ထံမှ ဒေါ်လာ တစ်ဘီလီယံကျော်တန်ဖိုးရှိ လေကြောင်းရန်ကာကွယ်ရေး ဒုံးစနစ် ဆွီဒင် ဝယ်ယူမည်

**စတော့ဟုမ်း နိုဝင်ဘာ ၈**

ဒေသဆိုင်ရာ တင်းမာမှုများ မြင့်တက်လာခြင်းနှင့် ကမ္ဘာတစ်ဝန်းပဲ့ထိန်းဒုံးကျည် နည်းပညာတိုးတက်လာခြင်းတို့ ရှိနေချိန်တွင် ဆွီဒင်နိုင်ငံက ဒုံးကျည်ကာကွယ်ရေးစနစ် တိုးတက်လာစေရေးအတွက် အမေရိကန် ရေသီယွန်ကုမ္ပဏီမှ ဒေါ်လာသန်း ၁၂၀၀ တန်ဖိုးရှိ လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်တစ်ရပ်ကို ဝယ်ယူရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများ စတင်တော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဆွီဒင်နိုင်ငံသည် အမေရိကန် ရေသီယွန်ကုမ္ပဏီနှင့် ညှိနှိုင်းဆွေးနွေးမှု စတင်မည်ဖြစ်ကြောင်း၊ ယင်းဒုံးလက်နက်စနစ်ကို ဆွီဒင်နိုင်ငံသို့ ၂၀၂၀ ပြည့်နှစ်တွင် စတင်ပေးပို့မည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် နောက်ဆုံးထား၍ ကာကွယ်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဆွီဒင်အစိုးရက ပြောကြားသည်။

အီရန်၊ မြောက်ကိုရီးယား၊ ရုရှားနှင့် အခြားသော နိုင်ငံများသည် ၎င်းတို့၏ ဒုံးကျည်နည်းပညာကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်လျက်ရှိသည်။

ရေသီယွန်ကုမ္ပဏီသည် ပက်ထရီယော့အမျိုးအစား လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ် အရေအတွက် ၂၂၀ ကျော်ကို တည်ဆောက်ပေးပြီး နယ်သာလန်နှင့် ဂျာမနီနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံသို့ ပေးပို့ခဲ့ပြီးဖြစ်သည်။

**ရိုက်တာ**




# မြောက်ကိုရီးယားနိုင်ငံသို့ ခရီးသွားလာခွင့် ယာယီ ဆိုင်းငံ့

**ပေကျင်း နိုဝင်ဘာ ၈**

တရုတ်နိုင်ငံရှိ ခရီးသွားလုပ်ငန်း အာဏာပိုင်များက မြောက်ကိုရီးယားနိုင်ငံသို့ ခရီးသွားလာမှုကို ယာယီပိတ်ပင်လိုက်သည့် အမိန့်စာတစ်ရပ် ယနေ့ထုတ်ပြန်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ခရီးသွားလုပ်ငန်း အာဏာပိုင်များက မြောက်ကိုရီးယားနိုင်ငံသို့ နေ့ချင်းပြန်ခရီးသွားလာမှုကိုသာ ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၇ ရက်တွင် မြောက်ကိုရီးယားနယ်စပ်နှင့်ဆက်စပ်လျက်ရှိသော တရုတ်နိုင်ငံ လျောင်နင်စီရင်စု အရှေ့မြောက်ပိုင်းရှိ ခရီးသွားအာဏာပိုင်များက ပြုံယမ်းသို့ ခရီးသွားလာမှု ဆိုင်းငံ့ထားသည်ဆိုသည့်အမိန့်စာတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း ခရီးသွားအေဂျင်စီများက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံသို့ ညအိပ်ခရီးသွားလာမှုကို နိုဝင်ဘာ ၈ ရက်တွင် စတင်ပိတ်ပင်ခဲ့ခြင်း ဖြစ်သည်။ မည်သည့်အကြောင်းရင်းကြောင့် ပိတ်ပင်ခြင်းဖြစ်ကြောင်းနှင့် အချိန်ဘယ်လောက်ကြာကြာ ပိတ်ပင်ထားမလဲဆိုသည်ကို ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများမြင့်တက်လာချိန်အတွင်း တရုတ်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံသို့ ခရီးသွားလာမှုကို ယခင်ကလည်း ပိတ်ပင်ခဲ့သည်။

ယခုပိတ်ပင်ခြင်းသည် အမေရိကန်သမ္မတဒေါ်နယ်ထရန့် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိမှုနှင့် ဆက်နွှယ်မှုရှိနိုင်ကြောင်း ခရီးသွားလုပ်ငန်းများ၏ သတင်းအရင်းအမြစ်များအရ သိရသည်။

သမ္မတထရန့်က ပေကျင်းအာဏာပိုင်များကို ပြုံယမ်းအရေးနှင့် ပတ်သက်ပြီး ခိုင်မာပြတ်သားသော ရပ်တည်ချက်တစ်ခု ချမှတ်ရန် တွန်းအားပေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



# ကာတာလန် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ခွဲထွက်ရေးလှုပ်ရှားမှုကို ဆန့်ကျင်ကန့်ကွက်

**ဘာရပ်ဆယ် နိုဝင်ဘာ ၈**

ကာတာလိုနီးယားဒေသခေါင်းဆောင် ကားလ်ပစ်ဒီမောင့်၏ ခွဲထွက်ရေးလှုပ်ရှားမှုကို ဆန့်ကျင်ကန့်ကွက်နိုင်ရန် ကာတာလန် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များသည် ဥရောပပါလီမန်၌ နိုဝင်ဘာ ၇ရက်က စုဝေးရောက်ရှိခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၈ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုသည် စီးပွားရေးမတည်မငြိမ်ဖြစ်မှုပင်ဖြစ်ကြောင်း ကာတာလန် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များအသင်း၏အဖွဲ့ဝင် ကာလို့စ်ရီဗာဒူလာက ပြောကြားသည်။ ကာတာလိုနီးယားဒေသက လွတ်လပ်ရေးကြေညာခြင်းသည် အမှားကြီးမှားယွင်းသည့် လုပ်ရပ်ဖြစ်ကြောင်း၊ ကာတာလန် မျိုးနွယ်တို့က ခွဲထွက်ရေးဝါဒကြောင့် ဘေးဒုက္ခမရောက်ရအောင် ကယ်တင်ပေးကြရမည်ဖြစ်ကြောင်း၊ ပစ်ဒီမောင့်၏ ခွဲထွက်ရေးလှုပ်ရှားမှုသည် စီးပွားရေးရှုထောင့်မှကြည့်လျှင် အတ္တအကျိုးမျှော်လုပ်ဆောင်ခြင်းနှင့် မိုက်မဲသောလုပ်ဆောင်ခြင်းတို့အရ ဖြစ်ပေါ်လာရကြောင်း အဆိုပါအသင်း၏ဥက္ကဋ္ဌ ဂျိုးဆက်ဘိုယူက ဝေဖန်ပြောကြားသည်။

ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပသော ရွေးကောက်ပွဲ၌ ခွဲထွက်ရေးဝါဒီတို့ အောင်ပွဲခံမည်ဆိုပါက ကြေကွဲဝမ်းနည်းဖွယ်ရာအဖြစ်ဆိုးနှင့် ကြုံတွေ့လာကြရမည်ဖြစ်ကြောင်း၊ ကာတာလိုနီးယားဒေသ မတည်မငြိမ်ဖြစ်မှုကြောင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ အလုံးအရင်း ထွက်ခွာရမှု ရှိလာမည်ဖြစ်ကြောင်း၊ ကာတာလိုနီးယား လူ့အဖွဲ့အစည်း၌ အခြေခံအကျဆုံး အလုပ်သမားများမှာလည်း အလုပ်အကိုင်နေရာများ ဆုံးရှုံးလာနိုင်ကြောင်း ဘိုယူက ပြောကြားသည်။

ကာတာလိုနီးယားဒေသ၌ ခွဲထွက်ရေးလှုပ်ရှားမှု ရှိလာခြင်းကို စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များက ရှုတ်ချကြပြီး ယင်းဒေသရှိ မြို့ကြီး၊ မြို့ငယ်များမှ မြို့တော်ဝန် ၂၀၀ တို့က စပိန်အစိုးရအဖွဲ့အား ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲကို ဘယ်လ်ဂျီယံနိုင်ငံ ဘာရပ်ဆယ်မြို့၌ နိုဝင်ဘာ ၇ရက်က ပြုလုပ်ခဲ့ကြသည်။ **ရိုက်တာ**

# လျှပ်စစ်သုံးစွဲခများ အကြွေးတင် ကျန်ရှိနေရခြင်း၊ မီတာခ ခန့်မှန်းကောက်ယူခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့တွင် ကြယ်ပွင့်ပြမေးခွန်း ၅ ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို ၁ ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ဥပဒေကြမ်း ၁ ခုကို ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။



အစည်းအဝေးတွင် သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၏ **အစိုးရလျှပ်စစ်သုံးစွဲခများ အကြွေးတင်ကျန်ရှိနေရခြင်းအပေါ် မည်သို့လျှော့ပေးနိုင်မည်နှင့် မီတာခခန့်မှန်းကောက်ယူမှုဖြင့် တာဝန်မကျေပွန်မှုကို မည်သို့အရေးယူမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ပြီး လျှပ်စစ်မီတာသုံးစွဲသူ ပိုမိုများပြားလာသောကြောင့် မူလဝန်ထမ်းအရေအတွက်နည်းနည်းဖြင့် တာဝန်ထမ်းဆောင်ရသည့်အခါ မီတာဖတ်ရသည့် ဝန်ထမ်း၏ ခရီးသွားလာရသည့်အချိန်နှင့် တာဝန်ဝတ္တရားများ ပိုမိုများပြားလာပါကြောင်း၊ ယင်းကြောင့် မီတာများ ခန့်မှန်းဖတ်ရှုခြင်း၊ ခန့်မှန်းတောင်းခံခြင်းကြောင့် လျှပ်စစ်မီးသုံးစွဲသူများအပေါ်တွင် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ မီတာများ ခန့်မှန်းတောင်းခံမှုမဖြစ်ပေါ်ရေးအတွက် မီးသုံးသူဦးရေနှင့် အချိုးညီ မီတာဖတ်စာရေးများ တာဝန်ထမ်းဆောင်ခွင့်ရရှိရေးကို အဆင့်ဆင့် တင်ပြတောင်းခံလျက်ရှိပါကြောင်း။

မူလသုံးစွဲသည့် မီတာ Analouge Meter များအစားယခုအခါ Digital Meter များဖြင့် တပ်ဆင်ပေးပြီး စက်နှင့်ဖတ်သည့် စနစ်ကို ကျင့်သုံးပြီး လူဖတ်သည်ထက် ပိုမိုတိကျမှန်ကန်သည့် စနစ်ဖြစ်စေရန် ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ အဆိုပါ စနစ်ကို တစ်နိုင်ငံလုံးတွင် ရရှိသည့်ဘတ်ဂျက်နှင့် ပြောင်းလဲရသောကြောင့် အဆင့်လိုက် ပြောင်းလဲဆောင်ရွက်ရပါကြောင်း၊ ဓာတ်အားခ ကောက်ခံမှုကို Computer Bill စနစ် ကျင့်သုံးပြီး အဂတိလျော့နည်းစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မီတာဖတ်စာရေးများက မိမိတို့၏အိမ်တွင် မီတာဖတ်ရမည့်ရက်ကို အများပြည်သူများသိရှိရန် နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ပြည်သူများငွေဆောင်သည့်ရုံးများတွင် အများပြည်သူသိရှိနိုင်စေရန် တရားဝင်ကြေညာထားပါကြောင်း၊ မီတာဖတ်ပျက်ကွက်ခဲ့လျှင် လျှပ်စစ်မီးသုံးသူအနေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးကို တိုင်ကြားနိုင်ကြောင်းကိုလည်း အသိပေးထားပါကြောင်း၊ ဓာတ်အားခ ပိုမိုကောက်ခံကြောင်း ကာယကံရှင်က လျှပ်စစ်ရုံးသို့ သွားရောက်ဖြေရှင်း၍ စိစစ်မှန်ကန်ခဲ့ပါက နောက်လများတွင် အဆိုပါအိမ်မှသုံးစွဲသည့် လျှပ်စစ်ယူနစ်ကို လျှော့၍ကောက်ခံသည့်စနစ်ဖြင့် ဖြေရှင်းပေးပါကြောင်း၊ မီတာကို လိုဖတ် ပိုဖတ်ဖြစ်ခဲ့လျှင် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အပြစ်ပေးအရေးယူပါကြောင်း ရှင်းလင်းဖြေကြားသည်။

မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးရွာပေါင်း (၄၁၆)ရွာသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည့် လုပ်ငန်းလျာထားချက်များ၊ လင်းခေးခရိုင်အတွင်း ဆောင်ရွက်ပေးမည့် ကျေးရွာများနှင့် ပတ်သက်သည့် စီမံချက်များ၊ မောက်မယ်မြို့နယ် ခိုမတ်မွန်ကျေးရွာ၊ နားသဲကျေးရွာနှင့် ခိုဆိုင်းကျေးရွာတို့တွင် ဆောင်ရွက်ပေးမည့် အသေးစိတ်စီမံချက်များနှင့် ခန့်မှန်းပြီးစီးနိုင်မည့် ကာလကိုသိလိုခြင်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ခိုမတ်မွန်ကျေးရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၄ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၁ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ မိုင် တည်ဆောက်ခြင်း၊ နားသဲကျေးရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၁ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ မိုင် တည်ဆောက်ခြင်း၊ ခိုဆိုင်း(မိုင်းပုတ်) ကျေးရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၁ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင် တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို ဂျာမနီနိုင်ငံ KfW Development Bank မှ ချေးငွေနှင့် ထောက်ပံ့ငွေ စုစုပေါင်း ယူရိုသန်း ၃၀ ဒသမ ၄၁၈ ဖြင့် ရယူဆောင်ရွက်မည့် Rural Electrification Programme II( Grid Extension) စီမံချက်များတွင် ထည့်သွင်းလျာထားပြီး ချေးငွေရယူနိုင်ရေးကို သဘောတူခွင့်ပြုခဲ့သဖြင့် ချေးငွေသဘောတူစာချုပ်ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ ချေးငွေလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာချေးငွေလုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာ အကြံပေးအဖွဲ့ Consultant ငှားရမ်းခြင်းအတွက် Consultant Tender အား ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် တင်ဒါခေါ်ဆိုထားပြီးဖြစ်ပါ၍ ရွေးချယ်ရေးလုပ်ငန်းစဉ်များကို တင်ဒါများပိတ်ရက်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Consultant စာချုပ်ချုပ်ဆိုခြင်းအား ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတကာ ICB တင်ဒါပြင်ဆင် ခေါ်ဆိုခြင်းများအား ၂၀၁၈ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တင်ဒါခေါ် ဝယ်ယူသော ပစ္စည်းများ ရောက်ရှိလာပါက တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**စာမျက်နှာ ၈ သို့ ❍**

# မြောက်ဦးမြို့ကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး ၂၀၁၈ ခုနှစ်အတွင်း စာရင်းတင်သွင်းရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရှေးဟောင်းရခိုင်ယဉ်ကျေးမှုမြို့တော် မြောက်ဦးမြို့ကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ UNESCO ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး ၂၀၁၈ ခုနှစ်အတွင်း စာရင်းတင်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှင်းလင်းပြောကြားသည်။

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၏ ရခိုင်ရှေးဟောင်းယဉ်ကျေးမှုမြို့တော် မြောက်ဦးမြို့ကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ UNESCO ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး စာရင်းတင်သွင်းရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အထက်ပါအတိုင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်တင်သွင်းနိုင်ရန်အတွက် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါကြောင်း၊ အစည်းအဝေးတွင် မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်နိုင်ရန်အတွက် နိုင်ငံတကာနှင့် ပူးပေါင်း၍ စနစ်ကျသော စီမံခန့်ခွဲမှုနှင့် ကာကွယ်ထိန်းသိမ်းမှုဆောင်ရွက်နိုင်ရေး၊ ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရေး၊ အကြံပေးအဖွဲ့၊ ပညာရှင်အဖွဲ့၊ ဒေသခံများ၊ သမိုင်းပညာရှင်များ စသည်တို့ဖြင့် စုပေါင်းဖွဲ့စည်း၍ ၂၀၁၈ ခုနှစ် ဇွန်လတွင် ပြုလုပ်မည့် UNESCO ကမ္ဘာ့အမွေအနှစ် ညီလာခံတွင် တင်သွင်းရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း။

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်တင်သွင်းရေးအတွက် လိုအပ်သော ကော်မတီဖွဲ့စည်းမှုများကိုလည်း နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်နှင့်အညီ မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ လုပ်ငန်းကော်မတီနှင့် အကြံပေးပညာရှင်အဖွဲ့တို့ကို ထုတ်ပြန်ဖွဲ့စည်းပြီး ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းပြီး လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရေးအတွက် သက်ဆိုင်ရာကော်မတီများ၊ ဆပ်ကော်မတီများနှင့် အဖွဲ့အစည်းများက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
သူရဦးအောင်ကို



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၉)မှ ဦးမောင်ကျော်ဇံ

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)က **မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ တကောင်း(ခေါ်)သင်းတွဲ ဘွဲ့နာမည်တွင်သည့် ရှေးမြို့ဟောင်းကို ကမ္ဘာ့မှတ်တမ်းဝင်မြို့အဖြစ် အမည်စာရင်းတင်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တကောင်းမြို့ဟောင်းဒေသအား ၂၀၀၇ ခုနှစ် ဇွန်လ ၅ ရက်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ရှေးဟောင်းအဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသည့်ဇုန်များ သတ်မှတ်၍ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် ကာကွယ်စောင့်ရှောက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းရန်မှာ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ ခိုင်မာမှု၊ တိကျမှု၊ ပြည့်စုံမှု၊ မြေပြင်တွင်လည်း ၎င်းတို့သတ်မှတ်ထားသော "စံနှုန်း"များနှင့်ကိုက်ညီပြည့်စုံမှု၊ ဒေသခံများနှင့် ဒေသတွင်းနေထိုင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိထိရောက်ရောက်ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်မှု၊ ဥပဒေအရ ကန့်သတ်ချက်များကို တိကျစွာလိုက်နာနိုင်မှု စသည်ဖြင့် လိုအပ်ချက်များစွာ ရှိနေသေးပါကြောင်း၊ ထို့ပြင် တကောင်းမြို့ဟောင်းဒေသသည် မြန်မာ့သမိုင်းအတွက် အရေးပါသော်လည်း အထက်ဖော်ပြပါ လိုအပ်ချက်များစွာရှိနေပြီး အဆိုပြုစာရင်းတွင်လည်း ထည့်သွင်းနိုင်ရေးအတွက် သမိုင်းသုတေသနပညာရှင်များ စေလွှတ်၍ ဆက်လက်သုတေသနပြုရမည့် လုပ်ငန်းများစွာ ကျန်ရှိနေသေးပါကြောင်း။

သို့ဖြစ်ပါ၍ တကောင်းမြို့ဟောင်းဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် အဆိုပြုစာရင်း( Tentative Lists)တွင်လည်း ပါဝင်ခြင်းမရှိသေးပါသဖြင့် တကောင်း(ခေါ်)သင်းတွဲ ဘွဲ့နာမည်တွင်သည့် ရှေးမြို့ဟောင်းကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်မြို့အဖြစ် အမည်စာရင်း တင်သွင်းပေးနိုင်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာရင်းအင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးက ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းရာတွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြသည့် ဥပဒေကြမ်းကော်မတီဝင်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၏ အကြံပြု ကန့်ကွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်း၊ မိမိတို့ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာ နှစ်ကြိမ်တင်ပြသည့်အထဲတွင် တင်ပြထားသည့် ပြင်ဆင်ချက်များကို ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား ပြဋ္ဌာန်းရန် သင့်၊ မသင့် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ဆန္ဒရယူရာ ယင်းဥပဒေကြမ်းအား ပြဋ္ဌာန်းရန် ထောက်ခံမဲ ၁၁၉ မဲ၊ ကန့်ကွက်မဲ ၇၄ မဲ ဖြစ်ပြီး ထောက်ခံမဲများသည့်အတွက် ဥပဒေကြမ်းကို လွှတ်တော်၏အဆုံးအဖြတ် ဆက်လက်ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်း၏ ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို နိုဝင်ဘာလ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# အလုပ်တစ်ခုတော့ ရှိဖို့ လိုပြီ

မနော်ဖြူလေး

လူသားတွေရဲ့ အခြေခံလိုအပ်ချက်ကြီးတွေထဲမှာ အရေးအကြီးဆုံးက ဝင်ငွေဖြစ်ပါတယ်။ ဒီတော့ အရေးအကြီးဆုံး ဝင်ငွေကိုရှာဖွေကြရာမှာ နည်းလမ်းနှစ်သွယ်ရှိပါတယ်။ ဝင်ငွေလုံးဝမရှိသေးသူများဟာ အလုပ်အကိုင်တစ်ခုခုကို ရှာဖွေကြရမှာဖြစ်ပါတယ်။ ဝင်ငွေနည်းနည်းစုဆောင်းမိပြီးသူများဟာ မိမိရဲ့ကိုယ်ပိုင်ငွေများတိုးပွားလာရန်အတွက် ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ရပါတယ်။ ကိုယ်ပိုင်လုပ်ငန်းငယ်လေးတွေ လုပ်ကြရပါတယ်။ ဒီဆောင်းပါးမှာတော့ အလုပ်အကိုင်အတွက်ပဲ အရင်ရေးမှာဖြစ်ပါတယ်။ အလုပ်အကိုင်နဲ့ပတ်သက်လာရင် အစိုးရအလုပ်အကိုင်များ၊ ပြည်တွင်း အလုပ်အကိုင်များနဲ့ ပြည်ပအလုပ်အကိုင်များအပြင် ကိုယ်ပိုင်လုပ်ငန်းငယ်လို့ခေါ်တဲ့ SMEs လုပ်ငန်းတွေဆိုပြီး ခွဲခြားနိုင်ပါတယ်။ အစိုးရအလုပ်အကိုင်တွေကတော့ လူအများစုနဲ့ လက်လှမ်းမမီတဲ့အတွက် မဖော်ပြနိုင်ပါဘူး။ ဒီတော့ အလုပ်အကိုင် ရှာဖွေသူများအနေနဲ့ ပြည်တွင်း အလုပ်အကိုင်များနဲ့ ပြည်ပ အလုပ်အကိုင်များကို ဦးစားပေးပြီးရှာဖွေရမှာ ဖြစ်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့ ပြည်တွင်းအလုပ်အကိုင်တချို့ရဲ့ ဝင်ငွေဟာမဆိုးလှပေမယ့် အများအားဖြင့်ကတော့ အလွန်နည်းပါးပါတယ်။ မိသားစု ဝမ်းဝရုံတမယ်သာ ရှာနိုင်ကြပါတယ်။ ဝင်ငွေမလုံလောက်မှုကြောင့် ဝယ်လိုအားရော၊ လူနေမှုအဆင့်အတန်းများကိုပါ ထိခိုက်ပါတယ်။ နောက်တစ်ချက်က ကျန်းမာရေးမကောင်းသူများအတွက် နေဖို့၊ စားဖို့၊ ဝတ်ဖို့၊ ဆေးဖိုးစတဲ့ ကုန်ကျစရိတ်တွေသည် မိသားစုတစ်စုအတွက် မလှုပ်သာမယှက်သာဘဝဖြင့် ရှိနေတတ်ကြပါတယ်။ ပြည်တွင်းမှာ အလုပ်အကိုင်ရှားလို့ ထိုင်နေလို့ကလည်း မဖြစ်ပါဘူး။ ဝင်ငွေကတော့ ရှာဖွေနေကြရဦးမှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေဟာ ဒီနွံကြီးထဲမှာ နစ်မနေဘဲနဲ့ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အလားအလာကောင်းတဲ့ အလုပ်အကိုင်များကို ရှာဖွေကြရမှာဖြစ်ပါတယ်။ ပြည်ပနိုင်ငံများမှ အလုပ်သမားများခေါ်ယူကြတဲ့နေရာမှာ အလုပ်ကြမ်းနဲ့ အိမ်ဖော်လောက်သာ ခေါ်လိုသူများဖြစ်ပါတယ်။ ဒါပေမယ့်လည်း မိမိရဲ့ကျွမ်းကျင်မှုနဲ့ ရာထူးတွေ တိုးပြီး အဆင်ပြေချောမွေ့နေသူတွေလည်း များစွာရှိပါတယ်။ မိမိရဲ့ နည်းတဲ့ဝင်ငွေအတွက် ဖြစ်စေ၊ များတဲ့ဝင်ငွေအတွက်ဖြစ်စေ အလုပ်လုပ်နေသူအားလုံးကို လေးစားကြရမှာဖြစ်ပါတယ်။ ပြည်တွင်းအလုပ်အကိုင်များသည်လည်း ယခုလိုပြောင်းလဲလာသည့်ကာလများအတွက် သိပ်ရှာဖွေစရာမလို ပေါများလာတာတွေ့ရှိနေရပါပြီ။ အလုပ်လုပ်ကိုင်ဖို့သာ ပြင်ဆင်ထားသင့်တဲ့ အချိန်အခါရောက်လို့ လာနေပါတယ်။ အလုပ်လုပ်ချင်စိတ်လည်းရှိဖို့ လိုအပ်ပါတယ်။

ပြည်တွင်းမှာပဲ အလုပ်ရှာရှာ၊ ပြည်ပမှာပဲအလုပ်ရှာရှာ အရေးအကြီးဆုံးကတော့ ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်ထားခြင်းမရှိသူများဟာ ဘယ်နေရာမှာပဲဖြစ်ဖြစ် မလုံခြုံပါဘူး။ ကြိုတင်ပြင်ဆင်တဲ့နေရာမှာ အဓိကအချက်ခြောက်ချက်ကို ပြင်ဆင်ထားရမှာဖြစ်ပါတယ်။ ဒါတွေကတော့ (၁)အင်္ဂလိပ်နဲ့ တရုတ်ဘာသာစကား၊ (၂)ကျွမ်းကျင်မှု၊ (၃)စိတ်ဓာတ်နှင့် ရုပ်ရည်သွင်ပြင်၊ (၄)အလုပ်အကိုင်သတင်းအချက်အလက်၊ (၅)ကွန်ပျူတာအခြေခံရှိခြင်း၊ (၆)စိတ်ချရတဲ့ဝန်ဆောင်မှုတွေ ဖြစ်ပါတယ်။

ဘယ်နေရာမှာပဲ အလုပ်ရှာရှာ အင်္ဂလိပ်စကားကောင်းကောင်းမပြောနိုင်ရင် မိမိနဲ့ ထိုက်တန်တဲ့အလုပ်ကို မရပါဘူး။ ဘာသာစကားကိုသင်ယူဖို့က သိပ်မခက်ပါဘူး။ ဒါပေမယ့် သိပ်တော့လည်းမလွယ်ပါဘူး။ အဓိကကတော့ ဘာသာစကားတစ်ခုကိုလေ့လာတဲ့နေရာမှာ ပြောဆိုနေတဲ့ အသိုင်းအဝိုင်း မရှိရင် အဆင်မပြေပါဘူး။ သင်ယူမှုနည်းစနစ်နဲ့ စိတ်ပါလက်ပါရှိမှုတွေကလည်း အရေးကြီးလှပါတယ်။ လူအချင်းချင်း ကောင်းကောင်းမွန်မွန် မဆက်ဆံနိုင်ရင် ဘယ်သူ့ရဲ့လေးစားမှုကိုမှ မရပါဘူး။ အောက်ကျနောက်ကျနဲ့ အဆက်ဆံခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အလုပ်အကိုင်ရှာဖွေသူအားလုံးဟာ အခုရရှိတဲ့အချိန်အတွင်းမှာ အင်္ဂလိပ်နဲ့ တရုတ်ဘာသာစကားတွေကို မဖြစ်မနေလေ့ကျင့်ကြရမှာဖြစ်သလို နည်းပညာဖွံ့ဖြိုးတိုးတက်နေတဲ့ခေတ်မှာ ကွန်ပျူတာအခြေခံရှိထားဖို့လည်း အထူးအရေးကြီးလိုအပ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွမ်းကျင်မှုတစ်ခုခုရှိအောင် လေ့ကျင့်နေကြရမှာ ဖြစ်ပါတယ်။ ကျွမ်းကျင်မှုတစ်ခုခုရှိသူတွေဟာ ပြည်တွင်းမှာပဲအလုပ်ရှာရှာ၊ ပြည်ပနိုင်ငံတွေမှာပဲရှာရှာ၊ ကိုယ်ပိုင်လုပ်ငန်းငယ်တွေကိုပဲလုပ်လုပ် အဆင်ပြေပါတယ်။ အသက်မွေးအတတ်ပညာတစ်ခုခုကိုတတ်ထားရင် အကောင်းဆုံးဖြစ်ပါတယ်။ အလွန်မြင့်မားတဲ့အရည်အသွေးများလိုတဲ့ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ရှေ့နေတွေလိုမဟုတ်ဘဲ လူတိုင်းသင်နိုင်၊ တတ်နိုင်တဲ့ အသက်မွေးအတတ်ပညာများစွာရှိပါတယ်။ အထူးသဖြင့်ကတော့ သက်မွေးမှုဘာသာရပ်တွေပါပဲ။ အလုပ်လုပ်ရင်း ကျွမ်းကျင်မှုတွေ မြှင့်တင်ဖို့ တက်ရောက်သင့်ပါတယ်။ လူတိုင်းသင်ယူနိုင်တဲ့ ဘာသာရပ်တွေဖြစ်ပါတယ်။ ဒါတွေဟာ အရေးမကြီးဘူးဆိုပြီး ပစ်ထားလို့မရပါဘူး။ မိမိရှာဖွေမယ့်အလုပ်အကိုင်နဲ့ ပတ်သက်တဲ့ အသက်မွေးပညာတစ်ခုကို အခုအချိန်ရှိတုန်းမှာ လေ့လာသင်ကြားထားတာအကောင်းဆုံးဖြစ်ပါတယ်။ တောပြောတောင်ပြောနဲ့ ဘာမှမတတ်သူတွေဟာ ပြည်ပမှာမှမဟုတ်ပါဘူး။ ပြည်တွင်းမှာလည်း အလုပ်မရနိုင်ပါဘူး။ တချို့က မိမိဘယ်လမ်းသွားပြီး ဘာလုပ်ဖို့ဆိုတာတောင် ခေါင်းထဲသိပ်စဉ်းစားထားကြပုံမပေါ်ပါဘူး။

ဒါကြောင့် လူတစ်ယောက်ရဲ့စိတ်ဓာတ်က အရေးကြီးပါတယ်။ အလကားလိုချင်တဲ့ စိတ်တွေ၊ ဖြတ်လမ်းက အချောင်ရလိုသူတွေဟာ တခြားနိုင်ငံမှာသွားလုပ်လို့မရပါဘူး။ အဲဒီနိုင်ငံတွေမှာက ကြိမ်ဒဏ်ရှိတယ်။ တစ်သက်လုံးစာ ဖူလုံသွားမယ်။ ဒါကြောင့် ကိုယ်လုပ်လို့ရတဲ့ ဝင်ငွေကို လေးစားဖို့၊ ရိုသေထိုက်သူတွေကို ရိုသေလေးစားဖို့၊ အလုပ်ကြိုးစားဖို့၊ စုဆောင်းဖို့၊ တိုးပွားအောင်လုပ်ဖို့ ဒါမှအဆင်ပြေနိုင်မယ်။ နောက်ပြီး မိမိရဲ့ကိုယ်ခန္ဓာကို သန့်ရှင်းလှပနေအောင် လေ့ကျင့်နေရန်လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ်မှ မလေးစားတတ်သေးရင် ဘယ်သူမှလည်း ကိုယ့်ကိုလေးစားမှာမဟုတ်ပါဘူး။ အလုပ်အကိုင်သတင်းအချက်အလက်များနဲ့ပတ်သက်ပြီး အရေးကြီးတာက ကွန်ပျူတာနဲ့ အင်တာနက်ကို ထိရောက်စွာ အသုံးပြုတတ်ဖို့ လေ့ကျင့်ရမှာဖြစ်ပါတယ်။ ဒါမှ တစ်ကမ္ဘာလုံးမှာရှိတဲ့ အလုပ်အကိုင်အားလုံးကို မျက်ခြည်မပြတ်လေ့လာနေနိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းအလုပ်အကိုင်ပဲဖြစ်ဖြစ်၊ ပြည်ပအလုပ်အကိုင်ပဲဖြစ်ဖြစ် တရားဝင်ဖြစ်စေ၊ ယုံကြည်စိတ်ချရသူဆီက ဝန်ဆောင်မှုကိုရှာဖွေကြရမှာဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်တော့ ရှိတာကုန်မှာပါပဲ။ အထူးဂရုစိုက်ရမှာက ဗဟုသုတမရှိတဲ့ ကျေးရွာ၊ တောရွာဝေးလံသီခေါင်တဲ့နေရာများက အမျိုးသမီးတွေပါပဲ။ အလုပ်ရှာပေးမယ်၊ လုပ်ခ ကောင်းကောင်းရမယ်ဆိုပြီး သူများနိုင်ငံခေါ်သွားရောင်းစားခံရတာတွေ လူကုန်ကူးတွေတောင် အများအပြားရှိနေသည့်အတွက် သတိထားစေချင်ပါတယ်။ ယခုအချိန်တွင် လူသားအားလုံး ကလေး၊ လူကြီး၊ လူငယ် လူရွယ်များပါမကျန် စာပေများဖတ်ရှုပြီး အသိဉာဏ် ဗဟုသုတများတိုးပွားဖို့ လုပ်ဆောင်သင့်ပါတယ်။

ဒီနေ့ ဒီအချိန်မှာအလုပ်အကိုင်တွေမရှားလှပါဘူး။ ပြည်တွင်းမှာရော ပြည်ပမှာပါ အောင်မြင်သူတွေ အများကြီးရှိပါတယ်။ သေသေချာချာသာပြင်ဆင်ထားမယ်ဆိုရင် အကုန်အကျနည်းနည်းပါးပါးလေး၊ ဒါမှမဟုတ် အခမဲ့တောင် အလုပ်ရနိုင်ပါတယ်။ နိုင်ငံအစိုးရတွေ ဘယ်လိုပြောင်းပြောင်း လူသားအားလုံးအတွက် အရေးအကြီးဆုံးက ဝင်ငွေ၊ အသိဉာဏ်၊ ခွန်အား၊ နည်းပညာနဲ့ လူသားဆန်မှုတွေလိုပါတယ်။ ဒီလိုမျိုးတွေ သိအောင် လေ့ကျင့်သင်ကြားပေးရန်လိုပါတယ်။ လူသားတွေဟာ သင်ယူနိုင်ပြီးပြောင်းလဲနိုင်ပါတယ်။ လူသားတွေပြောင်းလဲသွားမှသာ လူ့အသိုင်းအဝိုင်းကြီး ပြောင်းလဲနိုင်ပြီး ကိုယ်နေထိုင်ရာ နိုင်ငံသည်လည်းဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များဖြင့် ရှေ့ဆက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတော့တယ်။ ။

**နိုင်ငံအစိုးရတွေ ဘယ်လိုပြောင်းပြောင်း လူသားအားလုံးအတွက် အရေးအကြီးဆုံးက ဝင်ငွေ၊ အသိဉာဏ်၊ ခွန်အား၊ နည်းပညာနဲ့ လူသားဆန်မှုတွေလိုပါတယ်။ ဒီလိုမျိုးတွေသိအောင် လေ့ကျင့်သင်ကြားပေးရန် လိုပါတယ်။ လူသားတွေဟာ သင်ယူနိုင်ပြီး ပြောင်းလဲနိုင်ပါတယ်။ လူသားတွေ ပြောင်းလဲသွားမှသာ လူ့အသိုင်းအဝိုင်းကြီး ပြောင်းလဲနိုင်ပြီး ကိုယ်နေထိုင်ရာ နိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များ ဖြင့် ရှေ့ဆက်နိုင်မည်ဖြစ်ပါကြောင်း . . .**

## မြန်မာ့ငါးသလောက်မျိုးမသုဉ်းရေး ဝိုင်းဝန်းဆောင်ရွက်ပေး

အောင်ဝင်း(ဖျာပုံ)

**ဖျာပုံ နိုဝင်ဘာ ၈**
မြန်မာ့ပင်လယ်ပြင်တွင် ငါး၊ ပုစွန်များမှာ ရာသီဥတုဖောက်ပြန်မှု၊ ခေတ်မီနည်းပညာများဖြင့် အလွန်အကျွံဖမ်းဆီးလာမှုများနှင့် တားမြစ်ထားသည့် ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးမှုတို့ကြောင့် အလွန်ရှားပါးနေပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ထုတ်ပြန်ထားသည့် သတင်းမှတ်တမ်းများအရ သိရသည်။

ပြည်တွင်းစားသုံးသူ ဈေးကွက်တွင် သာမက မလေးရှား၊ အီရတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံများ၏ ငါးဈေးကွက်မှာပင် ဈေးကောင်းရရှိနေသည့် ငါးသလောက်ငါးမှာ မြန်မာနိုင်ငံ၌ ရေချိုတွင် အနည်းငယ်ဖမ်းဆီးရမိပြီး မြန်မာ့ပင်လယ်ပြင်တွင် များစွာဖမ်းဆီးရရှိနိုင်သည်။

ဆောင်းရာသီသည် ငါးသလောက်များ ဖမ်းဆီးရရှိနိုင်သည့်ကာလဖြစ်သည်။ ဆောင်းလေတဖြူးဖြူး တိုက်ခတ်နေပြီး နှင်းများကျတတ်သည့် ညဘက်တွင် ငါးသလောက်များ အမိအရများကြောင်း ရေလုပ်ငန်းကျွမ်းကျင်သူများ၏ ပြောပြမှုအရ သိရသည်။

မြန်မာနိုင်ငံတွင် ငါးသလောက်များ ဖမ်းဆီးရရှိနိုင်သေးသော်လည်း အိမ်နီးချင်းနိုင်ငံအချို့တွင် အမိအရ နည်းသွားခြင်းနှင့် အချို့နိုင်ငံများတွင် မျိုးသုဉ်းပျောက်ကွယ်နေပြီဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ် ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏မှတ်တမ်းများအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငါးသလောက် ကီလိုဂရမ် ၆၃၅၀၀၀ ကျော် ပြည်တွင်းဈေးကွက်များသို့ တင်ပို့နိုင်ခဲ့ကြောင်း၊ တင်ပို့နိုင်မှုများမှာ ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ ထို့ကြောင့် ငါးမျိုးများ မထိခိုက်စေရန် ငါးသလောက်များ ဥပေါက်ပွားနိုင်သော ရေပြင်ဧရိယာများကို ငါးလုပ်ငန်းဦးစီးဌာနက ကန့်သတ်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားရန်ရှိကြောင်း နိုဝင်ဘာ ၁ ရက် နေ့စဉ်ထုတ်သတင်းစာတစ်စောင်တွင် ဖတ်ရှုမှတ်သားခဲ့ရသည်။

ယခုရက်ပိုင်းအတွင်း ဖျာပုံငါးဈေးကွက်တွင် ငါးသလောက်တစ်ကောင် ၁၅ ကျပ်သားနှစ်ဆယ်သားအရွယ်ကို တစ်ပိဿာ ငွေကျပ်နှစ်ထောင်ဖြင့် ရောင်းချနေသည်ကို တွေ့ရသည်။ ငါး၊ ပုစွန်များဖမ်းဆီးမှု၊ ပေါက်ပွားမှုများနှင့် စားသုံးမှုအချိုးညီမျှစေရန် ငါးမဖမ်းရကာလသတ်မှတ်ပေးခြင်း၊ ငါးဖမ်းရေယာဉ်များ ရာသီအလိုက် လျှော့ချခြင်းများပြုလုပ်သတ်မှတ်ထားသော်လည်း ရေလုပ်ငန်းရှင်နှင့် ရေလုပ်သားတို့ လိုက်နာမှုအားနည်းလျက်ရှိနေသေးကြောင်း သိရသည်။ ငါးသလောက်များသည် သုံးနှစ်သားအရွယ်ရောက်လျှင် ဥပြန်ဥ၍ သားပေါက်သည့်အလေ့အထ ရှိကြောင်း သိရသဖြင့် သုံးနှစ်မပြည့်ခင် ငါးသလောက်များ ဖမ်းဆီးခြင်းမှ သတိဖြင့်ဆင်ခြင်၍ အသိဖြင့် လိုက်နာကြရန် လိုအပ်ပေသည်။

ငါးသလောက်၏ ပြည်တွင်းဈေးကွက်ဝင် အရွယ်အစားမှာ ၃၅ ကျပ်သားကျော်မှ ကြိုက်သူများပြီး စား၍ကောင်းကာ အရိုးများသောငါးဖြစ်၍ ကြီးလေကောင်းလေဟု ဆိုနိုင်ပါသည်။ ပြည်ပဈေးကွက်တွင်လည်း ငါးကြီးလေ ဈေးပိုရလေဖြစ်ပါသည်။ မြန်မာ့ငါးသလောက်များ မျိုးမသုဉ်းစေရေး ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ သတ်မှတ်ထားသည့် စည်းကမ်းဥပဒေများနှင့်အညီ ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားတို့က လိုက်နာဆောင်ရွက်ပေးကြပါရန်နှင့် ဒေသအလိုက်တာဝန်ရှိသူများကလည်း အနီးကပ်ကြပ်မတ်ပေးကြရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပြင်သင့်သည့် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်ဇယား

## ပါမောက္ခဒေါက်တာထွန်းခင်

တက္ကသိုလ်ဝင်စာမေးပွဲကို ယခင်နှစ်များအတိုင်း ကျင်းပလျှင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၁၈ ခုနှစ် မတ်လထဲမှာ ကျင်းပပေလိမ့်မည်။ လေးလကျော်သာလိုပါတော့သည်။ အခြေခံပညာအဆင့်မှ တက္ကသိုလ်ပညာအဆင့်သို့ တက်ရောက်ရန် အဆုံးအဖြတ်ပေးသည့်စာမေးပွဲဖြစ်ပါသည်။ ဒသမတန်းကျောင်းသား ကျောင်းသူများသည် ဤစာမေးပွဲကို အောင်မြင်ရန် ဆရာ ဆရာမများ သင်ကြားပို့ချသည့် ဘာသာရပ်များကို အားသွန်ခွန်စိုက် လေ့လာကျက်မှတ်နေမည်ဟု ယုံကြည်မိပါသည်။ မိဘတိုင်းကလည်း သား၊ သမီးများကို စာမေးပွဲအောင်စေချင်သလို ဆရာ ဆရာမများကလည်း တပည့်များကို စာမေးပွဲအောင်စေချင်ကြပေလိမ့်မည်။ သို့သော် နှစ်စဉ်နှစ်တိုင်း ဖြေဆိုအောင်မြင်သူအရေအတွက်မှာ ရာခိုင်နှုန်း ၃၀ ဝန်းကျင်သာရှိကြောင်း သိရပါသည်။ အောင်ချက်ရာနှုန်း ၄၀၊ ၅၀ သို့ ခုန်တက်သွားအောင် ဆောင်ရွက်ရန် မလွယ်ကူသော်လည်း အောင်ချက်ရာနှုန်း အနည်းငယ် မြင့်တက်လာအောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် ဝမ်းမြောက်ဝမ်းသာကြိုဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် စာမေးပွဲကျရှုံးသော ကျောင်းသား ကျောင်းသူများမှာ အချိန်တစ်နှစ်ဆုံးရှုံးသလို ၎င်းတို့၏မိဘများမှာလည်း လာမည့် ပညာသင်နှစ်အတွက် ပညာသင်စရိတ်ဟူသော ဝန်ထုပ်တစ်ခု ထပ်မံပိုလာသောကြောင့်ဖြစ်ပါသည်။

**အောင်ချက်မြင့်မားရေးဟောပြောပွဲများ**

တက္ကသိုလ်ဝင်စာမေးပွဲမတိုင်မီ ၃၊ ၄ လ အလိုမှစ၍ မြို့နယ်အချို့မှာ အောင်ချက်မြင့်မားရေး ဟောပြောပွဲများ နှစ်တိုင်းလိုလို ပြုလုပ်ကြပါသည်။ အလွန်ကောင်းသော ဆောင်ရွက်မှုဖြစ်၍ ကြိုဆိုပါသည်။ ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်ကြီး၊ ပုသိမ် စသည့်မြို့ကြီးများမှာ ဘာသာရပ်ကို ပိုင်ပိုင်နိုင်နိုင်သင်ကြားနိုင်သော ဆရာ ဆရာမများ ပြည့်ပြည့်စုံစုံရှိသဖြင့် ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာ ပညာရပ်များကို အလွယ်တကူသင်ယူနိုင်ကြပါသည်။ သို့သော် အချို့ မြို့ငယ်များမှ ဆရာ ဆရာမများသည် တက္ကသိုလ်မှာ မိမိအထူးပြုလေ့လာခဲ့သည့် ဘာသာရပ်မဟုတ်သော်လည်း အခြေအနေအရ ဘာသာရပ်တစ်ခုကို သင်ကြားပေးနေရသည်များရှိနေသဖြင့် ကျောင်းသား ကျောင်းသူများအတွက် ပညာရပ်များကို သင်ယူရာတွင် အနည်းနှင့်အများ အခက်အခဲရှိနိုင်ပါသည်။ အဆိုပါ ကျောင်းသား ကျောင်းသူများသည် အောင်ချက်မြင့်မားရေး ဟောပြောပွဲများကို တက်ရောက်ပြီး မိမိတို့နားမလည်သည့် သင်ခန်းစာအချို့ကို ဟောပြောသူ ဆရာ ဆရာမများထံ မေးမြန်းနိုင်ပါသည်။ ထို့အပြင် စာမေးပွဲ ဖြေပုံဖြေနည်းကိုပါ သိရှိနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲအောင်မြင်ရန် များစွာ အထောက်အကူပြုပါသည်။ ထို့အပြင် အချို့သောကျောင်းများတွင် ဆရာ ဆရာမများသည် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲနီးကပ်လာလျှင် တပည့်များကို အချိန်ပို သင်ကြားပေးခြင်းများလည်းရှိပါသည်။ အလွန်မွန်မြတ်သောအလုပ်ဖြစ်၍ ဂုဏ်ယူမိပါသည်။

**ဘာသာစကားအခက်အခဲ**

ဒသမတန်းတွင် မြန်မာစာ၊ စိတ်ကြိုက်မြန်မာစာ၊ ပထဝီ၊ ဘောဂဗေဒနှင့် သမိုင်းဘာသာရပ်များကို မြန်မာစာဖြင့်သင်ကြားပြီး အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များကို အင်္ဂလိပ်စာဖြင့် သင်ကြားပါသည်။ အင်္ဂလိပ်စာသည် မိမိဘာသာစကား မဟုတ်သဖြင့် အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များကို သင်ကြားသည့် ဆရာ ဆရာမများအတွက် အခက်အခဲရှိနိုင်သလို ကျောင်းသား ကျောင်းသူများအတွက်လည်း ဘာသာရပ်ကို လေ့လာကျက်မှတ်ရာတွင် အခက်အခဲတစ်ခုဖြစ်နိုင်ပါသည်။ ဒသမတန်း (Grade 10) အဆင့် ကျောင်းသား ကျောင်းသူအများစုမှာ မိမိဖော်ပြလိုသည့် အချက်များကို မြန်မာလိုသိသော်ငြားလည်း အင်္ဂလိပ်စာဖြင့် ရေးနိုင်လောက်အောင် အရည်အချင်းမရှိသေးပါ။ ဖတ်ခြင်း၊ ရေးခြင်း၊ ပြောဆိုခြင်းနှင့် ပြောသည်ကို နားလည်ခြင်း ဆိုသည့် အင်္ဂလိပ်စာအရည်အသွေးလေးခုရှိပါသည်။ မိမိ၏ ပတ်ဝန်းကျင်တွင် အင်္ဂလိပ်စကားဖြင့် ပြောဆိုဆက်သွယ်မှုမရှိသဖြင့် ဒသမတန်းကျောင်းသား ကျောင်းသူများအတွက် ပြောဆိုခြင်းနှင့် ပြောသည်ကို နားလည်ခြင်းတို့ ရနိုင်ရန်မလွယ်ကူပါ။ ရေးခြင်းနှင့် ဖတ်ခြင်း အရည်အသွေးများကိုပင် ပိုင်ပိုင်နိုင်နိုင် မရကြသေးပါ။ သို့ဖြစ်၍ ဘာသာရပ်တစ်ခုကို နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ စာမေးပွဲဖြေဆိုရန် အလွတ်ကျက်မှတ်ရခြင်းဖြစ်ပါသည်။ မြန်မာစာဖြင့် ရေးထားသည့် အကြောင်းအရာတစ်ခုကို တစ်ခေါက်၊ နှစ်ခေါက်ဖတ်ရုံဖြင့် မှတ်မိနိုင်သော်လည်း အင်္ဂလိပ်စာဖြင့် ရေးထားသည့် ထိုအကြောင်းအရာကို တစ်ခေါက်၊ နှစ်ခေါက်ဖတ်ရုံဖြင့် မမှတ်မိနိုင်၊ အလွတ်မရနိုင်ပါ။ ကိုယ်တွေ့ဖြစ်ပါသည်။

**နှစ်စဉ်ဇွန်လမှ ဖေဖော်ဝါရီလကုန်အထိ ကိုးလအကြာ သင်ယူရသည့်ဘာသာရပ်များမှာ တစ်ခုနှင့်တစ်ခု သဘာဝအကြောင်းအရာ ကွဲပြားသည့်အပြင် ဘာသာရပ်အချို့ကို အင်္ဂလိပ်စာဖြင့် သင်ယူရသောကြောင့် ရှစ်ရက်သာကြာသည့် လက်ရှိအသုံးပြုနေသော စာမေးပွဲအချိန်ဇယားကို ပြင်သင့်ပါသည်။ ဆက်တိုက်ဖြေဆိုရခြင်းမဟုတ်ဘဲ တစ်ရက်ဖြေ၊ တစ်ရက်အနားပေးသည့် စာမေးပွဲအချိန်ဇယားကို အသုံးပြုသင့်ကြောင်း ...**

**ဖြေဆိုသူများ၏အသံများ**

ကျွန်တော်သည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခဲ့သည့် ကျောင်းသား ကျောင်းသူအချို့ကို တွေ့ဆုံပြီး စာမေးပွဲနှင့် ပတ်သက်သည့် အခက်အခဲများကို မေးမြန်းခဲ့သည်မှာ ၄ နှစ် (၄ကြိမ်)ရှိပါပြီ။ ရရှိသောအဖြေများကို အောက်တွင် ဖော်ပြပါသည်-

- တစ်ဘာသာဖြေပြီး နောက်တစ်နေ့ ဖြေဆိုမည့် ဘာသာရပ်ကို ပြန်ဖတ်သည့်အခါ ဖြေဆိုပြီးသည့် ဘာသာက စာတွေ ခေါင်းထဲမှာစွဲနေလို့ တော်တော် ဖယ်ထုတ်ရပါသည်။
- စာမေးပွဲမတိုင်မီက ပိုင်ပိုင်နိုင်နိုင် ကျက်မှတ်ထားသည့် ဘာသာရပ်ဖြစ်သော်လည်း တစ်ဘာသာဖြေပြီး နောက်တစ်နေ့ဖြေဆိုမည့် ၎င်းဘာသာရပ်ကို ပြန်ဖတ်သည့်အခါ အသစ်အဆန်းလိုဖြစ်နေပါသည်။ စာတွေမှတ်မိအောင် အချိန်ယူပြီး ပြန်ကျက်ရပါသည်။
- နောက်တစ်နေ့ ဖြေဆိုမည့်ဘာသာရပ်ကို ည ၁၂ နာရီအထိ ပြန်လှန်ကျက်မှတ်ခြင်း ပြုလုပ်ပါသည်။ စာတွေကိုရအောင် အကြိမ်ကြိမ်ပြန်ကျက်နေရလို့ အစမှအဆုံးထိ မပြီးပါ။ ကျက်မှတ်နိုင်သလောက် ကျက်မှတ်ပြီးဖြေဆိုပါသည်။
- နောက်တစ်နေ့ဖြေဆိုမည့် ဘာသာရပ်ကို အစမှ အဆုံးထိ ပြီးစီးအောင် ပြန်လှန်ကျက်မှတ်ရတာ နံနက် ၁ နာရီအထိ မပြီးပါ။ ၄ နာရီအိပ်ပြီး နံနက် ၅ နာရီမှာထပြီး ပြန်ကျက်ပါသည်။ အိပ်ရေးမဝလို့ စာမေးပွဲအခန်းထဲမှာ စိတ်ကြည်လင်စွာ မဖြေနိုင်ပါ။ စာတွေရောသွားပါသည်။
- ပြန်လှန်ကျက်မှတ်ချိန် အလုံအလောက်မရလို့ စာမေးပွဲဖြေလျှင် မျှော်မှန်းထားသလောက် မဖြေနိုင်ပါ။

**တစ်ရက်ဖြေ၊ တစ်ရက်နား စာမေးပွဲအချိန်ဇယား**

အထက်ပါ အခက်အခဲများကိုကြည့်လျှင် စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ တစ်ဘာသာဖြေဆိုပြီး နောက်တစ်ဘာသာမဖြေမီ အချိန်လုံလောက်စွာ မရကြောင်းသိနိုင်ပါသည်။ အိပ်ရေးပျက်သည်အထိ ပြန်လည်ကျက်မှတ်ရသဖြင့် ကျန်းမာရေးထိခိုက်နိုင်ပါသည်။ ကျွန်တော်သည် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒ အဖြေလွှာများ စစ်ဆေးခြင်းကို နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပါသည်။ စာမေးပွဲအချိန်ဇယားအရ ဓာတုဗေဒဘာသာရပ်ဖြေဆိုပြီး ရူပဗေဒဘာသာရပ်ကို ဖြေဆိုရပါသည်။ ရူပဗေဒ အဖြေလွှာများတွင် ဓာတုဗေဒမှစာများ၊ ပုံများနှင့် ပုံသေနည်းများ ရောထွေးဖြေဆိုထားသည်ကို နှစ်စဉ်လိုလို တွေ့ခဲ့ရပါသည်။

ဒသမတန်းတွင် ဘာသာတွဲအမျိုးမျိုးရှိသည့်အနက် သိပ္ပံဘာသာတွဲတစ်ခုတည်းကို အခြေခံ၍ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်ဇယားကို ဆွေးနွေးတင်ပြပါမည်။ သိပ္ပံဘာသာတွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ် (၆)ခု ပါဝင်ပါသည်။ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်များကို ဆက်တိုက်ဖြေဆိုရပြီး နှစ်ရက်နားပါသည်။ ထို့နောက် ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များကို ဆက်တိုက်ဖြေဆိုရပါသည်။ စာမေးပွဲစစ်ဆေးချိန် ရှစ်ရက်ကြာပါသည်။ အကယ်၍ တစ်ရက်ဖြေ၊ တစ်ရက်နားသည့် စာမေးပွဲအချိန်ဇယားကို အသုံးပြုလျှင် စာမေးပွဲစစ်ဆေးချိန် ၁၁ ရက်ကြာပါမည်။ သုံးရက်သာ ပိုပါမည်။ ဤသုံးရက်ကိုသာ အချိန်ပေးလိုက်လျှင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ မျှော်မှန်းထားသည့် ရလဒ်ကောင်း ရရှိနိုင်ပါသည်။ ပြန်လှန်ကျက်မှတ်ချိန်ပိုပြီး ရရှိသဖြင့် အမှတ်အနည်းငယ်လိုအပ်၍ ကျရှုံးသူ အရေအတွက်လည်း လျော့ကျပြီး အောင်ချက်ရာနှုန်းတက်လာနိုင်ပါသည်။ မျှော်မှန်းထားသည့် ဂုဏ်ထူးများလည်းရရှိနိုင်ပါသည်။

နှစ်စဉ်ဇွန်လမှ ဖေဖော်ဝါရီလကုန်အထိ ကိုးလအကြာ သင်ယူရသည့်ဘာသာရပ်များမှာ တစ်ခုနှင့်တစ်ခု သဘာဝအကြောင်းအရာ ကွဲပြားသည့်အပြင် ဘာသာရပ်အချို့ကို အင်္ဂလိပ်စာဖြင့် သင်ယူရသောကြောင့် ရှစ်ရက်သာကြာသည့် လက်ရှိအသုံးပြုနေသော စာမေးပွဲအချိန်ဇယားကို ပြင်သင့်ပါသည်။ ဆက်တိုက်ဖြေဆိုရခြင်းမဟုတ်ဘဲ တစ်ရက်ဖြေ၊ တစ်ရက်အနားပေးသည့် စာမေးပွဲအချိန်ဇယားကို အသုံးပြုသင့်ကြောင်း အကြံပြုပါသည်။

ဤဆောင်းပါး၏ခေါင်းစဉ်တွင် “ပြင်သင့်သည့်” စကားလုံးကို အသုံးပြုထားပါသည်။ “ပြင်ပေးရမည်”ဟု မသုံးပါ။ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ဝင်စာမေးပွဲနှင့် သက်ဆိုင်သည့် တာဝန်ရှိသူများ စဉ်းစားဆုံးဖြတ်ရန်သာ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် မတ်လတွင် ပြုလုပ်မည့် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်ရက်ဖြေ၊ တစ်ရက်နား အစီအစဉ်ဖြင့်ကျင်းပမည်ဆိုလျှင် ကျောင်းသား ကျောင်းသူများနှင့်အတူ မိဘများလည်း ဝမ်းသာဝမ်းမြောက်ဖြစ်မည်ဟု ယုံကြည်မိပါသည်။ ။

# စည်းကမ်းပျက် YBS ယာဉ်လိုင်းများအား လိုင်းပိတ်သိမ်းကာ ယာဉ်အသစ်များဖြင့် အစားထိုးပြေးဆွဲမည်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် YBS ယာဉ်လိုင်းများတွင် စည်းကမ်းပျက် ယာဉ်လိုင်းများအား လိုင်းပိတ်သိမ်းအရေးယူမည်ဖြစ်ပြီး အဆိုပါယာဉ်လိုင်းများနေရာတွင် ယာဉ်အသစ်များဖြင့် အစားထိုးပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

YBS ယာဉ်လိုင်းများအနက် ယာဉ်လိုင်းအချို့ စည်းကမ်းချိုးဖောက်မှုများ များပြားလာပြီး အများပြည်သူ ဝေဖန်မှုမြင့်တက်လာမှုအပေါ် အဆိုပါစည်းကမ်းပျက် ယာဉ်လိုင်းများအား ကြပ်မတ်ဆောင်ရွက်ကာ လိုင်းပြေးဆွဲနေမှုကို ပိတ်သိမ်းအရေးယူမည်ဖြစ်ပြီး အစိုးရအစီအစဉ်ဖြင့် ပြည်ပမှ တင်သွင်းလာသော ယာဉ်အသစ်များဖြင့် အစားထိုးပြေးဆွဲမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အခုဆိုရင် အစိုးရအစီအစဉ်နဲ့ တင်သွင်းလာတဲ့ ကားအစီး ၁၀၀၀ မှာ သုံးပုံနှစ်ပုံလောက်က ယာဉ်လိုင်းတွေထဲမှာ ပြေးဆွဲနေပြီ တစ်ပုံလောက်တော့ ပြေးဆွဲဖို့ ကျန်သေးတယ်၊ အခုဆိုရင် စည်းကမ်းပျက်တဲ့ ယာဉ်လိုင်းတွေကိုလည်း လိုင်းပိတ်သိမ်းအရေးယူဖို့ လုပ်သွားမယ်၊ စည်းကမ်းမလိုက်နာရင် လိုင်းပိတ်မယ်၊ ပြီးရင် ကျန်နေသေးတဲ့ ကားသစ်တွေနဲ့ အစားထိုးပြေးဆွဲမယ်၊ ကားသစ်တွေ ပြေးဆွဲတဲ့နေရာမှာ ပုဂ္ဂလိကပိုင်းက တင်သွင်းလာတဲ့ကားတွေလည်းရှိသေးတယ်”ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တရုတ်နိုင်ငံ Ankai နှင့် Yutong ကုမ္ပဏီတို့မှ မြို့တွင်းပြေးဘတ်ကား အစီး ၁၀၀၀ ဝယ်ယူခဲ့ရာတွင် အစီးရေ ၂၀၀ ကျော်မှာ ယာဉ်လိုင်းများအတွင်း ဝင်ရောက်ပြေးဆွဲရန် ကျန်ရှိနေသေးကြောင်း အဆိုပါသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့ YBS ယာဉ်လိုင်းများကို စီမံခန့်ခွဲရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမှုဆောင်အရာရှိချုပ်တစ်ဦးကို ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ခန့်အပ်ဆောင်ရွက်စေခဲ့ပြီး လက်ရှိ ပုဂ္ဂလိကယာဉ်လိုင်းများအား အများပိုင်ကုမ္ပဏီအဆင့်အဖြစ် စနစ်တကျ ထူထောင်နိုင်ရန်နှင့် တစ်ဦးတစ်ယောက်ချင်းပိုင်ယာဉ်များ၊ အစုအဖွဲ့ယာဉ်လိုင်းများကိုလည်း စနစ်တကျ ကုမ္ပဏီထူထောင်နိုင်ရန် တာဝန်ပေး ဆောင်ရွက်စေလျက်ရှိသည်။

YBS ယာဉ်လိုင်းများတွင် ကုမ္ပဏီယာဉ်လိုင်းများအား ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် ထိရောက်မှုရှိသော်လည်း တစ်ဦးတစ်ယောက်ချင်းပိုင်ယာဉ်များ၊ ကုမ္ပဏီအဖြစ် ဖွဲ့စည်းထူထောင်နိုင်ခြင်း မရှိသေးသော ယာဉ်လိုင်းများအား ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရာတွင် အခက်အခဲများရှိနေဆဲဖြစ်သည်။ ယင်းကြောင့် ယာဉ်လိုင်းများအား စီမံခန့်ခွဲဆောင်ရွက်ရန် အမှုဆောင်အရာရှိချုပ်တစ်ဦး ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး အများပိုင်ကုမ္ပဏီ ထူထောင်နိုင်ရန်နှင့် တစ်ဦးချင်းပိုင်ယာဉ်များအား စီမံခန့်ခွဲနိုင်ရန်၊ စည်းကမ်းပျက်ယာဉ်များအား စနစ်တကျ ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။



လက်ရှိ YBS တွင် အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းပြီးသည့် ကုမ္ပဏီ ၁၇ ခုခန့်ရှိနေပြီး အများပိုင်မဖွဲ့နိုင်သေးသည့် အဖွဲ့ ၁၅ ဖွဲ့၊ ယာဉ်လိုင်း ၁၀၀ ခန့်၊ ယာဉ်အစီးရေ ၄၀၀၀ ခန့်ဖြင့် YBS ယာဉ်လိုင်းမှ ခရီးစဉ်များကို ပြေးဆွဲလျက်ရှိသည်။ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလတွင် စတင်ပြောင်းလဲခဲ့သည့် YBS စနစ်မှာ ယခု ၁၁ လတာကာလအတွင်းသို့ ရောက်ရှိနေပြီဖြစ်ပြီး ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးစနစ်ပြောင်းလဲမှုမှာ မကြာမီ တစ်နှစ်သက်တမ်းသို့ ရောက်ရှိတော့မည်ဖြစ်သည်။ သို့သော် ယာဉ်လမ်းကြောင်းများ၊ ယာဉ်လိုင်းများ အသားမကျသေးသလို ယာဉ်အစီးရေ ရှားပါးမှုကြောင့် ခရီးသည်များမှာ ကြားကားများကို အားကိုးနေရဆဲဖြစ်ကြောင်း နေ့စဉ် လိုင်းကားစီးခရီးသည် ရန်ကုန်မြို့ခံများက ပြောသည်။ ၀၀၁

## ပြည်တွင်းရေးရာ

**○ ပြည်သူ့လွှတ်တော်မှ**

ဆက်လက်၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်နှင့် မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားခဲ့သည်။

ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ **လူငယ်လူရွယ်များ အကျင့်စာရိတ္တပျက်ပြားစေခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေခြင်းတို့ကြောင့် IT နည်းပညာသုံးစွဲမှုကို လိုအပ်သလို စောင့်ကြည့်ထိန်းကျောင်းနိုင်ရန် Monitoring ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး နေဝင်းက မြန်မာနိုင်ငံသည် အင်တာနက်ကို လူတိုင်းသုံးစွဲနိုင်သည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သော်လည်း အကျိုးရှိစွာ အသုံးပြုမှုမှာ လွန်စွာအားနည်းနေသည်ကို တွေ့ရှိရပါကြောင်း၊ ဆိုရှယ်မီဒီယာ (အထူးသဖြင့် Facebook) သုံးစွဲရာတွင်လည်း လိုက်နာသင့်သည့် ကျင့်ဝတ်များကို သိရှိနိုင်စေရန် အခြားမီဒီယာများမှတစ်ဆင့် ပညာပေးသင့်ပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေသော အသုံးအနှုန်းများ၊ ကြည့်ရှုအသုံးပြုသူများအတွက် အကျိုးမဲ့စေသည့် အကြောင်းအရာ၊ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေသည့် အကြောင်းအရာများ၊ လူတစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ အဖွဲ့အစည်း တစ်ခုနှင့်တစ်ခုအကြား၊ ဘာသာတစ်ခုနှင့် တစ်ခုအကြား အမုန်းပွားစေမည့် အကြောင်းအရာ အချက်အလက်များ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ထိခိုက်စေမည့် အချက်များ၊ တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေမည့် ဖော်ပြချက်များ မဖြစ်စေရန် အထူးပင် အရေးကြီးပါကြောင်း၊ ဆိုရှယ်မီဒီယာများသည် လူထုကို စည်းရုံးလှုံ့ဆော်ရာတွင် အကောင်းဆုံးနှင့် အထိရောက်ဆုံး လက်နက်ဖြစ်သည့်အတွက် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအနေဖြင့် အကျိုးရှိပြီး အကျိုးပြုသော နယ်ပယ်တွင်သာ တွင်တွင်ကျယ်ကျယ် အသုံးပြုသင့်ပါကြောင်း။

မြန်မာနိုင်ငံတွင် ယခင်က Sim Card များကို အလွယ်တကူ ဝယ်ယူနိုင်သော်လည်း နောက်ပိုင်းတွင် နိုင်ငံတကာနည်းတူ Sim Card များကို နိုင်ငံသားစိစစ်ရေးကတ်ဖြင့် မှတ်ပုံတင်ပြုလုပ်၍ အသုံးပြုစေခဲ့ပါကြောင်း၊ online မှ မှတ်ပုံတင်ခြင်းသည် လွယ်ကူစေသည် မှန်သော်လည်း မသမာသည့်နည်းဖြင့် မှတ်ပုံတင်နိုင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ကိုယ်စားဝယ်ယူမှု၊ အလွယ်တကူ လက်လွှဲလက်ပြောင်း လုပ်နေမှုများ တွေ့ရှိရပါကြောင်း၊ Sim Card များအား ထိရောက်မှုရှိပြီး စနစ်တကျ မှတ်ပုံတင်၍ ရောင်းချခြင်းကို တာဝန်ရှိသူ၊ ကုမ္ပဏီများအနေဖြင့် ထိထိရောက်ရောက် စိစစ်ကြပ်မတ်သင့်ပါကြောင်း၊ နိုင်ငံတွင်လည်း Cyber Law ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသဖြင့် အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း၊ လူမှုကွန်ရက်များကို လူငယ်လူရွယ်များ အလွန်အကျွံအသုံးပြုနေခြင်း၊ အမုန်းတရား ပွားများအောင် မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်နေမှုများကိုလည်း လူတစ်ဦးချင်း၏ အသိတရားဖြင့် ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်း၊ ဌာနများအလိုက် ပညာပေးကြပ်မတ်ခြင်း၊ မီဒီယာများဖြင့် ကျယ်ပြန့်စွာ အသိပညာပေးခြင်း၊ လူထုကို စည်းရုံးဟောပြောခြင်း၊ ပြစ်မှုကျူးလွန်သူများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ နွားထိုးကြီး မဲဆန္ဒနယ်မှ ဦးနေထူးအောင်၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်နှင့် အလုံမဲဆန္ဒနယ်မှ ဦးရဲလင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲသူအများစုသည် Facebook, Messenger, Viber,Twitter အစရှိသည့် ဆိုရှယ်မီဒီယာများကို အသုံးပြုလျက်ရှိပြီး Facebook အား အများဆုံး သုံးစွဲလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ခန့်မှန်းခြေအရ သုံးစွဲသူ ၁၄ သန်းခန့်ရှိကြောင်း၊ ဆိုရှယ်မီဒီယာ သုံးစွဲခြင်းဖြင့် မိုးလေဝသ အခြေအနေ၊ သဘာဝဘေးအန္တရာယ် အခြေအနေ၊ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးသတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိလာနိုင်ကြပြီး ပြည်သူများ၏ အသိပညာဗဟုသုတများ တိုးတက်လာကြပါကြောင်း၊ သို့သော်လည်း သတင်းအချက်အလက်များကို အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိပါက လူငယ်လူရွယ်များ အကျင့်စာရိတ္တပျက်ပြားစေခြင်း၊ လောင်းကစားမှုများ ပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း၊ လိင်စေ့ဆော်မှုပြုလုပ်ခြင်း၊ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့၏ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အရှက်ရစေရန် လုပ်ကြံဖန်တီးစွပ်စွဲခြင်း၊ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများ ဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်းတို့ကြောင့် ရပ်ရွာတည်ငြိမ်အေးချမ်းမှုပျက်ပြားစေခြင်း စသည်တို့ဖြစ်ပါက နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် ထိခိုက်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လာနိုင်ပါကြောင်း။

ဆိုရှယ်မီဒီယာ အသုံးပြုသူများအား တာဝန်သိသည့်၊ တာဝန်ကျေပွန်သည့် လူမှုကွန်ရက် အသုံးပြုသူများ ဖြစ်စေရေးအတွက် ပြည်သူလူထုအား ပညာပေးခြင်း၊ လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများအား ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် ဆိုရှယ်မီဒီယာနှင့် လူမှုကွန်ရက် ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုမှ အဆင့်မြင့်နည်းပညာများ အသုံးပြု၍ စောင့်ကြပ်ကြည့်ရှုဖော်ထုတ်အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုက စောင့်ကြည့်ဖော်ထုတ်အရေးယူခြင်းကို ဆောင်ရွက်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၊ ရှေ့နေချုပ်ရုံးများနှင့် ညှိနှိုင်းပြီး Monitoring လုပ်ရန်အတွက် ပုဂ္ဂလိကအခွင့်အရေးကို ကာကွယ်သည့် ဥပဒေကို မထိခိုက်စေဘဲ အခြေခံဥပဒေပါ အချက်အလက်များနှင့်အညီ ပြည်သူများ၏ လွတ်လပ်ခွင့်ကို မထိခိုက်စေဘဲ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက တင်သွင်းသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**



## တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ (Defence & Security 2017) သို့ တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ထိုင်းဘုရင့်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ် Gen. Ponpipaat Benyasri နှင့် ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်ပုံ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Jukr Boon-Long၊ ထိုင်းဘုရင့်တပ်မတော် ရေတပ်စစ်သံမှူးနှင့် လေတပ်စစ်သံမှူးတို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။**(အပေါ်ပုံ)** **သတင်းစဉ်**

## စာစီစာကုံး၊ ပန်းချီ၊ ကဗျာရွတ်၊ ဆေးရောင်ခြယ်၊ ပုံပြောပြိုင်ပွဲများ ကျင်းပ

**လှိုင်သာယာ နိုဝင်ဘာ ၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်သာယာမြို့နယ် Community Centre ခန်းမ၌ အမျိုးသားနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ ပြိုင်ပွဲအသီးသီးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိသူ ကျောင်းသား ကျောင်းသူ ၃၁ ဦးအား တက်ရောက်လာသည့် ဌာနဆိုင်ရာအကြီးအကဲနှင့် အသင်းအဖွဲ့များက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ ထိပ်သီးအစည်းအဝေး ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း တက်ရောက်ခဲ့




**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် နိုဝင်ဘာ ၆ ရက်က ကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၄)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (4th ASEANSAI Summit) သို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ အရှေ့တောင်အာရှနိုင်ငံများမှ စာရင်းစစ်ချုပ်များနှင့် ကိုယ်စားလှယ်များ၊ အလျှုရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး Strategic Planning Committee၊ Rules and Procedures Committee၊ Knowledge Sharing Committee၊ Training Committee၊ Head of Administration Function နှင့် Head of Secretariat Function တို့၏ ၂၀၁၅-၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများကို ရှင်းလင်းတင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ၊ Rules and Procedures ပြင်ဆင်မှုနှင့် ၂၀၁၈-၂၀၂၀ ခုနှစ် မဟာဗျူဟာစီမံချက် စသည်တို့ကို အတည်ပြုခြင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ကော်မတီအသီးသီး၏ လုပ်ငန်းစီမံချက်များနှင့် ဘတ်ဂျက်များ၊ အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ဘတ်ဂျက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အတည်ပြုချက် ရယူခဲ့ကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်စာရင်းစစ်ရုံး ဥက္ကဋ္ဌအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ စာရင်းစစ်ချုပ်အား လည်းကောင်း၊ ၂၀၁၈-၂၀၂၃ သက်တမ်းအတွက် အတွင်းရေးမှူးရုံးအဖြစ် အင်ဒိုနီးရှားနိုင်ငံ စာရင်းစစ်ချုပ်ရုံးအား လည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များအတွက် ဘဏ္ဍာရေးရှင်းတမ်း စစ်ဆေးမည့် စာရင်းစစ်အဖြစ် ထိုင်းနိုင်ငံ စာရင်းစစ်ချုပ်ရုံးအား လည်းကောင်း ခန့်အပ်မှုတို့ကို အတည်ပြုခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

✳ ချင်းပြည်နယ်မှ

ယင်းလေယာဉ်ကွင်း တည်ဆောက်ရန် စီမံကိန်း တစ်ခုလုံးအတွက် နိုင်ငံတော်က ရန်ပုံငွေကျပ် ၂၅ ဘီလီယံ အသုံးပြုရန် လျာထားပြီး ယခုအချိန်တွင် ငွေကျပ်သန်းပေါင်း ၂၉၀၀ အထိ အသုံးပြုထားပြီးဖြစ်ကြောင်း၊ လေယာဉ်ကွင်း တည်ဆောက်မှုပြီးစီးပါက ART-72 လေယာဉ်များပါ ဆင်းသက်နိုင်ရန် ခံနိုင်ရည်စွမ်းအား ပေါင် ၅၀၀၀၀ ရှိသော လေယာဉ်ပြေးလမ်း အရှည်ပေ ၆၀၀၀၊ အကျယ်ပေ ၁၀၀ နှင့် လေယာဉ်ရပ်နားရန်နေရာကို အလျားပေ ၂၅၀၊ အနံ ပေ ၂၅၀ သတ်မှတ်ထားကြောင်း၊ အလျားပေ ၂၀၀၊ အနံ ၈၆ ပေရှိ လေဆိပ်အဆောက်အအုံနှင့် Control Tower များကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ကွင်း တည်ဆောက်ပြီးစီးသွားပါက ချင်းပြည်နယ်မြောက်ပိုင်းရှိ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ရိခေါဒါရ်မြို့များ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တို့နှင့် အလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များလည်း လာရောက်လည်ပတ်ရန် လွယ်ကူလာမည်ဖြစ်သည့်အပြင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် တံခါးပေါက်တစ်ခုဖြစ်လာမည့် ဖလမ်းလေယာဉ်ကွင်း ဆူရဘုန်လေဆိပ်သည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအနက် ချင်းပြည်နယ်သည် လေယာဉ်ကွင်းမရှိသေးသည့် တစ်ခုတည်းသောပြည်နယ်ဖြစ်ကြောင်း သိရသည်။

ဂျိုးနက်

## ၂၀၁၇ ခုနှစ်၊ ၉၇ နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး၊
- ☆ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
- ☆ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

# ပိုလ်ဗထူး တန်ဖိုးမျှတအိမ်ရာစီမံကိန်း(ဒုတိယအဆင့်)မှ နေအိမ်တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ပေးသွင်းနိုင်ပြီ

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Myanmar V-Pile ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လျက်ရှိသော မြေနေရာဧရိယာ ၁၄ ဒသမ ၈၉ ဧကပေါ်၌ ဆောက်လုပ်နေသည့် ပိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း(ဒုတိယအဆင့်)ရှိ နေအိမ်တိုက်ခန်းများကို မဲဖောက်ရောင်းချပေးခဲ့ပြီး ဖြစ်သောကြောင့် ဝယ်ယူခွင့်ရရှိသူများသည် နေအိမ်တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းအား ပေးသွင်းနိုင်ပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။



အဆိုပါ နေအိမ်တိုက်ခန်း ဝယ်ယူခွင့်ရရှိသူများသည် နေအိမ်တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းအား အောက်တိုဘာ ၁၇ ရက်မှ စတင်၍ ပေးသွင်းနိုင်ပြီဖြစ်ပြီး ဒီဇင်ဘာ ၁၇ ရက်ထိ နောက်ဆုံးထား အပြီးပေးချေရမည်ဖြစ်ကြောင်း၊ အဆိုပါ ပိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း(ဒုတိယအဆင့်)ရှိ နေအိမ်တိုက်ခန်းများ ဝယ်ယူခွင့်ရရှိသူများစာရင်းအား အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဆယ်ထပ်ရုံးမြေညီထပ်၌ အောက်တိုဘာ ၃ ရက်က အသိပေးကြေညာထားပြီးဖြစ်ပြီး သတ်မှတ်ကာလအတွင်း ငွေစတင်ပေးသွင်းမှုမရှိသည့် နေအိမ်တိုက်ခန်းများ ဝယ်ယူခွင့်ကို ပယ်ဖျက်၍ အရန်စာရင်းကြီးစဉ်အရ ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားသည်။

အဆိုပါ တန်ဖိုးငွေကျပ် ဘီလီယံ ၃၀ ခန့် ကုန်ကျဆောက်လုပ်မည့် ပိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း(ဒုတိယအဆင့်)မှာ လက်ရှိလူနေထိုင်နေကြပြီဖြစ်သော ပိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း(ပထမအဆင့်) အနီး၌ ဆောက်လုပ်နေခြင်းဖြစ်ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ပိုလ်မှူးဗထူးလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်ဆုံရာနေရာ၌ တည်ရှိသည်။

ပိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း (ဒုတိယအဆင့်)၌ အိမ်ခန်း စတုရန်းပေ ၉၀၀ အကျယ်အဝန်းရှိ အထပ်မြင့် ရှစ်ထပ်တိုက်အဆောက်အအုံ ၁၉ လုံးနှင့် အိမ်ခန်း စတုရန်းပေ ၆၀၀ အကျယ်အဝန်းရှိ အထပ်မြင့် ရှစ်ထပ်တိုက်အဆောက်အအုံ ရှစ်လုံးတို့ကို ဆောက်လုပ်မည်ဖြစ်ပြီး စုစုပေါင်း အဆောက်အအုံ ၂၇ လုံး ဆောက်လုပ်သွားမည်ဖြစ်ကာ အိမ်ခန်းပေါင်း ၈၆၄ ခန်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ ပိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း(ဒုတိယအဆင့်)၏ ပိုင်ရိုက်ခြင်းနှင့် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အခန်းများ၏ ရောင်းဈေးအနေဖြင့် စတုရန်းပေ ၆၀၀ ရှိ အခန်းအား ငွေကျပ် ၂၆၇ သိန်းနှင့် ၂၈၅ သိန်းဖြင့်လည်းကောင်း၊ ပေ ၉၀၀ စတုရန်းရှိအခန်းအား ငွေကျပ် ၃၅၉ သိန်းနှင့် ၃၇၇ သိန်းဖြင့်လည်းကောင်း ရောင်းချပေးထားပြီး အခန်းဝယ်ယူခွင့်ရရှိသူများသည် အခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ဝယ်ယူပြီး နှစ်လအတွင်း အပြီးသတ် ငွေပေးသွင်းရန် သတ်မှတ်ထားကြောင်း သိရသည်။

လက်ရှိစီမံကိန်းဆောင်ရွက်နေသော ပိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း(ဒုတိယအဆင့်)မှ တိုက်ခန်းများအား ဝယ်ယူနေထိုင်ကြသည့် ပြည်သူများ ခေတ်မီစွာနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းခွင်မှ စုံစမ်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**

○ ကျောဖုံးမှ

ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး ဥဇဘက်ကစ္စတန်နှင့်ပွဲကိုလည်း နှစ်ပွဲဆက်တိုက် ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၉ ရက်တွင် မြန်မာနှင့် ဗီယက်နမ်၊ ထိုင်းနှင့် ဂျပန်၊ ဒီဇင်ဘာ ၁၁ ရက်တွင် ဂျပန်နှင့် မြောက်ကိုရီးယား၊ မြန်မာနှင့် ဥဇဘက်ကစ္စတန်၊ ဒီဇင်ဘာ ၁၃ ရက်တွင် ဥဇဘက်ကစ္စတန်နှင့် ဗီယက်နမ်၊ မြောက်ကိုရီးယားနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်းကို ပဏာမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာယူ-၂၃ အသင်းသည် နိုဝင်ဘာ ၆ ရက်မှစ၍ လေ့ကျင့်မှု ပြုလုပ်လျက်ရှိပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် လိုက်ပါသွားသည့် နည်းပြအဖွဲ့နှင့် ကစားသမား ၁၁ ဦးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာမှသာ ပူးပေါင်းနိုင်မည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ထီလက်မှတ်အတုဖြင့် ကျပ်သိန်း ၅၀၀၀ ဆု လာရောက်ထုတ်ယူမှု စစ်ဆေးတွေ့ရှိ အရေးယူထား

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်မြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲသို့ ထီလက်မှတ်အတုဖြင့် ကျပ်သိန်း ၅၀၀၀ ဆု လာရောက်ထုတ်ယူမှုကို စစ်ဆေးတွေ့ရှိခဲ့ပြီး ကျောက်တံတားမြို့မရဲစခန်းက နိုဝင်ဘာ ၈ ရက်တွင် ကျောက်တံတားမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲသို့ ဒေါ်-----(၆၁)နှစ် တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူသည် နိုဝင်ဘာ ၇ ရက်က အောင်ဘာလေရုံးသို့ ရောက်ရှိလာပြီး (၆)ကြိမ်မြောက် အောင်ဘာလေထီလက်မှတ် ကခ-၂၀၁၁၈၃ ဖြင့် ကျပ်သိန်း ၅၀၀၀ ဆုရလက်မှတ် လာရောက်ထုတ်ယူခဲ့သဖြင့် ဆုရလက်မှတ် မှန်/မမှန် စစ်ဆေးခဲ့ရာ အတုဖြစ်သဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ကျောက်တံတားမြို့မရဲစခန်းသို့ တိုင်တန်းခဲ့ခြင်းဖြစ်သည်။

“ထီလက်မှတ် မှန်ကန်မှုရှိ မရှိ စစ်ဆေးရာမှာ အတုဖြစ်နေတဲ့အတွက် ဌာနမှတာဝန်ရှိသူတစ်ဦးက တရားလိုပြုလုပ်ပြီး သက်ဆိုင်ရာကို တိုင်ကြားလိုက်တာပါ”ဟု အောင်ဘာလေ သိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ထီလက်မှတ်အတုဖြင့် လာရောက်ထုတ်ယူသူအား ကျောက်တံတားမြို့မရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ ၄၆၈(အတုပြုလုပ်မှု) ဖြင့် နိုဝင်ဘာ ၈ ရက်တွင် ကျောက်တံတားမြို့နယ် တရားရုံးသို့ ကျောက်တံတားမြို့ရဲစခန်း (က/ခ) ပုံစံဖြင့် ဦးတိုက်လျှောက်ထားခဲ့ကြောင်း သိရသည်။

**ဝဝ၁**

# ကလေးငယ်တစ်ဦး တွေ့ရှိသည့် စပါးအုံးမြွေကြီးတစ်ကောင် ထိန်းသိမ်းစောင့်ရှောက်ထား



**မုံရွာ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အောင်သာယာကျေးရွာ အနီး၌ နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက ကြီးမားသည့် စပါးအုံးမြွေကြီး တစ်ကောင်ကို ကလေးငယ်တစ်ဦးက စတင်တွေ့ရှိခဲ့ရာ ကျေးရွာလူငယ်များက ဖမ်းယူ၍ အေးယင်သာယာကျေးရွာတွင် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ကိုဝင်းဇော်ခိုင်ထံမှ သိရသည်။

“တွေ့ထားတဲ့မြွေကြီးကို လက်ရှိရွာမှာထိန်းသိမ်းထားပြီး ဘေးအန္တရာယ်ကင်းတဲ့နေရာမှာ လွှတ်ရမလား၊ လှူမလားဆိုတာ တိုင်ပင်နေကြပါတယ်၊ ဘေးမဲ့တောမှာ လွှတ်တာဖြစ်ဖြစ်၊ ထိန်းသိမ်းစောင့်ရှောက်ကျွေးမွေးသွားမယ့်သူရှိရင်လည်း လှူချင်ပါတယ်၊ အဓိကက သတ်မယ့်သူလက်ထဲ မရောက်စေချင်ပါဘူး”ဟု ကိုဝင်းဇော်ခိုင်က ပြောသည်။

တွေ့ရှိသော စပါးအုံးမြွေကြီးသည် အရှည် ၈ ပေ ၁၁ လက်မခန့်ရှိပြီး ဓာတ်ဘူးအရွယ် လုံးပတ်ရှိကြောင်း သိရပြီး လက်ရှိတွင် အောင်သာယာကျေးရွာတွင် လူငယ်များကထိန်းသိမ်းထားကြောင်း သိရသည်။

“အခုမှ တွေ့တာဆိုတော့ ထားဖို့သူ့ကိုကျွေးဖို့တွေကို လုပ်နေကြပါတယ်၊ အလောင်းတော် ကဿပ အမျိုးသားဥယျာဉ်ကို ပို့ပေးဖို့လည်း စဉ်းစားနေကြပါတယ်”ဟု အောင်သာယာကျေးရွာ လူငယ်တစ်ဦးက ပြောသည်။

ကနီမြို့တစ်ဖက်ကမ်း ကနဲမြို့မှ တစ်ဆင့် ငါးမိုင်ခန့်ဝေးသော အောင်သာယာကျေးရွာတွင် စပါးအုံးမြွေကြီးကို တွေ့ရခြင်းဖြစ်ပြီး လက်ရှိတွင် သက်ဆိုင်ရာ သစ်တောဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် နှစ်လခန့်က မုံရွာမြို့ စက်မှုဇုန်စက်ရုံဝင်းအတွင်း စပါးအုံးမြွေတစ်ကောင်ကို တွေ့ရာ စက်မှုဇုန်လူမှုရေးနှင့် သစ်ပင်စိုက်ပျိုးနေသူများ စုပေါင်း၍ ဖမ်းဆီးကာ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနသို့ လွှဲအပ်ခဲ့ရာ နောက်နေ့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန အစီအစဉ်ဖြင့် အလောင်းတော်ကဿပဘေးမဲ့တောအတွင်း ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့**
**ပြည်ထောင်စု ငြိမ်းချမ်းရေး တည်ဆောက်စို့**

# ရခိုင်ပြည်နယ်သတင်း



## ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးစီမံကိန်းအတွက် မြန်မာနိုင်ငံ ရပ်ရှင်အစည်းအရုံးက ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)အတွက် ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

## စစ်တွေပြည်သူ့ဆေးရုံ ဘက်စုံအဆင့်မြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ရှိ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဖျားနာလူနာဆောင်၊ သားဖွားဆောင်၊ လူနာလက်ခံကြိုဆိုရေးဌာန၊ ဆေးမှတ်တမ်းဌာန၊ ဆေးသိုလှောင်ခန်း၊ ပြင်ပလူနာဌာန၊ အရေးပေါ်လူနာကုသမှုဌာနတွင် လူနာလက်ခံကုသပေးနေမှုများ၊ လူနာဆောင်များရှိ သန့်စင်ခန်းများ၏ အခြေအနေ၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဆေးရုံ၏ ကုသမှုလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဆရာဝန်၊ သူနာပြုများမှ စနစ်တကျ ကုသပေးနေမှုများ၊ စနစ်တကျ စာရင်းဇယား မှတ်တမ်းရေးသွင်းမှုများပြုလုပ်၍ လူနာများအား ကုသစောင့်ရှောက်မှုပေးခြင်းကို တွေ့ရှိရသည့်အတွက် အထူးကျေနပ်ပါကြောင်း၊ သားဖွားဆောင်၊ ဖျားနာဆောင်နှင့် ကလေးကုသဆောင်များတွင် လူနာများပြားလျက်ရှိသည်ကို တွေ့ရပါကြောင်း၊ လူနာများ ယခုထက် ပိုမိုနေရာကျယ်ဝန်းစွာရရှိပြီး စိတ်ချမ်းမြေ့စွာ ကုသမှုခံယူနိုင်ရန်နှင့် အထွေထွေသန့်ရှင်းရေး ယခုထက် ပိုမိုကောင်းမွန်စေရန် လိုအပ်ချက်များကို လေ့လာပံ့ပိုးပေးနိုင်မည့် ဗဟိုမှ အဖွဲ့တစ်ဖွဲ့အား စေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Ms. Tone Tinnes နှင့် အဖွဲ့အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ စစ်တွေပြည်သူ့ဆေးရုံ ဘက်စုံအဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## မောင်တောမြို့နယ် တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့က နွားနှင့် ဆိတ်များအား ကုသကာကွယ်ဆေး ထိုးနှံ

**မောင်တော နိုဝင်ဘာ ၈**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ နွား ၂၆၂ ကောင်အား ကာကွယ်ကုသဆေး ထိုးနှံပေးခြင်း၊ ဆိတ် ၆၁၃ ကောင်အား ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ ဆိတ်တစ်ကောင်၊ ငါးခူရ ပတ်ဝန်းကျင်ကျေးရွာရှိ နွားနှစ်ကောင်၊ ဆိတ်နှစ်ကောင် စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်လေးကောင်အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၆၂ ကောင်အား ကာကွယ်ကုသဆေး ထိုးနှံပေးခြင်း၊ ဆိတ် ၆၁၃ ကောင်အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## စစ်တွေမြို့နယ် ခတင်ပိုက်ကျေးရွာတွင် မိုးစပါး စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်

**စစ်တွေ နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ခတင်ပိုက်ကျေးရွာ ကွင်းအမှတ်(၅၂၇)၊ ဦးပိုင်အမှတ်(၃၈) တောင်သူ ဦးထွန်းသာ၏ ဆင်းသွယ်လတ် မိုးစပါးစိုက်ခင်း၌ စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၅ ရက်က ဆောင်ရွက်သည်။ အဆိုပါ စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို စစ်တွေခရိုင် မျိုးစေ့တာဝန်ခံ ဦးတင်အောင်နှင့် ခရိုင်ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူး ဦးတင်အေးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၁ ဦးဖြင့် ဆောင်ရွက်ခဲ့သည်။

စစ်တွေမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး ၂၃၁၈၈ ဧက စိုက်ပျိုးထားရှိပြီး ဆင်းသွယ်လတ်စပါးမျိုးမှာ စိုက်ဧက ၄၅၀၀ စိုက်ပျိုးထားရှိကာ တောင်သူအများဆုံး စိုက်ပျိုးလျက်ရှိသော မျိုးကွဲဖြစ်သည်။

ယခုအချိန် စပါးများရင့်မှည့်လာပြီဖြစ်၍ ဆင်းသွယ်လတ် စပါးမျိုးကို စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစို ၉၇ ဒသမ ၆၃ တင်း၊ အခြောက် ၈၈ ဒသမ ၇၃ တင်း ထွက်ရှိကြောင်းနှင့် ဆင်းသွယ်လတ် စပါးမျိုးသည် ရခိုင်ပြည်နယ်၏ ရေမြေဒေသနှင့် ကိုက်ညီပြီး တောင်သူများ အထူးကြိုက်နှစ်သက်သည့် ဈေးကွက်ရှိသော စပါးမျိုးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တွေခရိုင် ပေါက်တောမြို့နယ်တွင် မိုးစပါး စံကွက်ရိတ်သိမ်း

**ပေါက်တော နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ရွာချောင်းကြီးကျေးရွာအုပ်စု တောင်သူ ဦးကျော်စိန်၏ စာပစိကောက်လျှင် (ဒေသစပါးမီးဒုံးအုပ်စု) စပါးခြောက်ဧက စိုက်ခင်း၌ နိုဝင်ဘာ ၃ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို ခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းနှင့် ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဦးနိုင်းနိုင်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းဌေးနှင့် ဝန်ထမ်းများ၊ ပေါက်တောမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ ထွန်းနိုင်မင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူ စုစုပေါင်း ၄၀ ခန့် တက်ရောက်ခဲ့ကြသည်။

ပေါက်တောမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး ၁၀၂၄၂၂ ဧက စိုက်ပျိုးထားရှိပြီး မီးဒုံးစပါးမျိုး ၁၅၁၁၈ ဧက စိုက်ပျိုးသည်။ စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစို ၅၂ ဒသမ ၇၂ တင်း၊ အခြောက် ၄၇ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းဆိုင်ရာ အသိပညာပေးဟောပြော

**စစ်တွေ နိုဝင်ဘာ ၈**

ရသေ့တောင်မြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ ညနေ ၃ နာရီက ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရသေ့တောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်စစ်ထွန်းက ကပ်ရောဂါအသွင်ဖြင့် ကူးစက်ဖြစ်ပွားနိုင်သလို အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်သော ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။ ဆက်လက်ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများကို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ရသေ့တောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်စစ်ထွန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်မိ ရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မောင်တောဒေသ ရင့်မှည့်စပါးများ ရိတ်သိမ်းခြွေလှေ့ သိုလှောင်ထားမှုကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ မြေပြင်ကွင်းဆင်းကြည့်ရှု

**မောင်တော နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မောင်တောဒေသ ရင့်မှည့်စပါးများအား ရိတ်သိမ်းခြွေလှေ့ သိမ်းဆည်းထားရှိမှု အခြေအနေများကို မြေပြင်ကွင်းဆင်းကြည့်ရှုသည်။

ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သောအဖွဲ့သည် စက်မှုလယ်ယာဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မောင်တောဒေသ တောင်ပိုင်း ချိန်ခါလိန်ကျေးရွာအနီးနှင့် မြင်းလွတ်ကျေးရွာဝန်းကျင်ရှိ ရင့်မှည့်ချိန်တန် စပါးများအား ရိတ်သိမ်းခြွေလှေ့နေမှုကို သွားရောက်ကြည့်ရှုပြီး အလယ်သံကျော်ကျေးရွာ၌ အခြောက်လှန်းသိမ်းဆည်း သိုလှောင်ထားရှိသော နေရာများအား လိုက်လံစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် အုန်းတောကျေးရွာ၌ ရိတ်သိမ်းခြွေလှေ့နေမှုများကို လိုက်လံကြည့်ရှုကာ လုပ်ငန်းဆောင်တာလိုအပ်မှုများ


ဝန်ကြီးချုပ်နှင့်အဖွဲ့ စပါးရိတ်သိမ်းခြွေလှေ့နေသောလုပ်ငန်းခွင်ကို ကြည့်ရှုစဉ်။

အပေါ် ပေါင်းစပ်ညှိနှိုင်းပြီး ကျောက်ပန္နအိမ်ရာ ၁၀၀ ဆောက်လုပ်နေမှုလုပ်ငန်းခွင်သို့ သွားရောက်သည်။ ယင်းအိမ်ရာ ၁၀၀ စီမံကိန်းအား တာဝန်ယူ ဆောက်လုပ်ပေးလျက်ရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းခွင် အခက်အခဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်များကို ပြန်လည်ဆွေးနွေးညှိနှိုင်းပေးသည်။

ကျောက်ပန္နကျေးရွာ ဒေသခံတိုင်းရင်းသားများအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်တည်ဆောက်ပေးလျက်ရှိသော ကျောက်ပန္နကျေးရွာသစ် အိမ်ခြေ ၁၀၀ စီမံကိန်းလုပ်ငန်းခွင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယခုလို ဆောက်လုပ်ရေး လုပ်ငန်းခွင် ဝင်နေချိန်တွင် ဒေသခံတိုင်းရင်းသားများအနေဖြင့် အမျိုးသား အမျိုးသမီး သင့်လျော်ရာ လုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်စေလိုကြောင်း၊ လုပ်ခကြေးငွေများကိုလည်း သတ်မှတ်နှုန်းထားအတိုင်း ရရှိမည်ဖြစ်၍ မိသားစုဝင်ငွေတိုးစေမှာ ဖြစ်ကြောင်း၊ တာဝန်ယူဆောက်လုပ်လျက်ရှိသော တာဝန်ရှိသူများအနေဖြင့်လည်း ဒေသခံ တိုင်းရင်းသားများကို အလုပ်အကိုင် အခွင့်အလမ်း တတ်နိုင်သမျှ ဖန်တီးပေးစေလိုကြောင်း စသည်ဖြင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-မင်းထက်**


ရိတ်သိမ်းခြွေလှေ့ပြီး စပါးများအား အလယ်သံကျော်ကျေးရွာ သိုလှောင်ထိန်းသိမ်းရေးစခန်း၌ အခြောက်ခံ ထိန်းသိမ်းမှု ဆောင်ရွက်နေစဉ်။

# မောင်တောဒေသ၌ ရင့်မှည့်မိုးစပါး ၇၇၉ ဧကအထိ ရိတ်သိမ်းပြီးဖြစ်

**မောင်တော နိုဝင်ဘာ ၈**

မောင်တောဒေသရှိ ရင့်မှည့်နေသော မိုးစပါးများကို အောက်တိုဘာ ၂၆ ရက်မှ စတင်ကာ နိုဝင်ဘာ ၇ ရက်အထိ ၇၇၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ယနေ့နံနက်ပိုင်းတွင်လည်း စက်မှုလယ်ယာဦးစီးဌာနမှ မောင်တောမြို့အဝင် မြို့သူကြီးရပ်ကွက်အနီး စိုက်ပျိုးထားသည့် စပါးစိုက်ဧက ၆၂၀ ကျော်တွင် ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးဖြင့် ရင့်မှည့်နေသော မိုးစပါးများကို ရိတ်သိမ်းလျက်ရှိသည်။

စက်မှုလယ်ယာဦးစီးဌာန (ရန်ကုန်)မှ ဒုတိယဦးစီးမှူး ဦးမောင်မောင်လွင်က "ဒီနေ့က မြို့သူကြီးရပ်ကွက်နားမှာရှိတဲ့ စပါးတွေကို ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးနဲ့ ရိတ်သိမ်းနေပါတယ်၊ ဒီနေရာက လယ်ကွက်တွေက ကျဉ်းပြီး ကန်သင်းရိုးတွေက များတော့ များများမရိတ်သိမ်းနိုင်ဘူး၊ စက်တစ်စီးကို တစ်နေ့ ခုနစ်ဧကလောက်ပဲ ရိတ်နိုင်တယ်"ဟု ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာန၏ ကိန်းဂဏန်းများအရ ဘူးသီးတောင်နှင့် မောင်တောဒေသတွင် စပါးစိုက်လယ်ဧက ခုနစ်သောင်းကျော်ရှိသည့်အနက် ယခုနှစ်တွင် အောင်မြင်ဖြစ်ထွန်းနေပြီး မဖြစ်မနေ ရိတ်သိမ်းရမည့် လယ်ဧက လေးသောင်းခန့်ရှိကြောင်း သိရသည်။

"ဒီနှစ် မောင်တောမြို့နယ်မှာ စပါးအထွက်နှုန်းက တော်တော်ကျတယ်၊ မနှစ်က မောင်တောတစ်မြို့နယ်လုံးရဲ့ စပါးအထွက်နှုန်းက တစ်ဧက ၆၅ ဒသမ ၈၄ တင်း လောက်ရှိတယ်၊ ဒီနှစ် တစ်ဧက ၅၄ တင်း လောက်ပဲ ထွက်မယ်လို့ ခန့်မှန်းထားတယ်၊ ပြဿနာတွေဖြစ်တော့ မြေဩဇာ သုံးရမယ့်အချိန်မှာ ပြည့်ပြည့်ဝဝ မသုံးနိုင်ခဲ့ဘူး" ဟု မောင်တောမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးသန်းကျော်က ပြောသည်။

မောင်တောဒေသရှိ ရင့်မှည့်နေသော မိုးစပါးများကို အောက်တိုဘာ ၂၆ ရက်မှစတင်ကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံတော်ပိုင် ရိတ်သိမ်းခြွေလှေ့စက် ၁၄ စီး၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဝယ်ယူထားသည့် ရိတ်သိမ်းခြွေလှေ့စက် ၁၈ စီး စုစုပေါင်း ၃၂ စီးဖြင့် ရင့်မှည့်နေသည့် စပါးများကို အလေ့အလွင့်မရှိစေရန် ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ-နေလင်း**



# ရခိုင်ပြည်နယ်အတွင်း မိုးစပါး ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသည့် ဒေသများတွင် စက်မှုလယ်ယာဦးစီးဌာနမှ စပါးရိတ်သိမ်း ခြွေလှေ့စက်ကိရိယာများအား အသုံးပြု၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မောင်တောမြို့နယ်အတွင်းရှိ ကံပူး၊ ကျောင်းတောင်၊ မြို့သူကြီး၊ အုန်းတော၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချကျေးရွာများတွင် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ စုစုပေါင်း ဧက ၇၈၀ ကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ သင်္ဂနက်၊ ချောင်းနွယ်၊ ကြို့တေး၊ ကံ့ကော်ကျွန်းကျေးရွာများတွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ စုစုပေါင်း ၆၇ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

အလားတူ မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်ကျေးရွာများတွင် အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ စုစုပေါင်း ၁၃ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မောင်တောမြို့နယ်ရှိ စက်မှုလယ်ယာ ရှေ့တန်းစခန်းအသီးသီးမှ ရိတ်သိမ်းခြွေလှေ့ပြီး စပါးများအား အလယ်သံကျော်ကျေးရွာရှိ သိုလှောင်ထိန်းသိမ်းရေးစခန်းသို့ ပေးပို့ပြီး အခြောက်ခံထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လေဘေးဒဏ်သင့် ပြည်သူများအား ထောက်ပံ့ ပစ္စည်းများ ပေးအပ်

**ဖျာပုံ နိုဝင်ဘာ ၈**

လေဘေးသင့်ခဲ့သော ဖျာပုံခရိုင် အမာမြို့ ဒေါ်ညိမ်းကျေးရွာရှိ လေဘေးသင့် ပြည်သူများထံသို့ ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၈ ရက်တွင် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၆ ရက်က တိုက်ခတ်ခဲ့သော လေပြင်းကြောင့် ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့ ဒေါ်ညိမ်းကျေးရွာ၌ လူနေအိမ် လေးလုံး ပြိုကျခဲ့သည့်အတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ အိမ်ထောင်စု လေးစုစာ ဆန်ဖိုး ငွေကျပ် ၄၈၃၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် လေးသိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီသီချိုထံမှ သိရသည်။

ပင်လယ်ပြင် ထွက်ပေါက်ဒေသတစ်ခုဖြစ်သည့် ဖျာပုံခရိုင်အတွင်းရှိ ပင်လယ်ကမ်းစပ်ကျေးရွာများတွင် မိုးဦးနှင့် မိုးနှောင်းကာလများ၌ ယခုကဲ့သို့ လေပြင်းများ တိုက်ခတ်ခံရခြင်းများ ဖြစ်တတ်ကြောင်း ဒေသခံများက ပြောသည်။ **သူဇာနွယ် (ဖျာပုံ)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အယူခံမှုအမှတ်(၂/၂၀၁၇)အား နိုဝင်ဘာ ၂၂ ရက်တွင် အပြီးသတ်အမိန့်ချမှတ်မည်

**နေပြည်တော် နိုဝင်ဘာ ၈**
ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ဒေါက်တာဝဏ္ဏစိုး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) က ယင်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးရှာမွေလရှန် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)အပေါ် ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့ (၁)ဖြင့် ကြားနာစစ်ဆေးခဲ့ရာ လျှောက်ထားသူ၏ ကန့်ကွက်လွှာကို ပလပ်ကြောင်း ဆုံးဖြတ်ချက် (အမိန့်) ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်(အမိန့်) အပေါ် လျှောက်ထားသူ ဒေါက်တာဝဏ္ဏစိုးက အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ်(၂/၂၀၁၇)ဖြင့် လက်ခံခဲ့သည်။

ယင်းအမှုကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် နည်းဥပဒေ ၁၀၁ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းငွေတို့ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်၌ နှစ်ဖက်လျှောက်လဲချက်များဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ ဥပဒေအကြံပြုချက်များကို ကြားနာပြီး နိုဝင်ဘာ ၂၂ ရက်တွင် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သီရိမန္တလာကားဝင်းအတွင်း ခရီးသည်များထံမှ အုပ်စုဖွဲ့ ခြိမ်းခြောက်ငွေတောင်းသူများအနက် တစ်ဦးဖမ်းဆီးထိန်းသိမ်း

**မန္တလေး နိုဝင်ဘာ ၈**
သီရိမန္တလာကားဝင်းအတွင်း စည်ပင်သာယာရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်မျိုးနိုင် ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်နေစဉ် နိုဝင်ဘာ ၇ ရက် နံနက် ၄ နာရီ ၄၅ မိနစ်ခန့်က မူဆယ်မြို့မှ တွင်းငယ်ရွာသို့ သွားရောက်မည့်ခရီးသည် ဦးအောင်ကျော်မိုး၊ ဦးထွန်းဦး၊ ဦးညီညီဖြိုး၊ ဦးအောင်တင်၊ ဦးဝင်းသန်းဦး၊ ဦးနေလင်းနိုင်နှင့် ဦးနေလင်းအောင်တို့အား ကားဝင်းရှေ့သို့ရောက်စဉ် ဆိုင်ကယ်ကယ်ရီဆွဲသော စိုင်းမောင် (ခ)စိုးထိုက်အောင် ၃၂ နှစ် အောင်မြေသာစံမြို့နယ်နေသူနှင့် မန်းဝင်း(စိစစ်ဆဲ)တို့က ကားဖြင့် ၃၁ လမ်းနှင့် ၇၇ လမ်းထောင့်တွင် လက်မှတ် အရောင်းဂိတ်တစ်ခုသို့ ခေါ်ဆောင်ကာ တစ်ဦးလျှင် အသွား၊ အပြန် ကားခငွေကျပ် ၂၀၀၀၀ ဖြင့် ငွေကျပ် ၁၄၀၀၀၀၊ ကားလက်မှတ်ခ တစ်ဦးလျှင် ငွေကျပ် ၅၅၀၀ ဖြင့် ငွေကျပ် ၃၈၅၀၀ အား အတင်းအကျပ်ယူသွားခဲ့ကြောင်း သိရသည်။

ထို့အပြင် မန်းဝင်းဆိုသူမှာ ဦးအောင်ကျော်မိုး၏ ခရီးဆောင်အိတ်အတွင်းမှ ငွေကျပ် ၄၀၀၀၀ အား အတင်းအဓမ္မ ယူဆောင်သွားခဲ့ကြောင်း လာရောက်တိုင်ကြားခဲ့သည်။ စည်ပင်သာယာရဲတပ်ဖွဲ့နှင့်ပူးပေါင်းအဖွဲ့မှ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဖမ်းဆီးရမိရေး လိုက်လံရှာဖွေရာ စိုင်းမောင်(ခ)စိုးထိုက်အောင်အား ကားဝင်းဝင်ပေါက်အနီး တွေ့ရှိဖမ်းဆီးရမိသည်။



"သူတို့အုပ်စုလိုက်နဲ့ ခရီးသည် ခုနစ်ဦးကို ခြိမ်းခြောက်ပြီး အိတ်တွေရှာကြ၊ ငွေတွေယူကြတယ်၊ နယ်မြေခံရဲစခန်းမှာ အမှုဖွင့်ခဲ့တယ်၊ ကွင်းဆက်ရှာဖွေပြီး ဆက်လက်ဖော်ထုတ်သွားမယ်"ဟု စည်ပင်သာယာရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်မျိုးနိုင်က ပြောသည်။

"လက်မှတ်ဝယ်ခိုင်းတယ်၊ ပြီးတော့ တက္ကစီခ အဆမတန်တောင်းတယ်၊ ဈေးဆစ်တော့ ခြိမ်းခြောက်ပြီး ကျွန်တော့်ပိုက်ဆံအိတ်ကို လုယူသွားတယ်၊ ပြီးတော့ ဒီကားဝင်းကိုပြန်ခေါ်လာတယ်၊ ကားခနဲ့တက္ကစီခ အသွား၊ အပြန် အဆမတန်ပေးရတယ်" ဟု ခြိမ်းခြောက်ခံရသူခရီးသည် ဦးအောင်ကျော်မိုးက ပြောသည်။

သီရိမန္တလာကားဝင်း စည်းကမ်းထိန်းသိမ်းရေးဥက္ကဋ္ဌ ဦးတင်စိုးက "နှစ်ထောင်တန်တဲ့ခရီးကို သောင်းကျော်တောင်းတယ်၊ အဲဒီကားလက်မှတ်ရောင်းတဲ့နေရာက တရားဝင်လည်း မဟုတ်သလို ကားလည်းမရှိဘူး၊ ယာဉ်စီးခဆိုတာ သူတို့ပါးစပ်ထဲမှာပဲ၊ ခရီးသည်အိတ်ထဲက ပစ္စည်း၊ ငွေနှိုက်ယူထားတယ်၊ လုယက်တဲ့ပုံစံတွေ လုပ်လာတော့ ဒါကိုဖော်ထုတ်တယ်" ဟု ပြောသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ် ၈ နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ထော်လာဂျီယာဉ်ပေါ် သစ်ပင်လဲကျ၊ သုံးဦးသေဆုံး

**အုန်းဖျန် နိုဝင်ဘာ ၈**
ထိုင်း-မြန်မာနယ်စပ် အုန်းဖျန်ခရိုင်အတွင်း၌ နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက မြန်မာဒုက္ခသည်များစီးနင်းလိုက်ပါလာသည့် ထော်လာဂျီယာဉ်ပေါ်သို့ သစ်ပင်လဲကျရာ သုံးဦးသေဆုံးခဲ့ကြောင်း AEC သတင်းဌာနမှ ဖော်ပြသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ တပ်ခ်ပြည်နယ် အုန်းဖျန်ခရိုင်အတွင်းရှိ မြန်မာဒုက္ခသည်များနေထိုင်ကြသော နို့ဖိုးစခန်းအတွင်းမှ မြန်မာဒုက္ခသည်ရှစ်ဦး လိုက်ပါလာသည့် ထော်လာဂျီယာဉ်မှာ မယ်ကျန်ကျေးရွာ ကီလို ၆၇ နှင့် ၆၈ ကြား တောင်ဆင်းလမ်းပေါ်၌ မောင်းနှင်နေစဉ် ထော်လာဂျီယာဉ်ပေါ်သို့ လမ်းဘေးရှိသစ်ပင် လဲကျခဲ့ခြင်းကြောင့် ယာဉ်ပေါ်လိုက်ပါလာကြသော နို့ဖိုးဒုက္ခသည်စခန်းမှ ကလေးငယ်များ အပါအဝင် ရှစ်ဦးအနက် သုံးဦးမှာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်းသိရပြီး ကျန်ငါးဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူများမှာ မလာပေါ အသက် ၄၀ နှစ်၊ မေလာပွေ အသက် ၁၈ နှစ်နှင့် အဒါ အသက် ၄ နှစ်တို့ ဖြစ်ကြကြောင်း၊ ဒဏ်ရာရရှိသူများအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး ကျန်သုံးဦးမှာ ဒဏ်ရာအနည်းငယ်သာရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား အုန်းဖျန်ခရိုင်ဆေးရုံသို့ တင်ပို့ကုသထားကြောင်း ထိုင်းနိုင်ငံအခြေစိုက် SAW အဖွဲ့မှ သိရသည်။

**ပွင့်သစ္စာ**

# အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုများ ဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၈**
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယနေ့နံနက်ပိုင်းက ယာဉ်မတော်တဆမှု နှစ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမြန်လမ်းမကြီး၏ ဇီးပင်သာအမြန်လမ်းပိုင်း ရန်ကုန်မှ နေပြည်တော်သို့ ယနေ့နံနက် ၃ နာရီက ယာဉ်မောင်း သိန်းထိုက်စိုး မောင်းနှင်လာပြီး ပုသိမ်တက္ကသိုလ် ဇီဝဗေဒဌာနမှ ဆရာ ဆရာမများ လေ့လာရေးအဖွဲ့ စီးနင်းလိုက်ပါလာသည့် Express ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအုတ်ခုံအား ဝင်တိုက်မိခဲ့သည်။ ယာဉ်ပေါ်တွင် ယာဉ်မောင်းပါအမျိုးသား ကိုးဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၃၅ ဦး လိုက်ပါလာပြီး ထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့အပြင် နံနက် ၉ နာရီ ၁၅ မိနစ်ကလည်း ပေပင်လေးအမြန်လမ်းပိုင်းတွင် မန္တလေးမှ နေပြည်တော်သို့ ယာဉ်မောင်း စိုးနိုင်မောင်းနှင်လာသော လိုက်ထရပ်ယာဉ်မှာ ယာဘက်နောက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တုံးထိပြီး လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိတိမ်းမှောက်ခဲ့သည်။



ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသား ၁၀ ဦးအနက် သုံးဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ညောင်ကုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

သို့ပါ၍ ဖြစ်စဉ်များမှ ယာဉ်မောင်းများအား သက်ဆိုင်ရာအမြန်လမ်းရဲတပ်ဖွဲ့စခန်းများက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)၊ ဓာတ်ပုံ(အမြန်လမ်းရဲတပ်ဖွဲ့)**

# မီးရထားဝန်ထမ်းတစ်ဦး ရထားတိုက်မိ၍ သေဆုံး

**ပဲခူး နိုဝင်ဘာ ၈**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် နေပြည်တော်မှ ထွက်ခွာလာသော ရထားနှင့် သံလမ်းရှင်းလုပ်သား တိုက်မိရာမှ သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးမြို့နယ် ဘုရားကြီးမြို့အဝင် ရထားလမ်းခွဲအချက်ပြတိုင်အနီး၌ နိုဝင်ဘာ ၈ ရက် နံနက် ၃ နာရီ ၃၅ မိနစ်ခန့်က နေပြည်တော်မှ ရန်ကုန်သို့ စက်ခေါင်းမောင်း ဦးတင့်လွင်ဦး မောင်းနှင်လာသော အစုန်ရထားသည် စောထူးမွန်အောင် အသက် ၂၈ နှစ် သံလမ်းရှင်းလုပ်သား ဘုရားကြီးမြို့ ဘူတာရုံဝန်ထမ်းအိမ်ရာနေသူအား တိုက်မိသဖြင့် ယာဦးခေါင်းကွဲ၊ ခြေနှစ်ချောင်းပြတ်၊ လက်တစ်ဖက်ပြတ် ဒဏ်ရာများဖြင့် နေရာတွင်သေဆုံးသွားသဖြင့် ဘုရားကြီးနယ်မြေရဲစခန်းမှ ရဲအုပ်ကျော်ဇေလင်းက သက်သေများနှင့်အတူ စစ်ဆေးပြီးအမှုဖွင့်စုံစမ်းလျက်ရှိသည်။

သေဆုံးသူရုပ်အလောင်းအား ဘုရားကြီးမြို့ အရန်မီးသတ်တပ်ဖွဲ့မှ လူမှုကူညီရေးယာဉ်ဖြင့် ဘုရားကြီးမြို့ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# တရားမဝင် ကန့်သတ်ကုန်ပစ္စည်းသယ်ဆောင်လာမှု မရမ်းချောင်စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် နိုဝင်ဘာ ၈**
ရန်ကုန်သို့ သွားရောက်မည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းသယ်ဆောင်လာမှု မရမ်းချောင်စစ်ဆေးရေးစခန်း၌ နိုဝင်ဘာ ၇ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက နိုဝင်ဘာ ၇ ရက် တွင် ရန်ကုန်သို့သွားရောက်မည့် Nissan ၁၂ ဘီးယာဉ်တစ်စီးအား တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရားမဝင်ကန့်သတ်ကုန်ပစ္စည်း ဖြစ်သည့် ဘေထုပ် (1x50 kg) (100) Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၅ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် အဆိုပါ စစ်ဆေးရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာတွင် နိုဝင်ဘာ ၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးဆောင်ရွက်မှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၈၆၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးဆောင်ရွက်မှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၈၃၀ သန်းခန့်) စုစုပေါင်း တားဆီးဆောင်ရွက်ခဲ့မှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၄၀ ဒသမ ၆၉၀ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅၃ စီး၊ သွင်းကုန်အစီး ၆၃၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၀၊ သွင်းကုန် ၁၇၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**

# ကမ္ဘာလှည့်ခရီးသွားဧည့်သည် အမျိုးသမီးတစ်ဦး ပုဂံဘုရားပေါ်မှ ပြုတ်ကျသေဆုံး

**မန္တလေး နိုဝင်ဘာ ၈**
မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းနယ်မြေအတွင်းရှိ ဝတ္ထုနတောဘုရား (ဘုရားအမှတ် ၃၅၂) ပေါ် တက်ရောက်ဓာတ်ပုံရိုက်ကူးသည့် အမေရိကန်နိုင်ငံသူ ကမ္ဘာလှည့်ခရီးသွားဧည့်သည်တစ်ဦးသည် နိုဝင်ဘာ ၇ ရက် ညနေ ၄ နာရီခွဲခန့်က ပြုတ်ကျခဲ့ရာ ဆေးရုံသို့ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးခဲ့ကြောင်း သိရသည်။

"ဖြစ်ဖြစ်ချင်းသက်ဆိုင်ရာအဖွဲ့တွေက ညောင်ဦးဆေးရုံကိုပို့ပါတယ်၊ အဲဒီကတစ်ဆင့် မန္တလေးဆေးရုံကိုပို့တဲ့အခါ လမ်းမှာသေဆုံးခဲ့တာပါ"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဒေသ)ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောသည်။

ပြုတ်ကျသေဆုံးသူမှာ အမေရိကန်နိုင်ငံသူ အသက် ၂၀ နှစ်အရွယ်ခန့်ဖြစ်၍ ညောင်ဦးဆေးရုံမှ မန္တလေးဆေးရုံသို့ သယ်ဆောင်စဉ် မြင်းခြံမြို့နယ်အတွင်း သေဆုံးခဲ့ခြင်းဖြစ်ပြီး ၎င်းသည် နိုဝင်ဘာ ၅ ရက်က ပုဂံဒေသသို့ ရောက်ရှိလာကြောင်း သိရသည်။

"မျက်နှာမှာ ညိုမည်းတဲ့ ဒဏ်ရာတွေ တွေ့ရလို မျက်နှာနဲ့မြေပြင်ပေါ် ကျတယ်လို့ ယူဆနိုင်ပါတယ်၊ နှာခေါင်းနဲ့နားတွေက သွေးထွက်တာလည်းရှိတယ်၊ ဘယ်လိုပြုတ်ကျတယ်ဆိုတာတော့ မသိဘူး"ဟု ဒေသခံတစ်ဦးက ဆိုသည်။

ညောင်ဦးမြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျောနံပါတ်(၁၀) ဝတ်ဆင်ခွင့်ရပါက အာဆင်နယ်နှင့် အိုဇေးလ် စာချုပ်သစ် ချုပ်ဖွယ်ရှိ

မေလွဲသင်း ရေးသားသည်



ကွင်းလယ်လူ အိုဇေးလ်အနေဖြင့် အာဆင်နယ်တွင် ဂျက်ဝီရှိုင်းယားထံမှ ကျောနံပါတ်(၁၀)ကို ဆက်ခံခွင့်ရရှိမည်ဆိုပါက အာဆင်နယ်နှင့် သက်တမ်းတိုးစာချုပ်ကို လက်မှတ်ရေးထိုးပြီး ကာလရှည်ဆက်နေဖွယ်ရှိကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ အိုဇေးလ်မှာ အာဆင်နယ်တွင် ကျောနံပါတ်(၁၁) ဝတ်ဆင်နေပြီး ဝီရှိုင်းယား ဘုန်းမောက်သို့ အငှားဖြင့် သွားရောက်ကစားရစဉ်က ကျောနံပါတ်(၁၀) ပြောင်းလဲဝတ်ဆင်ခွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း သတင်းများထွက်ခဲ့ဖူးသည်။

အိုဇေးလ်သည် လန်ဒန်မြို့တွင် အိမ်ဝယ်ထားပြီးဖြစ်သဖြင့် လက်ရှိ ရရှိနေသည့် တစ်ပတ်လုပ်ခ ပေါင် ၁၅၀၀၀၀ ၏ နှစ်ဆရရှိပါက အာဆင်နယ်တွင် ဆက်နေဖွယ်ရှိသလို ကျောနံပါတ်(၁၀) ဝတ်ဆင်ခွင့်ရရှိမှုကလည်း စာချုပ်သက်တမ်းတိုးရေးတွင် တစ်စိတ်တစ်ပိုင်း ပါဝင်နိုင်ဖွယ်ရှိသည်။ အိုဇေးလ်သည် ကျောနံပါတ်(၁၀)ဝတ်သည့်ကစားသမားများ ကစားလေ့ရှိသည့် ကွင်းလယ်ဖန်တီးရှင်နေရာကို ကြိုက်နှစ်သက်သူဖြစ်သလို စီးပွားရေး ဈေးကွက်အရလည်း ကျောနံပါတ်(၁၀)ကိုသာ ဝတ်ဆင်ခွင့်ရလိုခြင်းဖြစ်သည်။ အိုဇေးလ်သည် ဂျာမနီလက်ရွေးစင်အသင်းတွင်လည်း ကျောနံပါတ်(၁၀) ဝတ်ဆင်နေသူဖြစ်ရာ နိုင်ငံလက်ရွေးစင်အသင်းနှင့် ကလပ်အသင်းနှစ်ခုစလုံးတွင် ကျောနံပါတ် (၁၀)ကို သူ၏ အမှတ်သင်္ကေတအဖြစ် ဝတ်ဆင်လိုခြင်းဖြစ်သည်။

အိုဇေးလ်သည် ရီးယဲလ်မက်ဒရစ်တွင် စတင်ကစားစဉ်က ကျောနံပါတ်(၂၃)သာ ဝတ်ဆင်ခဲ့ရသော်လည်း နောက်ပိုင်းတွင် ကျောနံပါတ်(၁၀) ပြောင်းလဲဝတ်ဆင်ခွင့် ရခဲ့သည့်အစဉ်အလာလည်း ရှိဖူးသလို ဂျာမနီအသင်းတွင်လည်း ပိုဒေါစကီး အနားယူပြီးနောက် ကျောနံပါတ်(၁၀)ကို လွှဲပြောင်းဝတ်ဆင်ခွင့်ရရှိခဲ့သူဖြစ်သည်။ ဒဏ်ရာပြဿနာ မကြာခဏကြုံတွေ့နေရသူ ဝီရှိုင်းယားမှာလည်း လာမည့်နွေတွင် အာဆင်နယ်မှထွက်ခွာရန် အခြေအနေရှိနေရာ အိုဇေးလ်အနေဖြင့် ကျောနံပါတ်(၁၀)ကို လွှဲပြောင်းဝတ်ဆင်ခွင့်ရမည်ဟူသော အာမခံချက်ရရှိမည်ဆိုပါက အာဆင်နယ်တွင် ဆက်နေနိုင်သည်ဟု ခန့်မှန်းနေခြင်းဖြစ်သည်။

ဘောလုံးလောကတွင် အသင်း၏ အရေးပါဆုံးနှင့် အထင်ရှားဆုံးကစားသမားအများစုက ကျောနံပါတ်(၁၀) ဝတ်ဆင်သည့် အစဉ်အလာလည်းရှိရာ ကျောနံပါတ်(၁၀)မှာ ဘောလုံးလောကတွင် အစဉ်အလာအားဖြင့် အမြင့်ဆုံးဂုဏ်တစ်ရပ်လည်းဖြစ်သည်။ ပီလီ၊ မာရာဒိုနာ၊ ပလာတီနီနှင့် ဇီဒန်းတို့မှာ ထင်ရှားသည့် ကျောနံပါတ်(၁၀) ပိုင်ရှင်များဖြစ်ကြသလို မက်ဆီ၊ နေမာတို့ဆိုလျှင်လည်း နိုင်ငံအသင်းတွင်ရော ကလပ်အသင်းတွင်ပါ ကျောနံပါတ်(၁၀) ဝတ်ခွင့်ရ ကစားသမားများဖြစ်သည်။

စီရိုနယ်လ်ဒိုဆိုလျှင်လည်း မန်ယူမှ ရီးယဲလ်သို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ကနဦးတွင် ကျောနံပါတ်(၉) ဝတ်ဆင်ခွင့်ရသော်လည်း ရာအူးလ်၏ ကျောနံပါတ်(၇)ကို ကာလအတော်ကြာကတည်းက မျက်စိကျနေသလို ရာအူးလ်ရီးယဲလ်မှ မထွက်မီမှာပင် CR7 ကို သူ၏ အမှတ်သင်္ကေတအဖြစ် ပေါ်ပေါ်ထင်ထင် အသုံးပြုခဲ့သည်။



## ချယ်လ်ဆီးမှ ဒီလက်ခ် ထွက်ခွာတော့မည်

ချယ်လ်ဆီးကစားသမားဘဝ ခုနစ်နှစ် သက်တမ်းတွင် အလုပ်လုပ်ကိုင်ခွင့်မှတ်ပုံတင်ရေးအခက်အခဲကြောင့် အငှားချကစားသမားအဖြစ်သာ ကျင်လည်နေရသည့် ဘော့စနီးယားဂိုးသမား ဒီလက်ခ်က ချယ်လ်ဆီးမှ မကြာမီ အချိန်အတွင်း ထွက်ခွာတော့မည်ဟု ပြောကြားခဲ့သည်။ ဒီလက်ခ်မှာ ၂၀၁၀ ခုနှစ်ကတည်းက ချယ်လ်ဆီးအသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့သော်လည်း ချယ်လ်ဆီးကစားသမားဘဝ ခုနစ်နှစ်တာကာလအတွင်း ၁၀ ကြိမ်အထိ အငှားချခံခဲ့ရသည်။

ဒီလက်ခ်မှာ ချယ်လ်ဆီးနှင့် စာချုပ်ချုပ်ခဲ့မိသည့်အတွက် နောင်တမရသော်လည်း လက်ရှိတွင် အသက်(၂၅)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ရာ အသင်းသစ်တစ်ခုသို့သာ ပြောင်းရွှေ့တော့မည်ဟု ဆုံးဖြတ်ထားကြောင်း ဆိုခဲ့သည်။ ဒီလက်ခ်မှာ ပြီးခဲ့သည့် နှစ်ရာသီအတွင်း ဘော့စနီးယား ဆာရာယေဗိုကလပ်အသင်းအတွက် ၂၆ ပွဲ၊ ဘယ်လ်ဂျီယံကလပ် မို့ခရွန်းအတွက် ၂၈ ပွဲ ဝင်ရောက်ကစားရခြင်းဖြစ်သည်။



## ကြံ့ခိုင်မှု ရာနှုန်းပြည့် ပြည့်ဝမှသာ တင်းနစ်ပြန်လည်ကစားမည်ဟု မာရေး အတည်ပြု

ဗြိတိန်တင်းနစ်အကျော်အမော် မာရေးက သူ့အနေဖြင့် လာမည့် ဇန်နဝါရီလအတွင်း ကျင်းပရန်ရှိသည့် ဩစတြေးလျအိုးပင်းတွင် ပြန်လည်ပါဝင်နိုင်ရန် မျှော်လင့်ထားသော်လည်း ရာနှုန်းပြည့်ကြံ့ခိုင်မှုရမှသာ တင်းနစ်ပြိုင်ပွဲများဆီ ပြန်လည်ခြေဦးလှည့်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ပြီးခဲ့သည့်နှစ်က ကမ္ဘာ့အဆင့်(၁)ဖြင့် ရာသီသိမ်းနိုင်ခဲ့သူ မာရေးမှာ ယခုနှစ်အတွင်း ဒဏ်ရာပြဿနာများကြောင့် ဝင်လ်ဘယ်ဒန်အိုးပင်းနောက်ပိုင်း မည်သည့်ပွဲစဉ်ကိုမျှ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့သလို ကမ္ဘာ့အဆင့် ၁၆ နေရာအထိ ထိုးဆင်းသွားခဲ့သည်။

မာရေးမှာ တင်ပါးဒဏ်ရာကြောင့် လမ်းလျှောက်ဖို့ပင် ခက်ခဲမှုရှိနေသည်ကို ဝန်ခံခဲ့သော်လည်း ကြံ့ခိုင်မှုပြန်လည်ရရှိမည်ဟု ယုံကြည်ထားပြီး မိုင်ယာမီတွင် သွားရောက်လေ့ကျင့်မှုပြုမည်ဟု ဆိုခဲ့သည်။ မာရေးက နှစ်တစ်နှစ်၏ ပထမဆုံး ဂရင်းစလင်း ဩစတြေးလျအိုးပင်းပြိုင်ပွဲမတိုင်မီ နှစ်ပတ်အလိုတွင် ကျင်းပလေ့ရှိသည့် ဘရစ္စဘိန်းအိုးပင်းတွင် ပါဝင်ယှဉ်ပြိုင်ရန် မျှော်မှန်းထားကြောင်းလည်း သတင်းစကားပါးခဲ့သည်။



## ဇန်နဝါရီဈေးကွက်အတွင်း ဂျိုဗီတစ်ကို ခေါ်ယူရန် ဆောက်သမ်တန်ပြင်ဆင်

ဆောက်သမ်တန်နည်းပြသစ် ပယ်လီဂရီနိုက လာမည့် ဇန်နဝါရီဈေးကွက်အတွင်း မွန်တီနီဂရိုးတိုက်စစ်မှူး ဂျိုဗီတစ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ဂျိုဗီတစ်မှာ ပြီးခဲ့သည့်နွေဈေးကွက်က အင်တာမီလန်မှ ပြင်သစ်ပထမတန်းချန်ပီယံ မိုနာကိုအသင်းသို့ ပြောင်းရွှေ့လာခဲ့သော်လည်း ပွဲထွက်ခွင့် နည်းပါးနေသဖြင့် မိုနာကိုတွင် မပျော်မရွှင်ဖြစ်နေသည်ဟု သတင်းထွက်နေသူဖြစ်သည်။

ပယ်လီဂရီနိုကိုယ်တိုင်ကလည်း ပရီမီယာလိဂ် ၁၁ ပွဲတွင် ကိုးဂိုးသာရရှိသည့် အသင်း၏အနေအထားကြောင့် ဖိအားကျရောက်နေသူဖြစ်ရာ တိုက်စစ်မှူးတစ်ဦးကို ထပ်မံအားဖြည့်ရေး လိုလားနေခြင်းဖြစ်သည်။ ဂျိုဗီတစ်မှာ စီးရီးအေကလပ် ဖီအိုရင်တီးနားအသင်းတွင် အောင်မြင်မှုများရရှိခဲ့သော်လည်း မန်စီးတီးတွင် ကစားခဲ့သည့် နှစ်ရာသီအတွင်း ရှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည့် ပရီမီယာလိဂ် မှတ်တမ်းဆိုးကို ပိုင်ဆိုင်ထားဖူးသည်။

## မိုယက်စ်ကို ဝက်စ်ဟမ်းနည်းပြအဖြစ် အလောင်းအစားဆန်ဆန် ခန့်အပ်ခဲ့ခြင်းဟု ဆူလီဗန် ဖွင့်ဟ

ဝက်စ်ဟမ်းအသင်းသည် နည်းပြ ဘီလစ်ကို နိုဝင်ဘာ ၆ ရက်တွင် နည်းပြအဖြစ်မှထုတ်ပယ်လိုက်ပြီး နောက်တစ်ရက်မှာပင် အဲဗာတန်နှင့် မန်ယူနည်းပြဟောင်း မိုယက်စ်ကို နည်းပြသစ်အဖြစ် အလျင်အမြန်ခန့်အပ်ခဲ့သည်။ ဝက်စ်ဟမ်းသည် ပရီမီယာလိဂ်ပွဲစဉ် ၁၁ ပွဲ ကစားပြီးချိန်တွင် အဆင့်(၁၈)နေရာအထိရောက်ရှိနေပြီး တန်းဆင်းဇုန်အတွင်းကျရောက်ခဲ့ရာ နည်းပြဘီလစ်ကို ထုတ်ပယ်ပြီး အသက်(၅၄)နှစ်အရွယ် မိုယက်စ်ကို ကနဦး ခြောက်လစာချုပ်ချုပ်ဆိုခဲ့ပြီး ရာသီကုန်တွင် နှစ်နှစ်ခွဲစာချုပ်ကို ထပ်မံချုပ်ဆိုသွားဖွယ်ရှိနေကြောင်း သိရသည်။

သို့သော် ဝက်စ်ဟမ်းအသင်းပိုင်ရှင် ဒေးဗစ်ဆူလီဗန်က မိုယက်စ်ကို ခန့်အပ်ခဲ့ခြင်းအပေါ် "လောင်းကစားဆန်"သည့် ခန့်အပ်မှုဟု ရည်ညွှန်းသုံးနှုန်းခဲ့ပြီး ဘောလုံးလောကတွင် နည်းပြကောင်းတိုင်း အမြဲတမ်းအောင်မြင်မှုမရရှိတတ်ကြောင်း ၂၀၁၅ ခုနှစ်တွင် ချယ်လ်ဆီးနည်းပြအဖြစ်မှ မော်ရင်ဟိုထုတ်ပယ်ခံရသည့်ကိစ္စကို ဥပမာပေးခဲ့သည်။ ဆူလီဗန်က "ဒါက အလောင်းအစားလုပ်လိုက်တာပါပဲ။ ဒါပေမယ့် ရာသီကုန်ရင် ဘာဆက်ဖြစ်မလဲ စောင့်ကြည့်ရဦးမှာပါ။ ကျွန်တော်ကတော့ ကျွန်တော်တို့အသင်း ဆက်ပြီး တက်လှမ်းနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်" ဟု သူ၏အမြင်ကို ဖွင့်ဟခဲ့သည်။

နည်းပြသစ် မိုယက်စ်သည် အင်္ဂါနေ့ကပင် ဝက်စ်ဟမ်းအသင်း လေ့ကျင့်ရေးကွင်းသို့ရောက်ရှိလာပြီး လုပ်ငန်းအစီအစဉ်များ အလျင်အမြန် စတင်ခဲ့သည်။ မိုယက်စ်သည် မန်ယူနှင့် ဆိုစီဒက်အသင်းတို့မှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက ဆန်းဒါးလန်းအသင်းကို ကိုင်တွယ်ခဲ့ရာတွင် ဆန်းဒါးလန်းအသင်း ပရီမီယာလိဂ်မှ တန်းဆင်းခဲ့ရသော်လည်း မိုယက်စ်က "လမ်းကြောင်းမှန်ပေါ် တင်ပေးနိုင်ဖို့ ကျွန်တော် မွတ်သိပ်နေပါပြီ" ဟု ဆိုခဲ့သည်။

## ၂၀၁၈ ကမ္ဘာ့ဖလားအပြီးတွင် လက်ရွေးစင်အသင်းမှ ကိုစီယယ်နီ အနားယူမည်

အာဆင်နယ် ဝါရင့်နောက်ခံလူ ကိုစီယယ်နီက ကလပ်အသင်းတွင် ကြံ့ခိုင်မှုအပြည့်ဖြင့် အာရုံစူးစိုက်ကစားနိုင်ရန် ၂၀၁၈ ကမ္ဘာ့ဖလားအပြီးတွင် ပြင်သစ်လက်ရွေးစင်အသင်းမှ အနားယူမည်ဟု L'Equipe သို့ ဖြေကြားခဲ့သည်။ ကိုစီယယ်နီမှာ ပြင်သစ်လက်ရွေးစင်အသင်းအတွက် အဓိကပြိုင်ပွဲကြီး သုံးပွဲဝင်ရောက်ယှဉ်ပြိုင်ပြီးနောက် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သူ၏ လက်ရွေးစင်ကစားသမားဘဝ နောက်ဆုံးပွဲဖြစ်လာမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

ကိုစီယယ်နီမှာ လက်ရှိတွင် အသက်(၃၂)နှစ်ရှိပြီဖြစ်ပြီး ဒဏ်ရာပြဿနာ မကြာခဏကြုံတွေ့နေရရာ ၎င်းက "ဒါက အရာအားလုံးအတွက် အဆုံးသတ်ခြင်းဖြစ်ပါလိမ့်မယ်။ ၂၀၁၈ ကမ္ဘာ့ဖလားပြီးရင် ကျွန်တော့်အသက် (၃၃)နှစ်နီးပါးရှိနေပါပြီ။ ဒီနေရာက ထွက်ခွာသွားဖို့အချိန်တန်ပြီ"ဟု အနားယူမည့်အစီအစဉ်ကို ဖွင့်ဟခဲ့သည်။ ကိုစီယယ်နီမှာ ပြင်သစ်အသင်းအတွက် ၂၀၁၁ ခုနှစ်တွင် စတင်ရွေးချယ်ခံခဲ့ရပြီး ၄၉ ပွဲ ဝင်ရောက်ကစားပေးထားပြီးဖြစ်သည်။

# ကမ္ဘာ့တိုက်ကြီးများ ရွေ့လျောမှုကို အဓိကဖော်ထုတ်ခဲ့သူ သိပ္ပံပညာရှင် အဲလ်ဖရက် ဝဲဂနာ ကွယ်လွန်ခြင်း (၈၇)နှစ်မြောက် အထိမ်းအမှတ်

ဒေါက်တာမြင့်ဇံ

**ယမန်နေ့မှအဆက်**

"အတိတ်" နှစ်သန်းပေါင်း ၂၀၀ မှ ၂၅၀ အတွင်းမှာ တိုက်ကြီးများဟာ သူတို့ရဲ့ ရွေ့လျောမှုကြောင့် မိုင်ထောင်ပေါင်းများစွာ ကွာဝေးသွားတော့ အနာဂတ် (ဟိုးအလွန်အင်မတန်ဝေးလံလှတဲ့ အနာဂတ်) ဖြစ်တဲ့ နှစ်သန်းပေါင်းရာကျော်သာမက နှစ်သန်းပေါင်း ထောင်ကျော် (more than a thousand million years; a billion years) မှာ တိုက်ကြီးများဟာ "ပြန်လည်ပေါင်းစည်း" သွားနိုင်တယ်ဆိုတဲ့ တွေးတောချက် (သိပ္ပံအနုမာန ယူဆချက်လို့တော့ အမွှမ်းမတင်လိုပါ) ကို စာရေးသူ ဖတ်ဖူးပါတယ်။ ဒါကတော့ "ကလက်တက်တက်" နီးပါးမျှ အတွေးချဲ့ စဉ်းစားတာ၊ ရေးတာ ဖြစ်ပါတယ်။ နောင်အနာဂတ်မှာ တိုက်ကြီးတို့ဟာ နှစ်သန်းပေါင်း ရာပေါင်းများစွာအထိ ဆက်လက်ရွေ့လျားနေလျှင် နောင်နှစ်သန်းပေါင်း ရာပေါင်းများစွာ ကျော်လာလျှင် ရွေ့စရာ နေရာမရှိတော့လို့ ပြန်ပေါင်းစည်းသွားမယ်လို့ ဆိုလိုခြင်းပါ။

ဒီလို "ကလက်" ပြီး မဟုတ်တောင်မှ အတွေးနယ်ချဲ့လွန်ပြီး ရေးတာကို တုံ့ပြန်ရမယ်ဆိုလျှင် လူသားမျိုးနွယ် (Homo sapiens) တို့ဟာ အဲဒီအလွန် ဝေးလံလှတဲ့(ယခုမှစ၍ နှစ်သန်းပေါင်း ရာပေါင်းများစွာမှာ) ရှိတော့မယ် မဟုတ်ပါ။ လူသားမျိုးနွယ်စု ပျောက်ကွယ်သွားလောက်ပါပြီ။

ကမ္ဘာမြေကြီး (Earth) ကတော့ သိပ္ပံပညာရှင်တချို့ရဲ့ အဆိုအရ (ယေဘုယျအားဖြင့် ဆိုရလျှင်) နောက်ထပ်နှစ်သန်းပေါင်း ၅၀၀၀ ခန့် (နှစ်ပေါင်း ကုဋေ ငါးရာခန့်) အကြာမှာ နေ (Sun) ဟာ "ဖောင်းပွကြီးမား" သွားပြီး ကမ္ဘာအပါအဝင် နေစဉ်စု (Solar System) ထဲက ဂြိုဟ်တွေကို "စုပ်ယူ"တဲ့ အချိန်ကာလအထိ တည်ရှိနေဦးမှာပါ။ အဲဒီအချိန်ကာလ မရောက်ခင် နှစ်သန်းပေါင်း ရာပေါင်းများစွာကတည်းက ကမ္ဘာတိုက်များဟာ တစုတပေါင်းတည်း ပြန်ဖြစ်သွားလောက်ပါတယ်။

ဒီလို အင်မတန် (အလွန့်အလွန် အင်မတန်) ဝေးလံလှတဲ့ အနာဂတ်အကြောင်းကို ရေးအပြီးမှာ တကယ့်ကို မကြာသေးတဲ့ အတိတ်ကာလက Alfred Wegener ရဲ့ အခြားသိပ္ပံဆိုင်ရာ ဖြည့်ဆည်းလုပ်ဆောင်မှုအချို့နှင့် သူ့ဘဝနိဂုံးအကြောင်းကို အနည်းငယ်တင်ပြလိုပါတယ်။

**၄။ Alfred Wegener ရဲ့ အခြားသိပ္ပံဆိုင်ရာ ဖြည့်ဆည်းလုပ်ဆောင်မှုနှင့် သူ့ဘဝနိဂုံး**

သိပ္ပံပညာရှင် Alfred Wegener ဟာ တိုက်ကြီးများရဲ့ တဖြည်းဖြည်း ရွေ့လျောမှုကိုသာ ဖော်ထုတ်ခဲ့ရုံသာမကဘဲ အခြားသိပ္ပံဆိုင်ရာ ဖြည့်ဆည်း လုပ်ဆောင်မှုများကိုလည်း ပြုလုပ်ခဲ့ပါတယ်။

Wegener ဟာ climatology ခေါ် ရာသီဥတုဆိုင်ရာပညာနှင့် စပ်လျဉ်းတဲ့ ကွင်းဆင်းသုတေသနပြုမှုများကိုလည်း ပြုလုပ်ခဲ့ပါတယ်။ Paleoclimatology ခေါ် ကမ္ဘာ့ရှေးကာလများမှ ရာသီဥတုအခြေအနေများဟာ ဘယ်လိုရှိခဲ့တယ်၊ ဘယ်လို ပြောင်းလဲခဲ့တယ် ဆိုတာကိုလည်း လေ့လာခဲ့တယ်။ ရာသီဥတု ပြောင်းလဲမှု အခြေအနေနှင့် ပြောင်းလဲမှုပုံစံများကို လေ့လာဖို့ ရေခဲပြင်တို့နှင့် ပြည့်တီးနေတဲ့ ဂရင်းလန်းကျွန်း (Greenland) ကို သူ့ဘဝသက်တမ်းမှာ လေးကြိမ်တိတိ သွားရောက်လေ့လာခဲ့ပါတယ်။

ဂရင်းလန်းကျွန်းကို ပထမအကြိမ် သွားရောက်ခဲ့တဲ့ Wegener တို့ အဖွဲ့သားတွေထဲမှာ အချို့သော လေ့လာသူ သုတေသီများဟာ အေးခဲလှတဲ့ ရာသီဥတုကြောင့်လည်းကောင်း၊ အစာရေစာ ပြတ်လပ်သွားမှုကြောင့်လည်းကောင်း ကွယ်လွန်သွားခဲ့သူများ ရှိခဲ့ပါတယ်။ Wegener ကိုယ်တိုင်ဟာလည်း ဂရင်းလန်းကျွန်းသို့ စတုတ္ထအကြိမ်မြောက် လေ့လာရေးသွားရာမှာ အအေးအခဲဒဏ်၊ အစာငတ်ပြတ်မှုနှင့် နှလုံးရောဂါကြောင့် ကွယ်လွန်ခဲ့ရရှာတာပါ။

Wegener ရဲ့ ဂရင်းလန်းကျွန်းသို့ စတုတ္ထအကြိမ်မြောက် လေ့လာမှုသွားရောက်စဉ်က ဂရင်းလန်းကျွန်းရှိ အေးခဲလှ၊ ဝေးလံလှတဲ့ နေရာများမှာ သွားရောက်လေ့လာသူ အချို့ဟာ အခက်အခဲကြုံတွေ့နေရလို့ ကူညီဖို့၊ သူတို့ကို သွားခေါ်ဖို့ Wegener နှင့် သူ့ရဲ့ လုပ်ဖော်ကိုင်ဖက် တချို့ဟာ ခရီးနှင်ခဲ့တယ်။ ရာသီဥတုအခြေအနေက ဆိုးလွန်းတော့ ခရီးသွားဖော်သွားဖက် တစ်ဦးဟာမေ့ဆေးကို အသုံးမပြုဘဲ ခြေချောင်းလေးများကို ဖြတ်ပစ်လိုက်ရတယ်လို့ ဆိုတယ်။ နောင်မှာ Wegener တို့ အဖွဲ့သားတွေဟာ အစာရေစာ ငတ်မွတ်ခေါင်းပါးလွန်းလို့ သူတို့ အသုံးပြုတဲ့ ခွေးဆွဲယာဉ်တန်း ("စွတ်ဖား") (Sledge) ထဲက ခွေးတွေကို တစ်ကောင်ပြီး တစ်ကောင် သတ်စားခဲ့ရတယ်လို့ဆိုတယ်။

Wegener ဟာ သူ့အသက် (၅၀) ပြည့်ပြီး ရက်အနည်းငယ်ကြာ နိုဝင်ဘာလ အစောဦးပိုင်း ၁၉၃၀ ခုနှစ်မှာ ဂရင်းလန်းကျွန်းကြီးရဲ့ တစ်နေရာမှာ ကွယ်လွန်ခဲ့လို့ သူ့ရဲ့ ခရီးသွားဖော် တစ်ဦးဖြစ်တဲ့ အသက် ၂၃နှစ် အရွယ် လူငယ်သိပ္ပံသုတေသီ Rasmus Villumsen က Wegener ရဲ့ အလောင်းကို သင်္ချိုင်းဂူအဖြစ် ကြက်ခြေခတ် အမှတ်အသားနှင့် မှတ်သားမြှုပ်နှံခဲ့တယ်လို့ဆိုပါတယ်။

အဲဒီ လူငယ်သိပ္ပံသုတေသီ Villumsen ဟာလည်း သူ့ "ခရီးမှတ်တိုင်" (ဆိုပါတော့) ကို မရောက်ဘဲ ကွယ်လွန်ခဲ့ရပါတယ်။ Villumsen ရဲ့ ရုပ်အလောင်းကို မတွေ့ခဲ့ပေမယ့် Wegener ရဲ့ ရုပ်အလောင်းမြှုပ်နှံထားရာနေရာနှင့် Wegener ရဲ့ ရုပ်အလောင်းကိုတော့ Wegener ကွယ်လွန်ပြီး ခြောက်လခန့်အကြာ ၁၂ မေလ ၁၉၃၁မှာ တွေ့ရှိခဲ့ကာ ယင်းသို့ တွေ့ခဲ့သူများက ပိုမိုကြီးမားတဲ့ ကြက်ခြေခတ်အမှတ်အသားထားရှိကာ Wegener ရဲ့ ရုပ်အလောင်းကို ပြန်လည်မြှုပ်နှံ သင်္ဂြိုဟ်ခဲ့တယ်လို့ ဆိုပါတယ်။

Wegener ဟာ သိပ္ပံစူးစမ်းရှာဖွေမှုအတွက် "အသက်ပေး" လုပ်ဆောင်ခဲ့တယ်လို့ မဆိုနိုင်လျှင်ပင် သူဟာ အသက်စွန့်စားပြီး သိပ္ပံရှာဖွေမှု၊ စူးစမ်းမှုတို့ကို ပြုလုပ်ခဲ့သူ ဖြစ်ပါတယ်။




လွန်ခဲ့သည့် နှစ်သန်းပေါင်း ၂၅၀ခန့်က ကမ္ဘာပေါ်တွင် ရှိခဲ့သော တစ်ခုတည်းသော တိုက်ကြီး Pangea (ပန်ဂျီယ) နှင့် ယင်းကို ဝန်းရံနေသော Panthalassa (ပန်သယ်လက်ဆာ) သမုဒ္ဒရာကြီး။
(Photo Credit - Mollewide Plate Tectonic Maps http://jan.ucc.nau.edu)

Wegener ရဲ့ အခြေခံကျကျ မှန်ကန်တဲ့ "တိုက်ကြီးများဟာ တဖြည်းဖြည်းရွေ့နေတယ်" ဆိုတဲ့ အနုမာန အယူအဆကို Wegener ဟာ ၆ ဇန်နဝါရီ ၁၉၁၂ က ဟောပြောပွဲတစ်ခုမှာ ကနဦးတင်ပြခဲ့တယ်။ ၁၉၁၅ ခုနှစ်မှာ စတုတ္ထအကြိမ်နှင့် (သူ့ရဲ့ အသက်ထင်ရှား ရှိစဉ်က ပုံနှိပ်ထုတ်ဝေမှုများမှာ) နောက်ဆုံးအကြိမ် ထုတ်ဝေခဲ့တယ်။

အစောဆုံးအားဖြင့် ဆိုလျှင် ၁၉၅၀ ခုနှစ်လွန်နှစ်များရောက်မှ Wegener ရဲ့ continental drift အယူအဆကို သိပ္ပံပညာရှင်များက (တစ်နည်းဆိုရလျှင်) "အခါနှောင်းစွာ" လက်ခံခဲ့ကြပါတယ်။

Wegener ဟာ သူ့ရဲ့ Continental drift သီအိုရီနှင့် တိုက်ရိုက် စပ်ဆိုင်မှုမရှိတဲ့ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သုတေသနပြုလုပ်ဖို့ အသက်ပေး၊ စွန့်စားလုပ်ဆောင်ခဲ့ရကာ တစ်ဖက်မှာလည်း သူ့ရဲ့ continental drift နှင့် ပတ်သက်ပြီး သူ့သက်တမ်းတစ်လျှောက်မှာ "သိပ္ပံအပယ်ခံ" တစ်ဦးဖြစ်ခဲ့ရပါတယ်။

**၅။ Wegener ရဲ့ အဓိကကျကျ မှန်ကန်တဲ့ အနုမာန အယူအဆကို ဆယ်စုနှစ်နှင့် ချီပြီး "ငြင်းဆန်" ခံခဲ့ရခြင်းနှင့် စပ်လျဉ်းသည့် သုံးသပ်ချက်အချို့**

ဘူမိဗေဒ (Geology)၊ သတ္တဝါတို့ရဲ့ ရုပ်ကြွင်းများကို လေ့လာတဲ့ ပညာရပ် (Paleontology)၊ အီဗော်လျူးရှင်း Evolution (၁၉၆၆ ခုနှစ်ခန့်က ထုတ်ဝေခဲ့တဲ့ ပညာရပ်ဝေါဟာရများ စာအုပ်မှာ Evolution ကို "ဆင့်ကဲဖြစ်စဉ်" လို့ ဘာသာပြန်ဆိုထားတာကို ကျွန်တော် သိပ်မနှစ်မြို့လို့ Evolution ကို အသံဖလှယ်ပြီး အီဗော်လျူးရှင်းလို့ ရေးပါတယ်) ဆိုင်ရာ သိပ္ပံဘာသာရပ်များဟာ သမိုင်းဆိုင်ရာ သိပ္ပံဘာသာရပ်များ (historical sciences) ဖြစ်ပါတယ်။ (သတိ- သိပ္ပံသမိုင်း history of science မဟုတ်)။ ယင်းသမိုင်းဆိုင်ရာ သိပ္ပံဘာသာရပ်များဟာ ဟိုင်ဒရိုဂျင် အက်တမ် (hydrogen atom) "နှစ်ခု" နှင့် အောက်ဆီဂျင် အက်တမ် (oxygen atom) တစ်ခုတို့ ပေါင်းလျှင် ရေမော်လီကြူး (water molecule) တို့ ဖြစ်ပေါ်လာတယ်လို့ ချက်ချင်း၊ လက်ငင်း "သက်သေပြနိုင်တဲ့" သဘော၊ သဘာဝမရှိပါဘူး။ ဒီ့ထက် အတော်အတန်ပိုမိုရှုပ်ထွေး၊ နက်နဲတဲ့ ဥပမာကို ပြရလျှင် သိပ္ပံပညာရှင်ကြီး အဲလ်ဘတ်အိုင်စတိုင်း (Albert Einstein) (၁၄မတ် ၁၈၇၉ - ၁၈ ဧပြီ ၁၉၅၅) ရဲ့ လူသိအတော်များတဲ့ E=mc2 မှာ စွမ်းအင် (energy, E) ဟာ "အမှုန်" (particle) တစ်ခုရဲ့ ဒြပ်ထု (mass, M) ကို အလင်းရဲ့ အလျင် (ခ) (တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆၂၈၂ မိုင်ခန့်) ရဲ့ နှစ်ထပ်ကိန်း (square) (၁၈၆၂၈၂ x ၁၈၆၂၈၂) ရှိတယ်ဆိုတဲ့ ညီမျှခြင်း (equation) (သို့မဟုတ်) သိပ္ပံသီအိုရီကို ၆ ဩဂုတ် ၁၉၄၅ နှင့် ၉ ဩဂုတ် ၁၉၄၅ မှ ဂျပန်နိုင်ငံ ဟီရိုရှီးမား (Hiroshima) နှင့် နာဂါဆာကီ (Nagasaki) မြို့တို့မှာ အဏုမြူဗုံးကြဲချခြင်းအားဖြင့် (တစ်နည်း) သက်သေထူနိုင်ခဲ့ပြီပဲ။

ရုပ်ကြွင်းပညာမှာ ဒိုင်နိုဆော (dinosaur) တို့ ကမ္ဘာမြေပြင်မှာ ရှိခဲ့၊ မရှိခဲ့ အငြင်းပွားခဲ့လျှင် ဒိုင်နိုဆောရုပ်ကြွင်းများကို ပြပြီး ယင်းသတ္တဝါကြီးများ တကယ်ရှိခဲ့ကြောင်း သက်သေတင်ပြနိုင်ပေမယ့် ဒိုင်နိုဆောတွေကို ပြန်"ဖန်တီး"ပြီး သက်သေဘယ်လိုလုပ်ပြနိုင်ပေမလဲ။ ဒီဥပမာကို အနည်းငယ် ရိုးစင်းလွန်းတယ်လို့ ထင်လျှင် လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၂၅ သန်းခန့်မှ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၅သန်းခန့်အထိ ကမ္ဘာမြေပေါ်မှာ "ကြီးစိုး" ခဲ့တဲ့ ဒိုင်နိုဆောများ ဘာကြောင့် ပျက်သုဉ်း ပျောက်ကွယ်သွားခဲ့ရသလဲဆိုတဲ့ သိပ္ပံအနုမာန ယူဆချက်များကို E=mc2 ပုံသေနည်းမှန်ကန်ကြောင်း လက်တွေ့ဆန်ဆန် ပစ္စုပ္ပန်ကို အခြေခံပြီး သက်သေပြနိုင်တာ မဟုတ်ပါ။

သမိုင်းဆိုင်ရာ သိပ္ပံများ မဟုတ်တဲ့ တချို့သော သိပ္ပံဘာသာရပ်ခွဲများသည်ပင်လျှင် ဓာတ်ခွဲခန်းထဲမှာ၊ ဓာတ်ခွဲခန်းပြင်ပမှာ လက်တွေ့ကျစမ်းသပ် (experiment)၊ လက်တွေ့ကျကျ "ဒိဋ္ဌေ ဒိဋ္ဌ" လေ့လာ (empirically study) လုပ်နိုင်တဲ့ ဘာသာရပ်များ မဟုတ်ပါ။

ဥပမာဆိုရလျှင် အိုင်စတိုင်းရဲ့ အထူးရီလေတစ်ဗတီ (Special Relativity theory) သီအိုရီကို ၁၉၀၅ ခုနှစ်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့တယ်။ အဲဒီသီအိုရီရဲ့ တစ်နည်းအားဖြင့်ဆိုရလျှင် "ဟောကိန်း" (prediction) တစ်ခုကတော့ အလင်း (light)ဟာ ဟင်းလင်းပြင်အချိန် (spacetime continuum) ကို ဖြတ်သန်းသွားလာခဲ့တဲ့ တချို့သော အခြေအနေများမှာ အလင်းတန်းဟာ "ကွေး" (bend) သွားတယ်ဆိုတဲ့ တင်ပြချက်ပါပဲ။

အိုင်စတိုင်းရဲ့ အထက်ပါ သိပ္ပံအနုမာန ယူဆချက်ဟာ သိပ္ပံပညာရှင် အိုင်ဇက်နယူတန် (Isaac Newton) (၂၅ ဒီဇင်ဘာ ၁၆၄၂ - ၂၀ မတ် ၁၇၂၇)က ၁၆၆၅ ခုနှစ်က နေအလင်းရောင်မှာ သက်တံရောင်စုံ ပါရှိကြောင်းကို သုံးမြောင့်ဖန်တုံး (glass prism) ဖြင့် စမ်းသပ်ပြခဲ့သလို လိုအပ်တဲ့ ပစ္စည်းကိရိယာတွေကို အသုံးပြုပြီး (နှိုင်းယှဉ်ပြောရလျှင် "အလွယ်တကူ") သက်သေတင်ပြနိုင်တဲ့ သီအိုရီမျိုးမဟုတ်ပါဘူး။ အိုင်စတိုင်းဟာ သူ့ရဲ့ သီအိုရီကို လက်တွေ့စမ်းသပ်မှုနှင့် မဟုတ်ဘဲ ကနဦးအားဖြင့် စိတ်အတွေး စမ်းသပ်မှု (thought experiment) ပြုလုပ်ပြီး ကြံဆတင်ပြခဲ့တာပါ။

၂၉ မေ ၁၉၁၉ မှာ ကမ္ဘာ့ရဲ့ တချို့ဒေသမှာ နေအပြည့်ကြတ်တဲ့အတွက် တချို့သော ကမ္ဘာ့ဒေသများမှာ ထိုသို့ နေကြတ်စဉ် အချိန်ကာလအတွင်း ပင်လယ်သမုဒ္ဒရာပေါ်ရှိ သင်္ဘောတွေပေါ်မှ အထူးနက္ခတ်တာရာကြည့် မှန်ပြောင်း၊ အထူးကင်မရာများနဲ့ ဓာတ်ပုံရိုက်ပြီး လေ့လာတော့ အိုင်စတိုင်း ဟောကိန်းထုတ်ထားတဲ့အတိုင်းပဲ အလင်းဟာ ကွေး (curvature of light) ဖြစ်နေတာကို တွေ့ရတယ်။

> "ကမ္ဘာ့ရဲ့ တချို့ဒေသမှာ နေအပြည့်ကြတ်တဲ့အတွက် တချို့သော ကမ္ဘာ့ဒေသများမှာ ထိုသို့ နေကြတ်စဉ် အချိန်ကာလအတွင်း ပင်လယ်သမုဒ္ဒရာပေါ်ရှိ သင်္ဘောတွေပေါ်မှ အထူးနက္ခတ်တာရာကြည့်မှန်ပြောင်း၊ အထူးကင်မရာများနဲ့ ဓာတ်ပုံရိုက်ပြီး လေ့လာတော့ အိုင်စတိုင်း ဟောကိန်းထုတ်ထားတဲ့အတိုင်းပဲ အလင်းဟာ ကွေး (curvature of light) ဖြစ်နေ. . ."

စာမျက်နှာ ၁၈ သို့

## ရှမ်း နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် မီးရှူးခံမင်္ဂလာ ဂါရဝပြုဆုတောင်း

**ချမ်းအေးသာစံ နိုဝင်ဘာ ၈**
ရှမ်းတိုင်းရင်းသားများ လူမှုရေးအသင်း(မန္တလေး)က ကြီးမှူး၍ ရှမ်းသက္ကရာဇ် ၂၁၁၂ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် (တုတ်ဆူး) မီးရှူးခံမင်္ဂလာ ဂါရဝပြုဆုတောင်းခြင်းကို နိုဝင်ဘာ ၇ ရက် ည ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၅) လမ်းရှိ ရှမ်းတိုင်းရင်းသားများ လူမှုရေးအသင်း(မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်း လူငယ်မောင်မယ်များက ရှမ်းနှစ်သစ်ကူးသီချင်းဖြင့် သီဆိုဂါရဝပြုပြီး ကိန္နရီ၊ ကိန္နရာအက၊ ရှမ်းအိုးစည်ဗုံမောင်းအကများဖြင့် ဖျော်ဖြေသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ဂုဏ်ပြုစကားပြောကြားပြီး ရှမ်းတိုင်းရင်းသားများ လူမှုရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းဆိုင်မိုင်းက ကျေးဇူးတင်စကား ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းဝင်များ၊ ရှမ်းတိုင်းရင်းသားလူမှုရေးအသင်း ဥက္ကဋ္ဌ ဦးစိုင်းဆိုင်မိုင်းနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးဆွမ်းတော်ပြင်အဖွဲ့နှင့် လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

**မောင်ပြည်သူ**





## ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ သီရိမင်္ဂလာ ရွှေချမ်းသာ မွေ့တော်ဘုရားကြီး ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင် မီးထွန်းပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၈**
နှစ်စဉ် ကျင်းပမြဲဖြစ်သေ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာ မွေ့တော်ဘုရားကြီး ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၇ ရက် ညနေ ၆ နာရီက အဆိုပါ ဘုရားရှေ့ရင်ပြင်၌ ကျင်းပကြောင်း သိရသည်။

ထို့နောက် တန်ဆောင်တိုင် မီးထွန်းပွဲတော်ဖွင့်ပွဲအထိမ်းအမှတ် မီးရှူး၊ မီးပန်းများနှင့် မီးပုံးငယ်များ လွှတ်တင်ခြင်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် သီရိမင်္ဂလာရွှေချမ်းသာ မွေ့တော်ဘုရားကြီးအတွင်း၌ ရတနာဒီပံဆီမီးတိုင် ထွန်းညှိပူဇော်ကာ လိုဏ်ဂူတော်အတွင်း ဘုရားအား ဖူးမြော်ကြကြောင်း သိရသည်။

အဆိုပါ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာ မွေ့တော်ဘုရားကြီး ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်ထိ ကျင်းပပြီး ညမီးကြီး မီးပုံးပျံ ၁၀ လုံးလွှတ်တင်ယှဉ်ပြိုင်ခြင်းနှင့် ညစဉ်မီးပဒေသာ လှည့်လည်ပူဇော်ပွဲဖြင့် ကျင်းပသွားမည်ဖြစ်သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# သီပေါမြို့ ပြည်သူ့ဆေးရုံသို့ ခြင်ထောင်၊ စောင်၊ အိပ်ရာခင်းနှင့် အဝတ်လျှော်စက်များ လှူဒါန်း

**သီပေါ နိုဝင်ဘာ ၈**
ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ ပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် တက်ရောက်ကုသခံကြသည့် လူနာများအတွက် လိုအပ်သော ခြင်ထောင်၊ စောင်၊ အိပ်ရာခင်း၊ လူနာသုံးအကျႌများကို အခမဲ့အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါ အစီအစဉ်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက ခြင်ထောင်အလုံး၁၀၀၊ စောင်အထည် ၁၀၀၊ အိပ်ရာခင်း ၁၀၀၊ ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ခြင်ထောင် အလုံး၁၀၀၊ စောင်အထည် ၁၀၀၊ အိပ်ရာခင်း ၁၀၀၊ ဦးခင်မောင်အေး၊ ဒေါ်ခင်စောမူ (ပဒုမ္မာ show room)က ခြင်ထောင် အလုံး ၁၀၀ တို့ကို ပေးပို့လှူဒါန်းထားရှိကြပြီး ဖြစ်သည်။

လူနာများ အသုံးပြုပြီးပါက အဆိုပါ ခြင်ထောင်၊ စောင်၊ အိပ်ရာခင်းနှင့် အကျႌများကို ပေါင်းလျှော်နိုင်ရန်အတွက် ၁၂ ကီလို အဝတ်လျှော်စက်သုံးလုံးအား ဦးကျော်ညွှန့်- ဒေါ်ယုယုလှိုင် မိသားစုက တစ်လုံး၊ ဦးခင်ဇော်အောင်-ဒေါ်နီနီအောင် မိသားစုက တစ်လုံး၊ ဒေါက်တာဒေါ်နီလာတင် (ဒုညွှန်ကြားရေးမှူးချုပ်-ငြိမ်း) မိသားစုက တစ်လုံး သီပေါမြို့ ပြည်သူ့ဆေးရုံသို့ ပေးပို့လှူဒါန်းခဲ့ကြသည်။

အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ သီပေါမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းက "အလှူရှင်တွေ လှူဒါန်းထားတဲ့ ဒီ ခြင်ထောင်၊ စောင်၊ အိပ်ရာခင်းနဲ့ လူနာသုံး အကျႌတွေကို လာမယ့် နိုဝင်ဘာ ၁၅ ရက်ကစပြီး ပထမအဆင့် ခြင်ထောင်၊ ဒုတိယအဆင့် အကျႌ၊ တတိယအဆင့် အိပ်ရာခင်း၊ စတုတ္ထအဆင့် စောင်စသည်ဖြင့် ပေးအပ်သွားမှာဖြစ်ပါတယ်၊ ဒီလို ပေးအပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ဆေးရုံ လာတက်တဲ့လူနာတွေကို သူတို့ယူလာအသုံးပြုခဲ့တဲ့ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းစတာတွေကနေတစ်ဆင့် ရောဂါပိုးတွေအိမ်ကို ပါမသွားစေဖို့ပါပဲ၊ ဒါကြောင့် ဆေးရုံတက်ဖို့လာရောက်ကြတဲ့ လူနာတွေဟာ ဆေးရုံကို စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းတွေ ယူလာဖို့ မလိုတော့ပါဘူး၊ ဆေးရုံက ပြန်ဆင်းသွားရင်လည်း သူတို့ အသုံးပြုထားတဲ့ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်း၊ အကျႌတွေကို သီးသန့်ခန့်ထားတဲ့ ဝန်ထမ်းနှစ်ဦးက အဝတ်လျှော်စက်သုံးလုံးနဲ့ ပေါင်းတင်လျှော်ပြီး အခြောက်လှန်းပေးသွားမှာဖြစ်ပါတယ်။ ရောဂါပိုးတွေ အိမ်ပါမသွားဖို့ ပြုလုပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်တစ်ရပ်လည်း ဖြစ်ပါတယ်၊ ဒီလုပ်ငန်းစဉ်အတွက် ဆေးရုံတက် လူနာတွေကို စေတနာထားပြီး လှူဒါန်း ကူညီပေးကြတဲ့ အလှူရှင်များကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ရှင်းလင်း ပြောကြားသည်။

**သီပေါကိုလတ်**

## မြန်မာစာ အရေးအသားစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မိုးကောင်း နိုဝင်ဘာ ၈**
မိုးကောင်းမြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူး၍ မြန်မာစာ အရေးအသား စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီက မိုးကောင်းမြို့ အမှတ် ၂ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မိုးကောင်းမြို့ နောင်ကိုင်တော်ရပ်ကွက်မှ အမှတ် ၃ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်သင်းနှင့် တာဝန်ရှိသူများက ကြီးကြပ်စစ်မေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကျင်းပပေးမှုနှင့် စပ်လျဉ်း၍ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက "ပြိုင်ပွဲမှာကတော့ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းဆိုပြီး အတန်းသုံးတန်းခွဲပြီးစစ်မေးတာပါ။ မေးခွန်းကတော့ မတူပါဘူး၊ ပုံစံအနည်းငယ် ကွဲပြားပါတယ်၊ မူလတန်းအဆင့်မှာ ဗျည်းအက္ခရာ ရေးဆွဲပုံ၊ ဗျည်းအက္ခရာရဲ့ အမည်စာလုံးပေါင်း၊ သတ်ပုံမှန်ကန်မှု ရှိ၊ မရှိ မေးခွန်းမျိုးနဲ့ ဝါကျဖွဲ့ခိုင်းတာတွေ ပါဝင်ပါတယ်၊ အလယ်တန်းအဆင့်မှာတော့ စာလုံးပေါင်းသတ်ပုံ၊ ဝိဘတ် အသုံးအနှုန်း၊ ခက်ဆစ်အဓိပ္ပာယ်စတဲ့မေးခွန်းများအပြင် အထက်တန်းအဆင့်မှာတော့ စကားပုံ၊ ဆိုရိုးစကားနဲ့ စာစီစာကုံးတွေအထိ မေးထားတာပါ" ဟု ရှင်းလင်းပြောကြားသည်။

ပြိုင်ပွဲများကို ဖြေဆိုရာတွင် အဆင့်လိုက်ခွဲထားပြီး မူလတန်းအဆင့်တွင် ဖြေဆိုချိန်တစ်နာရီ၊ အလယ်တန်းအဆင့်တွင် ဖြေဆိုချိန် တစ်နာရီခွဲနှင့် အထက်တန်းအဆင့်တွင် နှစ်နာရီအထိ စာမေးပွဲပုံစံများအတိုင်း စစ်မေးကာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၈ ဦး၊ အလယ်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၂၁ ဦးနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး တို့ပါဝင် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

## ပြင်ဦးလွင်ပန်းပွဲတော် ပန်းမျိုးစုံနှင့် ရုပ်လုံးရုပ်ကြွများဖြင့် ပြသမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၈**
ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် (၁၂) ကြိမ်မြောက်ပန်းပွဲတော်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၃၁ ရက်အထိ ခင်းကျင်းပြသနိုင်ရန် နိုဝင်ဘာလဆန်းမှ စတင်ပြီးပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ် ပြင်ဦးလွင်ပန်းပွဲတော်တွင် ပန်းအစစ် ၇၀ ရာခိုင်နှုန်းခန့်နှင့် ပန်းအတု ၃၀ ရာခိုင်နှုန်း ပြသသွားမည်ဖြစ်ပြီး ပန်းမျိုးစုံ ၁၉၀၀၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

ပြင်ဦးလွင် ပန်းပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့အထိမ်းအမှတ် ရုပ်လုံးရုပ်ကြွ အရုပ်များလည်းပုံဖော်ကာ ပန်းများနှင့် အလှဆင်ပြသသွားမည်ဖြစ်သည်။

ပြင်ဦးလွင် ပန်းပွဲတော်သို့ ပြည်တွင်း ပြည်ပဧည့်သည်များ လာရောက်ကြပြီး အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ဒေသ ထွက်ကုန်အရောင်းဆိုင်များ၊ နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတိုက်နယ်ခွဲအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတိုက်နယ်ခွဲအတွင်းရှိ စေတနာ့ဝန်ထမ်း အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီက Popa Mount; Resort Hotel ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုက အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ မွန်မြတ်သော ပရဟိတလုပ်ငန်းနှင့် မီးသတ်ဦးစီးဌာန၏ လုပ်ငန်းသဘောသဘာဝများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ပုပ္ပားတိုက်နယ်ခွဲ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများကို ပေးအပ်ရာ အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုယ်စား အရန်မီးသတ်တပ်ဖွဲ့ ဒုတိယ တပ်ရင်းမှူး ဦးစိုးနောင်က လက်ခံရယူသည်။

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတိုက်နယ်ခွဲ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းကို နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရက်သတ္တ လေးပတ်အတွင်း စစ်ရေးပြဘာသာရပ်၊ မီးသတ်ပညာရပ် စာတွေ့၊ လက်တွေ့နှင့် အသက်ကယ် ဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးနှင့် ရှေးဦးပြုစုခြင်း ဘာသာရပ်များ၊ ဥပဒေ၊ နည်းဥပဒေများကို နေ့စဉ် မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိ ပုပ္ပားမြို့ ဆုတောင်းပြည့် ကျောင်းဝင်းအတွင်း၌ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းကိုကို၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်စွာဦး၊ Popa Mount; Resort Hotel မန်နေဂျာ ဦးဖုန်းတင့်ထွန်းနှင့် ဝန်ထမ်းများ၊ သင်တန်းသား ၅၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များထံ ယာဉ်၊စက်ယန္တရားများ လွှဲပြောင်းပေးအပ်

**ပဲခူး နိုဝင်ဘာ ၈**

ပဲခူးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်ကွပ်ကဲမှု အောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့(၂၈)ဖွဲ့၏ ကျပ်သိန်း ၁၀၀ အထက်လုပ်ငန်းများ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများတွေ့ဆုံပွဲနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များထံ ယာဉ်၊ စက်၊ ယန္တရားများလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် စည်ပင်သာယာရေးနှင့်လူမှုရေး ဝန်ကြီး ဦးမောင်မောင်လွင်တို့က အမှာစကားပြောကြားကြပြီး Bago Region Construction Control Authority(BRCCA) ဥက္ကဋ္ဌ ဦးဝင်းနိုင်ထွန်းက ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈ ဖွဲ့၏ ကျပ်သိန်း ၁၀၀ အထက်လုပ်ငန်းများအပေါ် BRCCA မှ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအတွက် ဝယ်ယူထားရှိသော ယာဉ်၊ စက်ယန္တရားများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထံ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့သည့် လုပ်ငန်းဖြစ်သောကြောင့် လုပ်ငန်းတစ်ခုချင်းစီအလိုက် အရည်အသွေးပြည့်မီရန်နှင့် သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုအထိ ခံနိုင်ရည်ရှိရန်လိုအပ်ကြောင်း၊ မည်သည့် လုပ်ငန်းမျိုးကိုပဲ လုပ်လုပ် တိုင်းပြည်အပေါ် စေတနာထားပြီး ပြည်သူကို မျက်နှာမူကာလုပ်ဆောင်ပေးရန် အရေးကြီးကြောင်းနှင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုတွင် အသိဖြင့် အလုပ်လုပ်ကြရန် လိုအပ်ကြောင်း နိဂုံးချုပ်အမှာပြောကြားကာ ယာဉ်၊ စက်ယန္တရားများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပဲခူးတိုင်းဒေသကြီး၌ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း တင်ဒါခေါ်ယူပြီး ကျပ်သိန်း ၁၀၀ အထက် ဆောင်ရွက်မည့်စည်ပင်သာယာရေးလုပ်ငန်းများအနေဖြင့် စုစုပေါင်း ၃၇၂ ခုရှိရာ ကုမ္ပဏီ ၈၀ ခုမှ လုပ်ငန်းအားလုံးကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ဘတ်ဂျက်ဖြင့် မြို့နယ်များတွင် အထူးသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် 5 Ton Back Hoe ယာဉ်တစ်စီး၊ သုံးတန်ခွဲ Back Hoe ယာဉ် လေးစီး၊ Dump Truck ယာဉ် ၂၃ စီး၊ အမှိုက်သိမ်းယာဉ် Hydraulic Garbage Truck ၁၃ စီး၊ Tank ၅၂ လုံးတို့အား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဖြည့်စွက်ရန်ပုံငွေဖြင့် (5)Ton Back Hoe ယာဉ် ၂၈ စီးနှင့် အမှိုက်သိမ်းယာဉ် ၉၆ စီးထပ်မံဝယ်ယူ ဖြန့်ဝေပေးရန် စီမံထားကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ BRCCA အဖွဲ့မှ ကိုယ်စားလှယ်များ၊ QC အဖွဲ့ဝင်များ၊ တင်ဒါအောင်မြင်သော ကုမ္ပဏီများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးရန် လှုံ့ဆော်ပိုစတာများတပ်ဆင်

**တာမွေ နိုဝင်ဘာ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးလုပ်ငန်းအား တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မိဘပြည်သူများ သိရှိစေရန်လှုံ့ဆော်ပိုစတာများ စိုက်ထူစေလျက်ရှိရာ နိုဝင်ဘာ ၇ ရက်က တာမွေမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးယုလေးအောင်နှင့် လက်ထောက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးဇင်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဌာနမှ ဝန်ထမ်းများက တာမွေယာယီဈေးရှေ့နှင့်သမိန်ဗရမ်းလမ်း အသောက မှတ်တိုင်အနီးတို့တွင် မိဘပြည်သူများ ထင်သာမြင်သာသိရှိစေရေးပိုစတာများ ချိတ်ဆွဲပေးခဲ့ကြသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်ထိ တစ်ကြိမ်၊ ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ နှစ်ကြိမ် ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ပေးမှာပါ၊ ပထမအကြိမ်မှာ အသက် ၉ နှစ်ကနေ ၁၅ နှစ်အထိ ဖြစ်ပါတယ်၊ ဒုတိယအကြိမ်မှာတော့ ဆေးမထိုးရသေးဘဲကျန်တဲ့သူတွေရယ်၊ အသက်ကိုးလမှ ၉ နှစ်ထိ ကလေးငယ်တွေကို ထိုးပေးမှာဖြစ်တဲ့အတွက် မပျက်မကွက်လာရောက်ပြီး ကာကွယ်ဆေးထိုးကြဖို့ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးယုလေးအောင်မှ အကြံပြုပြောကြားသည်။

**၁၉၇**

# အမှောင်ကိုခွင်း အလင်းဆောင်နိုင်တော့မည့် သာယာကုန်းပင်မဓာတ်အားခွဲရုံ(ကျောက်တံခါး)

**ကျောက်တံခါး နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ကျေးလက်လူနေမှု ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိရာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ်-၁၀၉/၆ လမ်း၏ ဘယ်ဘက်အခြမ်းတွင် တည်ဆောက်ထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန သာယာကုန်းပင်မဓာတ်အားခွဲရုံ (ကျောက်တံခါး)မှ မကြာမီကာလအတွင်း ဆက်စပ်မြို့နယ်များ၏ လိုအပ်လျက်ရှိသော ဓာတ်အားများအား ဖြည့်တင်းနိုင်တော့မည်ဖြစ်သည်။

သာယာကုန်း ပင်မဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၅ ခုနှစ် မတ် ၁၁ ရက်တွင်စတင်ခဲ့ပြီး အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးမှ ဦးဆောင်ကာ ဆောင်ရွက်ခဲ့ပြီး ခွဲရုံး၏မြေဧရိယာအကျယ်အဝန်းမှာ ၁၀၈ ဒသမ ၂၆ ဧရိယာဧကကျယ်ဝန်းပြီး လက်ရှိအသုံးပြုနေသော ဓာတ်အားလိုင်းကြီးများမှာ ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း (၁) လိုင်းအရှည် ၆၀ ဒသမ ၄၇ မိုင်၊ ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း (၂) လိုင်းအရှည် ၆၀ ဒသမ ၄၇ မိုင်၊ သာယာကုန်း-လှော်ကား လိုင်းအရှည် ၉၇ ဒသမ ၇ မိုင်၊ သာယာကုန်း-ကမာနက်(၁) လိုင်းအရှည် ၆၀ ဒသမ ၁ မိုင်၊ သာယာကုန်း-ကမာနတ် (၂) လိုင်းအရှည် ၆၀ ဒသမ ၁ မိုင်၊ ရွှေကျင်-သာယာကုန်း လိုင်းအရှည် ၂၅ ဒသမ ၅၆ မိုင်၊ ၃၃ကေဗွီ ရဲနွယ်-သာယာကုန်း (၁)လိုင်းအရှည် ၁၇ မိုင်၊ ရဲနွယ်-သာယာကုန်း (၂) လိုင်းအရှည် ၁၇ မိုင်တို့ လက်ရှိအသုံးပြုနေကြောင်းသိရသည်။ ဓာတ်အားဖြန့်ဖြူးရာတွင်လည်း ၃၃ ကေဗွီလိုင်းများဖြစ်ကြသော ဒိုက်ဦးလိုင်း ၂၇ မိုင်အား ၂၀၀၇ ခုနှစ်မှ စတင်၍လည်းကောင်း၊ ၃၃ ကေဗွီ ဖြူးလိုင်း ၃၇ ဒသမ ၈မိုင်အား ၂၀၀၇ ခုနှစ်တွင်လည်းကောင်း စတင်ပို့လွှတ်ခဲ့သည်။

သာယာကုန်း ပင်မဓာတ်အားခွဲရုံသည် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်၊ ပိန်းဇလုပ်၊ ဖဒို၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ အောင်မြင်၊ ကညွတ်ကွင်း၊ နတ်သံကွင်း စသည့်မြို့များအပြင် သက်ဆိုင်ရာမြို့ ဒေသဓာတ်အားခွဲရုံများ၏ဧရိယာအတွင်းရှိ ကျေးရွာအုပ်စုရပ်ကွက်များအား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

တိုးပွားလာသောလူဦးရေနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပိုမိုများပြားလာမှုကြောင့် ယခင်ကတပ်ဆင်ထားသော ၂၃၀/ ၃၃/ ၁၁ KV ၃၀ (၃×၁၀) MVA Transformer bank အား ဓာတ်အားသုံးစွဲသူပြည်သူများ အဆင်ပြေစေရန်အတွက် အောက်တိုဘာ ၄ ရက်မှ စတင်ကာ ၆၀(၃၀×၂၀) MVA Transformer bank များလဲလှယ်ခြင်း၊ ၂၃၀ KV bus Conductor များ လဲလှယ်ခြင်း၊ ၃၃ KV ဒိုက်ဦး CT လဲလှယ်ခြင်း၊ Protection relay လဲလှယ်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာကျွမ်းကျင် လျှပ်စစ်အင်ဂျင်နီယာများမှ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တပ်ဆင်ပြုပြင်ခြင်း လုပ်ငန်းများပြီးဆုံးသွားပါက ယခင်ဓာတ်အားဖြန့်ဝေသော မြို့နယ်များအပြင် အခြားမြို့နယ်ပါ ချဲ့ထွင်ကာ ဓာတ်အားလွှတ်နိုင်မည်ဖြစ်ပြီး မီးသုံးစွဲသူ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ရပ်ကွက် ၊ ကျေးရွာအုပ်စုများအပြင် ထပ်မံတိုးချဲ့ဓာတ်အား ပို့လွှတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကိုလင်း (ညောင်ဝိုင်း)**





azmifuD,fajr&pcef&tjydeplbnfvSBfulreU,f a*;awmuft|iuf;&m tjykk ajrap;t|iuf;&m&Sf vu(c) ausmifiEB|if bm4 &uf Euf 10 em&Douf,fkdrl yaymuf&;ESifcifusqif&;todn may;aq;aE;yjyvkf &maus;&molaus;&mom;rk wuf&mufchumif odonf (alu;r)kd

## အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ပုဇွန်တောင် နိုဝင်ဘာ ၈**

မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် မီးလောင်ပြင်တွင် အချိန်နှင့် တစ်ပြေးညီ မီးသတ်လုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲက တာမွေမီးသတ်စခန်းရှိ ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပုဇွန်တောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်က အဖွင့်အမှာစကားပြောကြားကာ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးမျိုးသက်နှင့် တာမွေမြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးဇင်မင်းတို့က အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်က မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ဝတ်စုံများ ပေးအပ်ခဲ့သည်။

သင်တန်းအား ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ ပုဇွန်တောင်မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ သင်တန်းသား ၂၀ တက်ရောက် သင်ကြားကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့်အသိပညာပေးပြသဟောပြော

**ခရမ်း နိုဝင်ဘာ ၈**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် မှုခင်း ပညာပေးယာဉ်ဖြင့်ပြသ၍ အသိပညာပေးဟောပြောခြင်းနှင့်လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၆ ရက်နံနက် ၉ နာရီက ခရမ်းမြို့ အမှတ် (၁)ရပ်ကွက် မင်းလမ်းတွင် ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ပြခန်းယာဉ်ဖြင့် ပြသရာသို့ ခရမ်းမြို့နယ်ရဲတပ်ဖွဲ့ မှူး ရဲမှူးစိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စု (၅၆) မှ ဒုရဲမှူးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ် တပ်ဖွဲ့စု (၄၁)မှ ရဲတပ်ကြပ်ကြီးစန်းသိန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးရေးအဖွဲ့ တပ်ဖွဲ့စု (၆) မှ ရဲတပ်ကြပ်ကြီးဇော်မင်းလွင်တို့က ကဏ္ဍအလိုက် ရှင်းလင်းပြသ၍ မှုခင်းပညာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ မှုခင်းပညာပေးပြခန်းယာဉ်သို့ ခရမ်းမြို့ အ-ထ-က (၁) နှင့် အ-မ-က (၁) မှ ကျောင်းသူ ကျောင်းသား၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၇၀၀ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## စာကြည့်တိုက်ခရီးသည်




ယနေ့ခေတ်လူငယ်များ စာပေဗဟုသုတများ တိုးပွားစေရန် စာကြည့်တိုက်များထားရှိပြီး စာပေကိုလေ့လာဖတ်ရှုခြင်းဖြင့် အသိပညာ တိုးပွားကြောင်း စာရေးဆရာ ဟိန်းလတ်ရေးသားသော စာကြည့်တိုက်ခရီးသည် စာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ရည်ရွယ်ချက်သုံးခုဖြင့် ဖွင့်လှစ်လျက်ရှိရာ ပထမ ရည်ရွယ်ချက်မှာ ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတများ မြင့်မားစေရန်၊ ဒုတိယ ရည်ရွယ်ချက်မှာ ကျေးလက်ပြည်သူများ မီဒီယာကိုယ်ခံစွမ်းအားကောင်းမွန်စေရန်နှင့် တတိယ ရည်ရွယ်ချက်မှာ ဒီမိုကရေစီကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ဖော်ဆောင်နိုင်ရန်ဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည့်အပြင် ခေါင်းစဉ် ၁၆ ခုကိုပါ ရေးသားထားသည်။

စာအုပ်ကို မဖ္ဖီမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁ ၈၃၉၂၈၃၅နှင့် ၀၉ ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

## ပဋ္ဌာန်းပဥ္စာဝါရ လောကီ/လောကုတ္တရာ အကျိုးကျေးဇူးများ




ပဋ္ဌာန်းရွတ်ပွားရာတွင် စေတနာသန့်သန့်နှင့် ရွတ်ဆိုပူဇော်ခြင်းအားဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူးများကိုလျင်မြန်စွာ ရရှိစေမည်ဖြစ်ကြောင်း စာရေးဆရာ ဂမ္ဘီရဆရာလှမျိုး စီစဉ်သော ပဋ္ဌာန်းပဥ္စာဝါရ လောကီ၊ လောကုတ္တရာ အကျိုးကျေးဇူးများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ယနေ့လူမှုဘဝတွင် ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို ကျော်လွှားနိုင်စေရန် နေ့စဉ် ပဋ္ဌာန်းပဥ္စာဝါရကို နေ့ညမခြား ၄၉ ရက် တစ်နေ့တစ်ခါရွတ်ဆိုပါက ဘေးအန္တရာယ်အပေါင်းမှ ကင်းလွတ်စေပြီး အနှောင့်အယှက် မှန်သမျှကိုလည်းနိုင်စေသည်။ ထို့အပြင် မိမိနှင့်ယှဉ်ပြိုင်လာသူများကို အနိုင်ရရှိမည်ဖြစ်သည်။ ပဋ္ဌာန်းကိုရွတ်ဆိုရာတွင်လည်း ပါဠိစာသားကိုမှန်ကန်စွာရွတ်ဆိုပြီး ပုဒ်ထီး၊ ပုဒ်မများတွေ့လျှင် ရပ်နားပြီးရွတ်ဆိုပါက နေ့စဉ်ကြုံတွေ့နေသော လူမှုဒုက္ခအပေါင်းမှ ကင်းဝေးပြီး ကောင်းကျိုးအဖြာဖြာကို ရရှိစေကြောင်း ရေးသားထားသည်။

စာအုပ်ကို မဖ္ဖီမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁ ၈၃၉၂၈၃၅နှင့် ၀၉ ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## ချူးရွှေ-ပန်ကောက်တိုက်ပွဲကြီး (ကိုယ်တွေ့ဖြစ်ရပ်မှန်) စာအုပ်ထွက်ရှိ

စာရေးသူ ဗိုလ်မှူးကြီး(ဟောင်း) လှမင်း၊ ဗိုလ်ကြီး(ငြိမ်း) တင့်ထူးရွှေတို့၏ ကိုယ်တွေ့ဖြစ်ရပ်မှန် စာအုပ်ဖြစ်သော ချူးရွှေ-ပန်ကောက်တိုက်ပွဲကြီး အမည်ရှိ စာအုပ်ကို ထုတ်ဝေဖြန့်ချိ လိုက်ကြောင်း သိရသည်။

စာအုပ်တွင် ဟိုပန်မဆုတ်တမ်းခံစစ်စည်း ကျိုးပေါက်ခြင်း၊ တပ်မတော်မှ တန်ပြန်တိုက်စစ်ဆင်ရန် ပြင်ဆင်ခြင်း၊ ချူးရွှေစခန်း၊ ချူးရွှေစခန်းသို့ တိုက်စစ်ဆင်ခြင်း၊ ချူးရွှေစခန်းတိုက်ပွဲတွင် ပါဝင်ခဲ့သော အရာရှိများ၏ ကိုယ်ရေးအကျဉ်းဖော်ပြချက်၊ ချူးရွှေစခန်းတိုက်ပွဲတွင် ပါဝင်ခဲ့သော အရာရှိများ၏ သုံးသပ်ချက်နှင့်အမြင်၊ တပ်မတော်ဆိုင်ရာ စွမ်းရည်ဘွဲ့(ဘွဲ့ထူး၊ ဂုဏ်ထူး)ရ ပုဂ္ဂိုလ်များ၏ အမည်စာရင်း၊ ကျဆုံးသွားသော စစ်သည်များ၏ အမည်စာရင်း စသည်ဖြင့် စိတ်ဝင်စားအောင် အခန်းများခွဲ၍ ရေးသားတင်ပြထားသည်။

စာရေးသူ ဗိုလ်မှူးကြီး(ဟောင်း) လှမင်းက ကွမ်လုံရက် ၄၀ တိုက်ပွဲကြီး ကဲ့သို့ပင် တပ်မတော်တွင် ချူးရွှေ-ပန်ကောက် တိုက်ပွဲကြီး ကိုလည်း တိကျ ခိုင်မာသော အချက်အလက်များ ပေါ်တွင် အခြေခံ၍ မြန်မာ့ခေတ်သစ်သမိုင်းတွင် တပ်မတော်သားများအနေဖြင့် စွန့်လွှတ်စွန့်စား အနစ်နာခံစိတ်ဖြင့် နိုင်ငံတော်၏လုံခြုံရေး တာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်ကို ရေးသားတင်ပြကာ ချူးရွှေ-ပန်ကောက်စစ်ဆင်ရေးတွင် ထိခိုက်ဒဏ်ရာရ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ရသော ရဲဘော်များနှင့် ကျဆုံးသွားသော တပ်မတော်အရာရှိ၊ စစ်သည်ရဲဘော် ရဲဘက်အားလုံးကို ရည်စူး၍ ဤစာအုပ်ဖြင့် လေးစားစွာဂုဏ်ပြုအပ်ပါသည်ဟု ၎င်း၏ စေတနာကို ဖော်ပြထားသည်။




စာအုပ်ကို ဝယ်ယူလိုပါက ဦးတင့်ထူးရွှေ ဖုန်း- ၀၉-၄၅၀၀၁၆၅၅၂၊ ၀၉-၇၆၈၃၈၈၃၉၀၊ ၀၉-၉၅၂၅၃၉၉၄၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ ဖြစ်သည်။

## မြန်မာ့အလေးချိန်ဝန် ချင့်ဝန်နှင့် ချိန်ခွင်အကြောင်းသိကောင်းစရာ




မြန်မာ့ကျေးလက်ယဉ်ကျေးမှု အခေါ်အဝေါ်များ မတိမ်ကော မပျောက်ပျက်စေရန်အတွက် စာရေးဆရာ ဒေါက်တာလှသောင်း(ဘဏ်)၏ မြန်မာ့အလေး ချိန်ဝန် ချင့်ဝန်နှင့် ချိန်ခွင်အကြောင်း သိကောင်းစရာ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြန်မာ့အလေးသမိုင်းကြောင်းမှစ၍ မြန်မာဘုရင်များ၏ တော်ဝင်မွေးနေ့တွင်ထုတ်ဝေသည့် အလေးများအကြောင်း၊ ကျေးလက်ဒေသသုံးအလေးများ၊ တင်းတောင်း၊ ပြည်တောင်း၊ စလယ်နှင့် အလေးချိန်များ၏ အခေါ်အဝေါ်၊ ဗြိတိသျှသုတေသီတို့၏တွေ့ရှိချက်များနှင့် စာရေးသူ၏ စုဆောင်းထားသော အလေးများတွင်ပါရှိသည့် အမှတ်သင်္ကေတများ၊ အလေးတို့၏ တစ်မူထူးခြားသော ဝိသေသများကိုဖော်ပြထားပြီး ချိန်ခွင်အသုံးပြုရာမှ ခေတ်နှင့်လျော်ညီစွာ ဒစ်ဂျစ်တယ်ချိန်စက်ဆီသို့ ကူးပြောင်းသွားမှုများကို သုတေသနပြုလုပ်၍ ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

စာအုပ်ကို ဒေါက်တာလှသောင်း(ဘဏ်) ဖုန်း-၀၁ ၆၆၇၈၁၈နှင့် ၀၉ ၂၆၁၉၉၁၂၉၁တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

## လက်တွေ့ကျကျ ခေတ်မီစက်ချုပ်နည်းများ




စက်ချုပ်ပညာကို လေ့လာလိုက်စားလိုသူများ လွယ်ကူရှင်းလင်းစွာလေ့လာနိုင်စေရန် မအေးအေးစံ စီစဉ်သော လက်တွေ့ကျကျ ခေတ်မီစက်ချုပ်နည်းများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် စက်ချုပ်ပညာသင်စရိတ်ကြီးမြင့်နေသော ယနေ့ခေတ်အချိန်အခါတွင် သင်တန်းကြေးစရိတ်၊ သွားလာသည့်စရိတ်များသက်သာပြီး လုပ်ပင်ပန်းမှုသက်သာကာ မိမိအိမ်တွင်း၌ပင် လေ့လာခြင်းဖြင့် စက်ပညာကိုတတ်မြောက်စေသည်။ ကိုယ်တိုင်ချုပ်တတ်ပြီး သူတစ်ပါးကို ပြန်လည်သင်ကြားပေးနိုင်ခြင်း၊ အချိန်ကာလမည်မျှပင်ကြာသည်ဖြစ်စေ ထိုစာအုပ်ကိုပြန်ကြည့်၍မိမိကိုယ်တိုင် ချုပ်နိုင်သည့်အပြင် နည်းစနစ်မှန်မှန်ဖြင့် တတ်မြောက်စေသောကြောင့် စက်ချုပ်ဝါသနာကိုလေ့လာလိုက်စားလိုသူများ ဆောင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဖ္ဖီမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁ ၈၃၉၂၈၃၅နှင့် ၀၉ ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။

---

**စာမျက်နှာ ၁၅ မှ**

ဒီသတင်းကို ၁၉၁၉ ခုနှစ် မေ(လ)ကုန်၊ ဇွန်(လ)ဆန်းလောက်က ကမ္ဘာ့သတင်းစာ တော်တော်များများရဲ့ မျက်နှာဖုံးသတင်းအနေနှင့် (‘Einstein’s theory proven true’) (အိုင်းစတိုင်းရဲ့ သီအိုရီ မှန်ကန်ကြောင်း သက်သေပြပြီး) ဆိုတဲ့ စာသားမျိုးကို အသုံးပြုပြီး ဖော်ပြခဲ့တယ်။ New York Times (နယူးယောက်တိုင်းမ်စ်) သတင်းစာပါ မျက်နှာဖုံးသတင်းကို အဲဒီသတင်းစာရဲ့ မော်ကွန်းမှတ်တမ်း (archives) မှတစ်ဆင့် ကျွန်တော် ဖတ်ဖူးပါတယ်။ ကိုလိုနီခေတ် မြန်မာနိုင်ငံမှာ ၁၉၁၉ ခုနှစ်က သူရိယ သတင်းစာမှာ (သို့မဟုတ်) မြန်မာဘာသာစကားနှင့် ထိုစဉ်က ထုတ်ဝေခဲ့တဲ့ သတင်းစာများမှာ အိုင်စတိုင်း သီအိုရီ မှန်ကန်ကြောင်း (သိပ္ပံ)သတင်းကို ဖော်ပြထားခြင်း ရှိမရှိကိုတော့ ကျွန်တော် မသိပါ။

အိုင်စတိုင်းရဲ့ သိပ္ပံဟောကိန်း မှန်ကန်ကြောင်းကို ကမ္ဘာ့အထင်ကရ သတင်းစာများမှာ ၁၉၁၉ခုနှစ်က ဖော်ပြခဲ့ပေမယ့် Alfred Wegener ၁၉၃၀ ပြည့်နှစ် နိုဝင်ဘာလအစောပိုင်းမှာ ကွယ်လွန်ပြီး သူ့ရုပ်အလောင်းကို ၁၉၃၁ ခုနှစ် မေလမှာ တွေ့ရှိတော့ New York Times သတင်းစာမှာ သတင်းအတိုအထွာ အနေနှင့် ဖော်ပြခဲ့သလား၊ မဖော်ပြခဲ့သလားကိုလည်း ကျွန်တော်မသိပါ။

အိုင်စတိုင်းရဲ့ ၁၉၀၅ ခုနှစ်က ပထမတင်ပြခဲ့တဲ့ သူ့သီအိုရီပါ ဟောကိန်းတစ်ခုရဲ့ မှန်ကန်မှုကို အနာဂတ်ဖြစ်ရပ် (၁၉၁၉ ခုနှစ်က နေကြတ်ခြင်း) နှင့် သက်သေထူနိုင်ခဲ့တယ်။ Wegener တင်ပြခဲ့တဲ့ continental drift ဟာ ယခုတိုင် ဖြစ်ပွားနေဆဲ (တစ်နှစ်လျှင် တစ်လက်မဝန်းကျင်ခန့် တိုက်ကြီးများဟာရွေ့နေဆဲ) ဆိုတာ မှန်ပါတယ်။ သို့သော်လည်း Wegener အဓိကကျကျ ကနဦးက တင်ပြခဲ့တဲ့ ကမ္ဘာ့တိုက်ကြီးများဟာ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၂၀၀ ကျော်ခန့်က တည်ရှိခဲ့တဲ့ Pangaea ဆိုတဲ့ မဟာတိုက်ကြီး (Supercontinent) မှ “ကွဲထွက်” လာတယ်ဆိုတဲ့ သိပ္ပံအနုမာန (ယခုအခါတော့ သိပ္ပံဖြစ်ရပ်မှန်ပါ) ကို အိုင်စတိုင်း သီအိုရီ မှန်ကန်ကြောင်းကို အနာဂတ်ဖြစ်ရပ်နှင့် သက်သေပြခဲ့သလို ဘယ်လိုလုပ် သက်သေပြနိုင်ပေမလဲ။

အထက်မှာ ဖော်ပြခဲ့တဲ့ အတိုင်းပဲ Wegener ဟာ ၁၉၁၅ ခုနှစ်က ပထမအကြိမ် ထုတ်ဝေခဲ့တဲ့ သူ့ရဲ့ စာအုပ်မှာ တိုက်ကြီးများ တဖြည်းဖြည်း ရွေ့လျားမှုကို ဘူမိဗေဒဆိုင်ရာ ကျောက်လွှာများ၊ ရုပ်ကြွင်းပညာဆိုင်ရာ သတ္တဝါများရဲ့ ရုပ်ကြွင်းများဟာ ယခုအခါ ကွဲပြာနေတဲ့ တစ်တိုက်နှင့် တစ်တိုက်အကြားမှာ အတော်အတန်ဆင်တူဖြစ်နေခြင်း၊ သစ်ပင်ပန်းမာလ်နှင့်အချို့သော တိရစ္ဆာန်မျိုးစုများ “ဆင်တူ” ဖြစ်နေခြင်းဆိုတဲ့ သာဓကများဖြင့် တင်ပြခဲ့ပါတယ်။ သို့တိုင်အောင် သူ့ရဲ့ စာအုပ် ပထမအကြိမ် ထုတ်ဝေပြီးတဲ့ ၁၉၁၅ ခုနှစ်ကနေ နှစ် ၄၀ ခန့်၊ သူ ၁၉၃၀ ပြည့်နှစ်က သိပ္ပံသုတေသနအတွက် စွန့်စားပြုလုပ်ရင်း မထင်မရှား ကွယ်လွန်ပြီး ၂၅ နှစ်ခန့်အကြာမှာမှ သိပ္ပံအသိုင်းအဝိုင်းအများစုမှ Wegener ရဲ့ တင်ပြချက်ကို လက်ခံလာကြတာဖြစ်တယ်။ ၁၉၆၀ ပြည့်လွန်နှစ်များ ရောက်လာတော့ Wegener အဓိက တည်ထောင်ပြီး သူ့နောက် သိပ္ပံပညာရှင်များက ဖြည့်ဆည်း၊ ဖြည့်စွက်ခဲ့တဲ့ ကမ္ဘာ့တိုက်ကြီးများ တဖြည်းဖြည်း ရွေ့လျောမှု ယူဆတင်ပြချက် (continental drift postulate) ဟာ ခိုင်မာတဲ့ သိပ္ပံဖြစ်ရပ်မှန် (firm scientific fact) ဖြစ်နေပါပြီ။

Wegener ရဲ့အဓိက အထူးပြုသိပ္ပံဘာသာရပ်များဟာ နက္ခတ္တဗေဒ (Astronomy)၊ ရာသီဥတုဆိုင်ရာ ပညာ (Climatology) နှင့် ရှေးဟောင်းခေတ် ရာသီဥတုပညာ (Paleoclimatology) တို့ဖြစ်ပါတယ်။ ဘူမိဗေဒပညာရပ် အစိတ်အပိုင်း အတော်များများနှင့် စပ်လျဉ်း၊ စပ်ဆိုင်နေတဲ့ Wegener ရဲ့ continental drift တင်ပြချက်ကို တချို့သော ဘူမိဗေဒပညာရှင်များက ဘူမိဗေဒအထူးပြုပညာရှင် မဟုတ်သူလို့ ယူဆနိုင်လောက်တဲ့ Wegener က တင်ပြလာတာကို “ဘာသာရပ်စည်း”ကို “စည်းကျော်” (breaching the subject demarcation) တင်ပြလာလို့ လက်မခံခဲ့ခြင်းပေလားလို့ ကျွန်တော် တွေးမိပါတယ်။ ဒီလိုဖြစ်ခဲ့လျှင်ပင် Wegener ရဲ့ တင်ပြချက်ကို သူ့ခေတ်ပြိုင်နှင့် သူ့နောက် ချက်ချင်းပေါ်ပေါက်လာတဲ့ ခေတ်နှောင်းပညာရှင် အားလုံးလိုလိုက လက်မခံ၊ ငြင်းပယ်ခြင်းရဲ့ အဓိကမကျတဲ့ (အဓိကမကျတဲ့) အကြောင်းတရားသာ ဖြစ်ပါလိမ့်မယ်။

ရူပသိပ္ပံ (Physical Sciences)၊ ဓာတုသိပ္ပံ (Chemical Sciences) တို့နှင့် စပ်လျဉ်းတဲ့ သိပ္ပံအနုမာန ယူဆချက်များ (hypothesis) တို့ကို မှန်ကန်ကြောင်း၊ မှားကြောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့်သာ မှန်ကြောင်း သက်သေပြနိုင်ဖို့ထက် သမိုင်းဆိုင်ရာ သိပ္ပံဘာသာရပ်များဖြစ်တဲ့ ဘူမိဗေဒ၊ ရုပ်ကြွင်းပညာ၊ ရှေးဟောင်းခေတ် ရာသီဥတုပညာတို့နှင့် စပ်လျဉ်းတဲ့ သိပ္ပံသီအိုရီ၊ သိပ္ပံအနုမာန ယူဆချက်များဟာ တစ်ခါတလေမှာ (စင်စစ်ဆိုရလျှင် ယေဘုယျအားဖြင့်) ပိုပြီး ခက်ခဲရှုပ်ထွေးဖွယ် ရှိတာမို့ သိပ္ပံသုတေသီ၊ သိပ္ပံပညာရှင် Alfred Wegener ရဲ့ အဓိကကျကျ မှန်ကန်တဲ့ continental drift ဆိုင်ရာ တင်ပြချက်တို့ဟာ သိပ္ပံသုတေသနအတွက် အသက်စွန့်ဆောင်ရွက်ကာ သူကွယ်လွန်အပြီး နှစ်ပေါင်း ၂၅ နှစ်ခန့်ကျော်မှ သိပ္ပံလောကနှင့် သိပ္ပံပညာရှင်များက အတည်ပြု လက်ခံလာခြင်း ဖြစ်ပါလိမ့်မယ်။

သိပ္ပံပညာရှင် Alfred Wegener ရဲ့ ၁၃၇ နှစ်မြောက် မွေးနေ့နှင့် သူကွယ်လွန်ခြင်း ၈၇ နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုရေးသားပါတယ်။ ။

**စာမူကို ပြန်လည်ရိုက်နှိပ်ပေး၍ အချို့သိပ္ပံဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်းသည့် အကြံပြုမှု အနည်းငယ်ကို ပြုလုပ်ပေးသည့် ဒေါက်တာ ကျော်စွာလင်းအား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။**

# ဆယ်လီနာဂိုမက်ဇ်ရဲ့ တေးဗီဒီယိုသစ် စမ်းသပ် ထုတ်လွှင့်

ပေ့ါပ်တေးသံရှင် ဆယ်လီနာဂိုမက်ဇ်က လတ်တလောမှာတော့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းသစ်တစ်ပုဒ်ရဲ့ တေးဗီဒီယိုကို စမ်းသပ် ထုတ်လွှင့်ခဲ့ပါတယ်။ ဒီလိုထုတ်လွှင့်ခဲ့ကြောင်းကိုလည်း ဆယ်လီနာက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အမေရိကန်ပေ့ါပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၆ ရက်မှာ သူ့ရဲ့တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Wolves" ရဲ့ တေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးသီချင်းကိုတော့ ဆယ်လီနာဂိုမက်ဇ်နဲ့ ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ မာ့ရှ်မယ်လိုတို့ ပူးပေါင်းဖန်တီးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

တေးသီချင်းရဲ့ ဗီဒီယိုစမ်းသပ်ထုတ်လွှင့်ကြောင်း ဖော်ပြချက်နဲ့အတူ ဆယ်လီနာဂိုမက်ဇ်က ယင်းတေးသီချင်းကို ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်ဖျော်ဖြေတင်ဆက်မှု ပြုလုပ်သွားမှာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့တာတွေ့ရပါတယ်။ ဒီလိုဖျော်ဖြေမှုကိုတော့ လာမယ့် နိုဝင်ဘာ ၁၉ ရက်မှာ ပြုလုပ်သွားမှာဖြစ်တယ်လို့ ဆယ်လီနာက လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

"Wolves" ရဲ့ ပထမဆုံးသော တိုက်ရိုက် ဖျော်ဖြေတင်ဆက်မှုကို လာမယ့် နိုဝင်ဘာ ၁၉ ရက်မှာ လော့စ်အန်ဂျလိစ်မှာ ကျင်းပသွားမယ့် ယခုနှစ်အတွက် ရည်ရွယ်ပြုလုပ်တဲ့ အမေရိကန်တေးဂီတဆုပေးပွဲ စင်မြင့်ထက်မှာ ဖျော်ဖြေသွားဖို့ ဆယ်လီနာဂိုမက်ဇ်က စီစဉ်ထားတာဖြစ်ပါတယ်။ တေးဗီဒီယို အပြည့်အစုံကိုတော့ အဆိုပါ ဖျော်ဖြေမှုအတွင်း စတင်ထုတ်လွှင့်မှာလားကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။ ယင်းဆုပေးပွဲ စင်မြင့်ထက်မှာ ဖျော်ဖြေမှုဟာ ပေ့ါပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်အတွက် ကျောက်ကပ်ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ပြုလုပ်ခဲ့တဲ့ဖျော်ဖြေပွဲလည်း ဖြစ်လာမှာဖြစ်ပါတယ်။

"Wolves" တေးသီချင်းနဲ့ပတ်သက်ပြီး မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ ဆယ်လီနာဂိုမက်ဇ်က ယင်းတေးသီချင်းဟာ သူ့ရဲ့ဘဝမှာ လက်ရှိအချိန်အထိ သီဆိုထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးသီချင်းတွေအားလုံးအနက် ပုဂ္ဂိုလ်ရေးခံစားချက်တွေ အများဆုံးပါဝင်တဲ့တေးသီချင်းဖြစ်ပြီး သူ့ရဲ့ကိုယ်ပိုင်ဘဝကို အများဆုံးထင်ဟပ်ထားတဲ့ တေးသီချင်းဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့ပြီးဖြစ်ပါတယ်။



အေး ပြည့် - ရေး သား သည်

# မယ်လနီယာထရန့်နဲ့ တွေ့ဆုံခဲ့တဲ့ မင်ဟို

တောင်ကိုရီးယားရဲ့ နာမည်ကျော် ကေပေ့ါပ် ကြယ်ပွင့်တစ်ဦးဖြစ်တဲ့အပြင် လက်ရှိမှာ သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်နေတဲ့ မင်ဟိုကို လတ်တလော အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ရဲ့ တောင်ကိုရီးယားခရီးစဉ်မှာ အတူလိုက်ပါလာခဲ့တဲ့ သမ္မတကတော် မယ်လနီယာထရန့်နဲ့ ၂၀၁၈ ခုနှစ် ဆောင်းရာသီအိုလံပစ်ပွဲတော်အတွက် ရည်ရွယ်ပြုလုပ်တဲ့ အခမ်းအနားမှာ အတူတွေ့ခဲ့ရတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၇ ရက်မှာ တောင်ကိုရီးယားနိုင်ငံမှာရှိတဲ့ အမေရိကန်သံရုံးက ကြီးမှူးကျင်းပခဲ့တဲ့ ၂၀၁၈ ခုနှစ် ဆောင်းရာသီအိုလံပစ်ပွဲတော်အကြို "Girls Play 2" ကမ်ပိန်းကို မယ်လနီယာထရန့် တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ယင်းပွဲကို တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ "SHINee"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မင်ဟိုလည်း တက်ရောက်ခဲ့တာဖြစ်ပါတယ်။

"Girls Play 2"ဟာ အမျိုးသမီးတွေကို အားကစားပွဲတွေမှာ ပိုမိုပါဝင်ဆင်နွှဲကြဖို့အတွက် စည်းရုံးလှုံ့ဆော်တဲ့ လှုပ်ရှားမှုတစ်ခုဖြစ်ပြီး လာမယ့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ တောင်ကိုရီးယားနိုင်ငံမှာ လက်ခံကျင်းပသွားမယ့် ဆောင်းရာသီအိုလံပစ်ပွဲတော်အတွက် ပရိုမိုးရှင်းပွဲတစ်ခုလည်း ဖြစ်တယ်လို့ သိရပါတယ်။ ဒီပွဲမှာ တက်ရောက်ရင်း တွေ့ဆုံခဲ့ကြတဲ့ မယ်လနီယာထရန့်နဲ့ မင်ဟိုတို့နှစ်ဦးကို မီဒီယာတွေက ဓာတ်ပုံရိုက်ကူးဖော်ပြခဲ့ကြပြီး ယင်းပုံတွေမှာတော့ နှစ်ဦးသားအပြုံးတွေဝေနေတာကိုလည်း တွေ့မြင်ရပါတယ်။

အဆိုပါအခမ်းအနားမှာ မင်ဟိုက "အားကစားသမားတွေနဲ့ တေးသံရှင်တွေအကြားမှာ တူညီတဲ့အချက်တွေ များစွာရှိနေတာဖြစ်ပါတယ်၊ စင်မြင့်ထက်မှာ လူတွေအထင်ကြီးလောက်တဲ့ ဖျော်ဖြေမှုတွေကို ထုတ်ဖော်ပြသရတယ်၊ ကစားပွဲတစ်ခုအတွင်းမှာ ကိုယ့်ရဲ့အကောင်းဆုံးစွမ်းဆောင်ရည်တွေနဲ့ ကျွမ်းကျင်မှုတွေကို ထုတ်ဖော်ပြသရတယ်၊ ပြင်းပြင်းထန်ထန်လေ့ကျင့်ရတယ်၊ ကိုယ့်ရဲ့ကိုယ်ခန္ဓာကိုလည်း ထိန်းသိမ်းရတယ်၊ အားပေးချီးမြှောက်မှုတွေကိုလည်း အမြောက်အမြားရရှိကြတယ်"လို့ အမှတ်တရစကားပြောကြားချိန်မှာ ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။




# နယ်လှည့်ဖျော်ဖြေပွဲ စတင်မယ့်ရက်ကို ရှာကီရာ ရွှေ့ဆိုင်း



ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ရှာကီရာဟာ မကြာမီကျင်းပသွားဖို့ရာ စီစဉ်ထားတဲ့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေး အစီအစဉ်တွေကို သတ်မှတ်ထားတဲ့ရက်မှာ ကျင်းပနိုင်ခြင်း မရှိတော့ဘဲ နောက်ကို ရွှေ့ဆိုင်းခဲ့ပါတယ်။ ဒီလို ရွှေ့လိုက်ရတဲ့အကြောင်းကတော့ ဆရာဝန်တွေရဲ့ အကြံပေးချက်ကြောင့်ဖြစ်ပြီး သူ့မှာ အသံပိုင်းဆိုင်ရာပြဿနာတွေရှိနေတာကြောင့် နောက်ထပ် ထိခိုက်မှုတွေ ထပ်မံဖြစ်မလာစေဖို့အတွက် ဖျော်ဖြေပွဲရက်ကို ရွှေ့ဆိုင်းကာ အနားယူခဲ့ရတာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကိုလံဘီယာတေးသံရှင်တစ်ဦးဖြစ်တဲ့ ရှာကီရာဟာ သူ့ရဲ့ "El Dorado"လို့ အမည်ပေးထားတဲ့ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေကို ပြီးခဲ့တဲ့ နိုဝင်ဘာ ၈ ရက်မှာ ဂျာမနီနိုင်ငံမှာ စတင်ဖျော်ဖြေဖွင့်လှစ်သွားဖို့ စီစဉ်ထားပေမယ့် ဖျော်ဖြေနိုင်ခြင်းမရှိဘဲ ရက်ရွှေ့ဆိုင်းခဲ့ရတာဖြစ်ပါတယ်။ လတ်တလောမှာ အသက် ၄၀ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရှာကီရာဟာ နယ်လှည့်ဖျော်ဖြေပွဲအတွက် အစမ်းလေ့ကျင့်မှုတွေပြုလုပ်ခဲ့ရာမှာ အသံအိုး ထိခိုက်မှုဖြစ်ခဲ့တာကြောင့် ယခုလို ဆရာဝန်တွေက သူ့ကို အနားယူစေခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလို ဖျော်ဖြေပွဲ ရက်ရွှေ့ခဲ့တာနဲ့ပတ်သက်ပြီး သူ့ရဲ့တရားဝင်ဝက်ဘ်ဆိုက်ပေါ်ကနေတစ်ဆင့် ရှာကီရာက "လွန်ခဲ့တဲ့ရက်အနည်းငယ်ကပြုလုပ်ခဲ့တဲ့ ကျွန်မရဲ့ အစမ်းလေ့ကျင့်မှုတွေအတွင်း ကျွန်မရဲ့အသံအိုး ထိခိုက်ခဲ့ရတယ်။ အဲဒီအကျိုးဆက်အဖြစ် ဆရာဝန်တွေက ကျွန်မကို အသံပိုင်းဆိုင်ရာမှာ ကြီးမားတဲ့ ထိခိုက်ပျက်စီးမှုထပ်မံမဖြစ်ပေါ်ပြီး ဖျော်ဖြေပွဲတွေ တစ်သက်တာ ရပ်နားလိုက်ရတာမျိုးတွေ မဖြစ်စေဖို့ ခေတ္တအနားယူခိုင်းပါတယ်"လို့ ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။

ဒ့ါအပြင် ရှာကီရာက ဒီလိုဖျော်ဖြေပွဲတွေ ရပ်နားလိုက်ရခြင်းဟာ သူ့အတွက် အလွန်နာကျင်ခံစားရကြောင်း၊ ဒါပေမယ့် ပရိသတ်တွေကို ပိုမိုကောင်းမွန်တဲ့ ဖျော်ဖြေတင်ဆက်မှုတွေ ပေးချင်တာကြောင့် လက်ရှိမှာတော့ အချိန်ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်းနဲ့ ဂျာမနီမှာ ဖျော်ဖြေပွဲ ပြန်လည်စတင်နိုင်မယ့်နေ့ရက်တွေကို ဆွေးနွေးနေကြောင်းလည်း ထည့်သွင်းဖော်ပြခဲ့တာတွေ့ရပါတယ်။ ဆက်လက်ပြီး ရှာကီရာက နယ်လှည့်ဖျော်ဖြေပွဲတွေကို လာမယ့် နိုဝင်ဘာ ၁၀ ရက်မှာ ပါရီမှာ ပြုလုပ်သွားနိုင်ဖို့ စီစဉ်ထားပြီး လက်ရှိမှာတော့ ကျန်းမာရေးကောင်းမွန်ရေးကိုသာ အလေးထားဆောင်ရွက်နေကြောင်းလည်း ဖော်ပြခဲ့ပါတယ်။

ရှာကီရာဟာ ပြီးခဲ့တဲ့ မေလအတွင်း နောက်ဆုံးထွက်ရှိထားတဲ့ သူ့ရဲ့ ၁၁ ခုမြောက် စတီရီယို တေးအယ်လ်ဘမ် "El Dorado" အတွက် ရည်ရွယ်ပြုလုပ်တဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေကို မြောက်အမေရိကမှာ ကျင်းပသွားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။

# ကမ်ဂျူဟွတ်ခ် အတွက် နောက်ဆုံး နှုတ်ဆက်စကားဆို

ပြီးခဲ့တဲ့ အောက်တိုဘာ ၃၀ ရက်က ယာဉ်တိုက်မှုတစ်ခုအတွင်း ဆုံးပါးသွားခဲ့တဲ့ မင်းသား ကမ်ဂျူဟွတ်ခ်အတွက် နောက်ဆုံးနှုတ်ဆက်စကားတွေကို သူပါဝင်သရုပ်ဆောင်နေတဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "2 Days and 1 Night"မှာ သူနဲ့တွဲဖက်ပါဝင်ခဲ့ကြတဲ့ ဝိုင်းတော်သားတွေက တစ်ဦးချင်းစီပြောကြားကာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ထုတ်လွှင့်ခဲ့တဲ့ ယင်းရုပ်သံအစီအစဉ်ရဲ့အပိုင်းသစ်မှာ ထုတ်လွှင့်ပြသခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၅ ရက်က နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ "2 Days and 1 Night"ရဲ့ အပိုင်းသစ်ကိုတော့ အထူးအစီအစဉ်တစ်ရပ်အဖြစ် ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ကမ်ဂျူဟွတ်ခ်အတွက် အမှတ်တရဂုဏ်ပြုအစီအစဉ်အဖြစ် ရိုက်ကူးထုတ်လွှင့်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ယင်းရုပ်သံအစီအစဉ်မှာ အတူတွဲဖက်သရုပ်ဆောင်ခဲ့ကြသူတွေဖြစ်ကြတဲ့ ကမ်ဂျွန်မင်၊ ကမ်ဂျွန်ဟိုနဲ့ ဒက်ဖ်ကွန်းတို့ဟာ နှုတ်ဆက်စကားဆိုချိန်မှာ မျက်ရည်တွေနဲ့ပြည့်နေခဲ့ကြပြီး အားလုံးကတော့ ကမ်ဂျူဟွတ်ခ်ကို ငြိမ်းချမ်းတဲ့နေရာမှာ အနားယူ စေလိုကြောင်း ဆုတောင်းစကားတွေ ဆိုခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

အဖွဲ့သားတစ်ဦးဖြစ်တဲ့ ချာတေးဟွန်ကတော့ ကမ်အတွက် သူ့ရဲ့နှုတ်ဆက်စကားပြောကြားခဲ့တဲ့ဗီဒီယိုကို မြောင်ဒုံဘုရားကျောင်းရှေ့မှာ သွားရောက်ရိုက်ကူးခဲ့ပြီး ဒီလိုနေရာကို ရွေးချယ်ရိုက်ကူးရတဲ့အကြောင်းကို ထုတ်ဖော်ပြောကြားခဲ့တယ်။ ချာတေးဟွန်က "ဒီနေရာကို လာရောက် ရိုက်ကူးခဲ့တာ ဘာကြောင့်လဲဆိုတော့ ဒီနေရာလေးကို မင်းကိုပြချင်လို့ပါ၊ ဒီနေရာဟာ ငါတို့နှစ်ဦးနောက်ဆုံးအနေနဲ့ အတူရိုက်ကူးခဲ့ကြတဲ့နေရာဖြစ်လို့ပါ" လို့ ထည့်သွင်းပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။

ဂျွန်ယောင်းကတော့ အဖွဲ့သားတွေထဲမှာ ကမ်ဂျူဟွတ်ခ်ရဲ့ ဈာပန အခမ်းအနားကို တက်ရောက်နိုင်ခြင်း မရှိခဲ့သူတစ်ဦးဖြစ်ပြီး သူ့ရဲ့ရိုက်ကူးရေးကြောင့် အဝေးကို ရောက်ရှိနေကာ ပြန်မလာနိုင်တာဟာ အလွန်ကို ဝမ်းနည်းခဲ့ရကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်ပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒ့ါအပြင် ကမ်ဂျူဟွတ်ခ်ဟာ မကြာသေးမီက "2 Days and 1 Night"အစီအစဉ်ရဲ့ ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ရိုက်ကူးခဲ့တဲ့ ဗီဒီယိုမှာ ပါဝင်ခဲ့ပြီး ယင်းဗီဒီယိုမှာ ကမ်ဂျူဟွတ်ခ်ပါဝင်ခဲ့တဲ့ အပိုင်းကိုလည်း လတ်တလောမှာ ထုတ်ဖော်ပြသထားကြောင်း သိရပါတယ်။



## 2017 ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသားကျောင်းသူများအတွက်

မိမိတို့၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြပါစို့ !

IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် " Only One School in Myanmar "




## IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်

System Creator Course
( 2 years )

IT & Japanese
2 years

Japan
Style
Education




2017 December 8 ရက်နေ့တွင် ဖွင့်လှစ်မည့်
System Creator Course တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ။

METRO
IT & Japanese Language Centre

### IT Course Seminar ( ပညာရေးနှင့် ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ ၊ ရန်ကုန်မြို့ )

Date : 12 - November - 2017 ( Sunday )

Time : 10:00 am ~ 12:00 pm

Place : Metro IT & Japanese Language Centre

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo,ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

www.facebook.com/metrogroupmyanmar 01 - 372691, 09 - 976334160

နိုဝင်ဘာလ ၉ ၊ ၁၀ ၊ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ တပ်မတော်ခန်းမတွင်ကျင်းပမည့် Japan Product Expo 2017 ပွဲတွင်လည်း Metro ပြခန်းသို့ လာရောက်လေ့လာဆွေးနွေးနိုင်ပါသည်။

### IT Course Seminar ( ပညာရေးနှင့် ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ ၊ မန္တလေးမြို့ )

Date : 18 - November - 2017 ( Saturday )

Time : 1:00 pm ~ 3:00 pm

Place : Metro IT & Japanese Language Centre ( Mandalay Branch )

Seminar Room, Mandalay ICT Park, 3rd Floor, Yadanarbon Super Center, Corner of 34 x 78 Street, မန္တလေးမြို့။ စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

www.facebook.com/metrogroupmandalay 09 - 401000510, 09 - 401000520

GRAND OPENING GRAND OPENING GRAND OPENING GRAND OPENING GRAND OPENING GRAND OPENING GRAND OPENING

# ကျေးဇူးဥပကာရ အထူးတင်ရှိခြင်း

(၂-၁၁-၂၀၁၇) ရက်နေ့တွင်နေပြည်တော်ရွှေနန်းတော်စိန်ရွှေရတနာဆိုင်သစ်ဖွင့်ပွဲနှင့်အတူ
ရွှေခြုံပုဝါလျှာဒါန်းသည့်အစမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်နှင့်
ဝန်ကြီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဖုံးမူနှင့်ဒုတိယဥက္ကဋ္ဌများ၊ CEC အဖွဲ့ဝင်များ၊
လေးကျွန်းသူအသင်းအဖွဲ့မှဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ MBA မှသူငယ်ချင်းများ၊ နေပြည်တော်၊ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းနှင့်
မြန်မာနိုင်ငံအလယ်ပိုင်းမှရတနာချစ်သူများ၊တစ်ခဲနက်ကြွရောက်ချီးမြှင့် အားပေးခဲ့ကြသောမိတ်ဆွေများ၊ ရတနာပစ္စည်းများကိုစောင့်ဆိုင်း၍
ကြိတ်ကြိတ်တိုးဝယ်ယူအားပေးခဲ့ကြသော သောင်းချီသောမိတ်ဟောင်းမိတ်သစ်ရတနာချစ်သူများ၊ ပါဝင်ကူညီပေးခဲ့ကြသော နိုင်ငံကျော်အနုပညာရှင်များ၊
အဆိုတော်များ၊ Dancerများ၊ International Missဆုရ Modelများ၊ ဂုဏ်ပြုပန်းစည်းပန်းခြင်းများ လက်ဆောင်ပေးသော၊
စီးပွားရေးနယ်ပယ်အသီးသီးမှလုပ်ငန်းရှင်ကြီးများ၊ဒဂုံဖိတ်စာ၊ ရွှေထီးပုံနှိပ်တိုက်၊Eternal Flower နှင့် ပစ်တိုင်းထောင်စသည့်
ဝိုင်းဝန်းကူညီသူအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ရွှေနန်းတော် စိန်ရွှေရတနာမိသားစုမှ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။
နေပြည်တော်ဆိုင်သစ်ဖွင့်ပွဲတွင် နိုဝင်ဘာ(၂)ရက်နေ့မှ(၅)ရက်နေ့အထိ (၄)ရက်တိုင်တိုင်တစ်ခဲနက်
စံချိန်တင်ကြွရောက်ချီးမြှင့်ဝယ်ယူအားပေးသည့် သောင်းချီသောရတနာချစ်သူမိတ်ပြည်သူများအနေဖြင့်
ဝယ်ယူသူများပြားသည့်အတွက်ကြောင့် အဆင်မပြေမှုများရှိပါကလည်း ခွင့်လွှတ်နားလည်ပေးပါရန်လေးစားစွာ တောင်းပန်အပ်ပါသည်။
နိုဝင်ဘာ(၁၁)ရက်နေ့မှ(၁၃)ရက်နေ့အထိနိုင်ငံကျော်အနုပညာရှင်များ၊ဖျော်ဖြေရေးအစီအစဉ်များဖြင့် ထပ်မံတင်ဆက်ပေးသွားပါမည်။

ဒေါက်တာအောင်ကျော်ဝင်း + ဒေါက်တာသက်သက်စိုင်
သမီးသက်ရတနာကျော်ဝင်း
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ Forever Gems by ရွှေနန်းတော်















GRAND OPENING GRAND OPENING GRAND OPENING GRAND OPENING GRAND OPENING GRAND OPENING GRAND OPENING


ooredoo
၁မိနစ်
၁၀/-
ဖုန်းဘီလ်ကြာကြာ အသုံးခံတယ်
ရွှန်းရွှန်းဝေအစီအစဉ်
(အူရီဒူးအချင်းချင်း)
*777#
ကို အခမဲ့ခေါ် ဆိုလိုက်ပါ

## ကြော်ငြာ


**ရတီပွား** ခရီးသွားလုပ်ငန်း 09-250147247, 09-774438366, 09-777700844

- မန္တလေး၊ ပြင်ဦးလွင်၊ ဂုတ်ထိပ်၊ ဂုတ်တွင်း၊ ခါလိန်ရေတံခွန် 50000
- မန္တလေးဘုရားစုံ၊ ပြင်ဦးလွင်၊ (၁၇)မိုင်ကမ်းခြေ 35000
- ပုဂံ-ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သရက္ခန်ဘုရား 40000
- ရှင်သီဝလိခြေတော်ရာ၊ စပ်လဲရေတံခွန်၊ (၁၅)မိုင်ဘုရား 15000
- မြဝတီ၊ မဲဆောက်၊ ဘားအံဂူဘုရားများ (တစ်ဘက်ကမ်းကျေး ဗီဇာခအပါ) 60000

အမျိုးသားနေ့ပိတ်ရက် Nov 10,17



**Modern Myanmar**

ပုဂံ၊ ပုပ္ပါး (Hotel Nov 10) 85000
ချောင်းသာ (Guest / Hotel) 33000 / 40000
ငွေဆောင် (Hotel) 45000
မြဝတီ၊ မဲဆောက် (Hotel) 100000
အားလုံးသော Package စီစဉ်ပေးသည်။
09-450047016, 09-253540004



**ရွှေစံမိ** 09-420420761, 09-420420762, 09-420420763

- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ ဆက်၍-လွိုင်ကော်
- ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သီပေါ၊ ဆက်၍-မန္တလေး
- ထားဝယ်-ရှင်ကိုးရှင်၊ မြောက်ရစ်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်
- ဘားအံ-ဂူ(၅)ဂူ၊ ကျာဝ၊ မော်လမြိုင်-ခေါင်းဆေးကျွန်း၊ ဘီလူးကျွန်း
- မန္တလေး၊ မဟာမြတ်မုနိ၊ ပြင်ဦးလွင်၊ ဂုတ်ထိပ်၊ သီပေါ၊ ဒုဋ္ဌဝတီမြစ်ဆုံ
- ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) - မဲလံ၊ ကျောက်ပီ၊ ရှင်သီဝလိ (သောကြာ-အပတ်စဉ်)

အမျိုးသားနေ့ ပိတ်ရက် အထူး Nov 10,17



**GOLDEN LIGHT** 09.43197550, 421099405

60000 / 70000
50000 / Motel Package - 75000
50000 / Motel Package - 75000
75000 / Guest Package - 100000
Motel Package 75000
9000 / 13000
Nov 10,17,24



**OD TOUR**

ORIENTAL DRAGON TRAVELS & TOURS Co.,Ltd

| | | |
|---|---|---|
| (2+1) | (4D 3N) | Nov10,Dec.8,15,22 |
| (2 + 1) | (5D 4N) | Dec15,22,29 Jan 3 |
| | (5D 4N) | Nov10,Dec15,22 |
| (2+1) | (5D 4N) | Dec 15,22,29 Jan 3 |
| (2 + 1) | (3D 2N) | Nov10,24,Dec.8,16 |
| | (7D 6N) | Dec7,15,22,29,Jan 3 |
| | (5D 4N) | Dec 8,15,22,29,Jan3 |
| | (5D 4N) | Dec.8,15,22,29,Jan 3 |
| (2+1) | (7D 6N) | Dec 8,15,22,29 Jan 3 |

ဖုန်း- 01 504808, 523187, 095187045
ဖုန်း - 09 4444 77129, 09 9644 66290



**ဇည်းစိမ်ပင်** 09-444450446, 09-444450658, 09-250144709

အမျိုးသားနေ့ အားလပ်ရက် အထူးခရီးစဉ်များ

55000, 70000, 45000, 55000, 65000, 100000, 35000
10000, 12000, Free
Nov 10,17,24



**NEW GENERATION**

Ngapali Beach Tour Package



**NAY LIN AUNG**
FINANCE & ACCOUNTANCY ACADEMY

APPROVED LEARNING PARTNER

# ACCA (UK)
## PART I,II,III, DIP IFR

January 2018 Intake

Registration Fees Scholarship များလည်းလျော့ပေးထားနိုင်ပါသည်။

(Giordano)

ENROL NOW

Nay Lin Aung Finance & Accountancy Academy



# Columbus Vocational Education Centre (CVEC)
# Introductory course to Inbound Tour operations in Myanmar

Tour Company များတွင် ဝန်ထမ်းလို အလုပ်ချက်ချင်းဝင် ခြင်မှာနေတယ်ဆိုတာကို သင်သိပြီးပြီလား?

Tour Company များတွင် ဝင်ရောက်လုပ်ကိုင်လိုသူ ... Basic knowledge of Tourism Industry ... Tour destination များ attraction များ Facility များ ... operation ... Basic knowledge ...
- Hotel Inspection

သင်တန်းဖွင့်မည့်နေ့ - ၉ - ၁၂ - ၂၀၁၇
သင်တန်းအချိန် - စနေ (၁:၀၀ မှ ၅:၀၀) ၊ တနင်္ဂနွေ (၈:၀၀ မှ ၁၂:၀၀)
သင်တန်းကာလ - ၆ ပတ်

တက်ရောက်သင့်သူများ
- Tour Company တည်ထောင်လိုသူများ
- Tour Company တွင် အလုပ်ဝင်လိုသူများ
- Tour Guide လုပ်လိုသူများ
- Hotel တွင် အလုပ်ဝင်လိုသူများ
- နိုင်ငံခြား Company ကြီးများ၊ NGO များ၏ - Travel Section များတွင် ဝင်လုပ်လိုသူများ

01-2315868 , 09250293831
Facebook – cvecgroup@gmail.com
No(65) ပါးဇာန်းလမ်း၊ လမ်းမတော်၊







ချင်းပြည်နယ် ဖလမ်းမြို့၌ တည်ဆောက်လျက်ရှိသည့် ဆူရ်ဘုန်လေဆိပ်စီမံကိန်းအား တွေ့ရစဉ်။

# ချင်းပြည်နယ်၏ တံခါးပေါက်တစ်ခုဖြစ်လာမည့် ဖလမ်းဆူရ်ဘုန်လေဆိပ်အား ငါးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်

**ဖလမ်း နိုဝင်ဘာ ၈**

ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်း ဖလမ်းဆူရ်ဘုန်လေဆိပ်ကို ဖလမ်းမြို့မှ ရှစ်မိုင်ကျော်အကွာ ရိခေါဒါရ်မြို့သွားရာလမ်း ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၅၉၀၀ ရှိသော ဆူရ်ဘုန်တောင်တန်းကြီးပေါ်တွင် ငါးနှစ်စီမံကိန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ အရှိန်အဟုန်ဖြင့် စတင်တည်ဆောက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

## ငြိမ်းချမ်းရေးဂီတပွဲတော် Level-3 ပွဲစဉ်(၂) ပြိုင်ပွဲအား အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေး သီချင်းဆိုပြိုင်ပွဲကို Level-1 ပဏာမအသံ စစ်ဆေးခြင်းကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး ၁၁ မြို့၌ ကျင်းပခဲ့ပြီး Level-2 ပြိုင်ပွဲများအား မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် ကျင်းပခဲ့သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-3 ပြိုင်ပွဲများကို နေပြည်တော်နှင့် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ပွဲစဉ်(၂) ပြိုင်ပွဲအား နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလေးကျွန်းဆွယ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**

# ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာအသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၈**

ထိုင်းဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် M-150 Cup ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၂၃ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထိုင်းဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင်ကျင်းပမည့် အာရှ ယူ-၂၃ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယင်းပြိုင်ပွဲကျင်းပခြင်းဖြစ်ပြီး အသက်(၂၃) နှစ်အောက်အသင်းများဖြင့် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် အိမ်ရှင် ထိုင်း၊ ဂျပန်၊ မြောက်ကိုရီးယား၊ အုပ်စု(ခ)တွင် မြန်မာ၊ ဗီယက်နမ်၊ ဥဇဘက်ကစ္စတန်အသင်းတို့ ပါဝင်နေသည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲတက်ရောက်ကစားခွင့်ရမည်ဖြစ်ပြီး ဒုတိယနေရာရအသင်းများမှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို ဘူရီရမ်မြို့ရှိ I-Mobile ကွင်း၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၉၊ ၁၁၊ ၁၃ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ○**



ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၃ အသင်း။


